www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အမှာစာ

အနုပညာခံစားမှုအနေနဲ့ပြောရရင် စာရေးစာဖတ်တာတင် မကဘဲ ပန်းချီကားတစ်ချပ်ကို လှိုက်လှိုက်ခါခါ ကြည့်ရတာမျိုး၊ သီချင်း တစ်ပုဒ်ကို သုန်သုန်မောမော နားထောင်ရတာမျိုး ကျွန်တော့်အတွက် ချိုမြိန်ပါတယ်။ အထူးသဖြင့် အမေ့ရဲ့ ကလေးချော့သီချင်းကစလို့ ခုချိန် ရောက်နေတဲ့ သီချင်းတွေအထိပေါ့လေ။

ခု ကျွန်တော်ပြောပြမယ့် အကြောင်းအရာတွေဟာ စကား လုံးတွေတင်မကဘဲ သံစဉ်တွေပါ ရောယှက်နေလို့ မိတ်ဆက်ရတာပါ။ ဂီတနဲ့ပတ်သက်ရင် ကျွန်တော်ဟာ ဘာကောင်မှမဟုတ်ပါဘူး။ ဒါပေမဲ့ ဂီတဆိုတဲ့ရပ်ဝန်းမှာ ကာလာတစ်ခုအကြာ ကျွန်တော်ချခင်းရပ်တည်ဖို့ ကြိုးစားဖူးခဲ့ပါတယ်။ ချိုမြိန်စွာ နာကျင်ခဲ့တဲ့ နေ့ရက်တွေပဲဆိုပါတော့။ အကျိုးအကြောင်းတိုက်ဆိုင်လို့ ကံအားလျော်စွာ အဲဒီအိပ်မက်တွေကို ထုတ်လွှင့်ခွင့်ရပါပြီ။ ကြားမြင်ရမယ့် အရာအားလုံးအတွက် အားနည်း

www.burmeseclassic.com

www.burmeseclassic.com

ချက်တွေရှိရင် ကျွန်တော့်ချို့ယွင်းမှုပါလို့ ပြောထားပါရစေ။ သေချာတာတစ်ခုကတော့ ကျွန်တော်ရိုးရိုးတွေးပြီး ရဲရဲရေးခဲ့တယ် ဆိုတာပါပဲ။

ဒီအကြောင်းအရာတွေကို ချပြဧည့်ခံဖို့အတွက် ဆရာသည်မော်နိုင်ဘာသာပြန်ရေးထားတဲ့ ကဒ်ကိုဘိန်း (Kurt Cobain) စာအုပ်ကလည်း အားတစ်ခုဖြစ်စေခဲ့တယ်ဆိုတာကို ဝန်ခံပါတယ်။ ကဒ်ကို ဘိန်းနဲ့ ထဲထဲဝင်ဝင် ထိတွေ့ခွင့်ပေးခဲ့တဲ့ ဆရာသည်မော်နိုင်ကိုလည်း ဒီနေရာက ကျေးဇူးတင်ပါတယ်။ ပြီးတော့ တစ်နေရာကနေ အားဖြည့် ကူညီပေးတဲ့ သူငယ်ချင်းဖိုးချို (မင်းနိုင်ထွန်း) နဲ့ ကြည်သူ (နဂျီ) တို့ကို လည်း ကျေးဇူးအထူး။ ကျန်တဲ့ ကျေးဇူးတင်ထိုက်သူတွေနဲ့ ကျွန်တော်ကိုယ်တိုင်ကိုလည်း ကျေးဇူး။

ခေတ်တစ်ခေတ်ရဲ့ဂီတကို ဦးညွှတ်လိုက်ပါတယ်။

လေးစားစွာ

လတ်တေဇအောင်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ခံစားနေတာကို ဖော်ထုတ်ရတာနဲ့ ရိုးသားမှု တွေကို နှစ်သက်ပါတယ်။ ဒါပေမယ့် ပျော်ရွှင်ရတာ၊ ရိုင်းပြရတာကိုလည်း ကြိုက်ပါတယ်။

ကာ့ဒ်ကိုဘိန်း (Kurt Cobain)
1967 – 1994

www.burmeseclassic.com

www.burmeseclassic.com

(က)

အဆောက်အဦးကြီး၏ပြင်ပသို့ ရောက်သည့်တိုင်အောင် စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသည်ဟု မခံစားရသေး။ တစ်ရက်၊ တစ်ရက်နှင့် ညိုစင်ခဲ့ရသော အဝါရောင်နေ့ရက်များက ကျန်ခဲ့ပြီ။ ကိုက်ခဲထုံကျဉ်ခဲ့ရသော ညဦးအလီလီကိုလည်း သင်ပုန်းချေသလို ချေခဲ့ပြီးပြီ။

သို့သော်လည်း ဝမ်းသာအားရ ကမ်းလင့်နေမည့် အသိုင်း အဝိုင်း၊ ကြိုဆိုနေမည့် လက်တစ်စုံတလေမှ မရှိသည်ကိုတော့ ဝမ်းနည်းစရာမရှိတော့ပါ။

ပထမဆုံး အသက်ဝဝရှူသွင်းလိုက်သည်။

ပြီး ခရီးဆောင်ကျောပိုးအိတ်ကိုလွယ်ရင်း လောကသစ်ဆီ ခြေဦးတည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ပျော့ညံ့သူတွေကို နေရာမပေးသော လောကမှာ သံလို၊ ခဲလို ခက်မာရလေဦးမည်။

(ခ)

အိမ်ယာမဲ့ ခလေးတွေနဲ့
ကိုယ့်ကိုကိုယ်တံဆိပ်ကပ်
ဘယ်ကမ်းစပ်ထိရောက်မလဲ
ငါ

www.burmeseclassic.com

www.burmeseclassic.com

ရှက်လှွင့်တော့မယ်
ဘယ်သောင်ဘယ်ကမ်းလှမ်းရမယ်မသိလဲ
တစ်ချိန်ချိန်မှာတော့ တိမ်တွေကိုနမ်းမယ်။

(ညိုမြင်းညီ)



www.burmeseclassic.com

www.burmeseclassic.com

(၁)

ည . . .

လင်းနွဲ့နေတဲ့ လရိပ်တစ်ချို့ဟာ ကပိုကရိုနဲ့ အေးစက်နေ တယ်။ ညရဲ့ရနံ့ဆိုတာ ဘာကိုမှမရဘူး။ ကိုယ့်စိတ်တွေဟာ ထုံကျဉ် လို့၊ ကိုက်ခဲလို့၊ သွေးစက်လက်နဲ့ သတ္တဝါတစ်ကောင်လိုပဲ လမ်းပေါ် မှာ ခရီးနှင်နေရသေးတယ်။

ဒီလိုညတွေမှာ ဘယ်သူတွေက ဘယ်ကိုဦးတည်နေကြသလဲ။ ဘယ်သူတွေက ညကို ချိုမြိန်စွာ အရည်ဖျော်နေကြပြီလဲ။ ကိုယ်မသိ ဘူး။ ကိုယ်ဖြတ်ကူးနေရတဲ့ ညကတော့ အမှောင်တွေ တအိအိယိုကျ ဖိစီးနေလေရဲ့။

ခပ်ဖျော့ဖျော့လင်းနေသေးတဲ့ အလင်းတိုင်လေးအောက်မှာ ရပ်ခိုရင်း ဝါကျင်နေတဲ့ စာရွက်လေးကို ထုတ်ကြည့်မိပြန်တယ်။ လိပ်စာ အရဆို ဒီရပ်ကွက်ပဲ။ လမ်းနာမည်ကတော့ သိပ်မပီပြင်လှဘူး။ ဒီလိုပဲ မေးရတော့မှာပေ့ါ။ ပင့်သက်ကိုရှိုက်ရင်း အမောဖြေနေမိတယ်။

ကိုယ့်လိုကောင်အတွက် ခေါင်းထက်က အလင်းစက်ကတောင် မျက်နှာသာမပေးချင်ဘူး။ ဖြုတ်ခနဲ အလင်းကို သိမ်းရုတ်သွားတော့ တယ်။ ရပါတယ်။ ကိုယ်က ဒီထက်မှောင်ခဲ့ပြီးပြီပဲ။ ဒီထက်မှောင်စရာ အမှောင်ပဲရှိတော့တယ်။ ဒါနဲ့ ခရီးဆက်ဦးမှပဲလို့ တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ စက်ဘီးခေါင်းလောင်းတီးသံသဲ့သဲ့ ကြားလိုက် ရပြီး မျက်နှာပေါ်ကို အလင်းတန်းတွေ ထိုးကျလာတယ်။ လူသံကြား လို့ မေးစမ်းဖို့လုပ်ထားတဲ့ ကိုယ်တောင် ကြောင်အမ်းသွားရတယ်။

ပြီး စကားသံက မာမာပြတ်ပြတ်ထွက်လာတယ်။

"ဟေ့ . . . ဘယ်သူလဲကွ"

နာမည်ပြောလို့ သိမှာတဲ့လား။ ဒါနဲ့ပဲ ရိုးရိုးလေး ပြန်ဖြေ လိုက်တယ်။

"ကျွန်တော်ခရီးသွားပါ"

"ဟ . . . ဘယ်အချိန်ရှိပြီလဲကွ၊ ဒါမှောင်ရိပ်ခိုတာပဲ"

သူတို့စကားကို ဘာပြန်ပြောရမှန်း မသိဘူး။ ကိုယ့်မှာ နာရီ မှမရှိတာ။ ပြီးတော့ ဒီဓါတ်တိုင်က ခုနက လင်းနေသေးတာပဲ။ ခု မီးပြတ်သွားတော့ မှောင်ရိပ်ခိုတယ်လို့ ဖြစ်ရပြန်ပြီ။ တကယ်တော့ အလင်းခိုနေတာပါ။ ကွိုင်တက်ချင်ရင် ဒီလိုပါပဲ။ ရယ်ချင်စိတ်ကိုမြိုချ ရင်း ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။

"ကျွန်တော် ဒီရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို လိုက်ရှာနေတာပါ၊ ခုနက ဒီလမ်းမီးတိုင်မှာ မီးလင်းနေသေးလို့ ရပ်ပြီး လိပ်စာကို ထုတ်ကြည့်နေတာ . . ."

ထိုးထားတဲ့ ဓါတ်မီးအလင်းထဲကို လိပ်စာ,စာရွက်လေး ထုတ် ပြလိုက်တယ်။ တစ်ယောက်က ရှေ့ကို မရဲတရဲတိုးလာပြီး စာရွက်ကို လှမ်းယူကြည့်တယ်။

နောက်တစ်ယောက်ကလည်း ကိုယ့်ကို အစုန်အဆန်ကြည့် ရင်း . . .

"ဒီအချိန်ကြီးမှကွာ၊ မင်းပုံစံကိုလည်း ကြည့်ဦး"

www.burmeseclassic.com

www.burmeseclassic.com

အရောင်လွင့်နေတဲ့ ဂျင်းဘောင်းဘီနဲ့ ဖလန်နယ်အကျီနွမ်းနွမ်းကိုဝတ်ထားတဲ့ ကိုယ့်ကို မသကာဖြစ်သွားပုံပေါ်တယ်။ ကျောပိုးအိတ်တစ်လုံးကိုလည်း လွယ်ထားသေးတာကိုး။ လောလောဆယ်တော့ ကိုယ့်မှာ ဒါတွေက အကောင်းဆုံးအဝတ်အစားပဲလေ။

"အင်း ..မင်းလိပ်စာက ဆယ့်သုံးလမ်းလိုလို ဆယ့်ရှစ်လမ်း လိုလို ဖြစ်နေတယ်၊ ရပ်ကွက်ကတော့ ငါတို့ရပ်ကွက်ထဲမှာပဲ၊ ခု ဒီဘေးလမ်းသွယ်က ခြောက်လမ်းပဲ၊ ဒီလမ်းအတိုင်း ရေတွက်ပြီးကြည့်သွားလိုက်"

ပြောရင်း လိပ်စာ,စာရွက်လေး ပြန်ထိုးပေးလာတယ်။

"ကျေးဇူးပါပဲ"

ကိုယ့်စကားဆုံးတာနဲ့ သူတို့ပြန်ထွက်သွားကြတယ်။ ဒါတောင်တစ်ယောက်က စက်ဘီးပေါ်က လှမ်းပြောသွားသေးရဲ့။

"ဟေ့ ..ရောက်အောင်သွားနော်၊ ခဏနေရင် နောက်တစ်ဖွဲ့ကင်းလှည့်လာဦးမယ်"

ဘာမှပြန်မပြောဖြစ်လိုက်ဘူး။ ကိုယ့်စိတ်ကိုယ်ပဲ အားပြန်တင်းလိုက်တယ်။ လျှောက်ဦး ...။

* * * *

လရောင်တွေအားကိုးနဲ့ ရှေ့ဆက်တိုးလိုက်တယ်။ နှစ်လမ်းကျော်လောက်အရောက်မှာ ဓါတ်တိုင်တွေက မီးပြန်လင်းလာတယ်။

www.burmeseclassic.com

www.burmeseclassic.com

တော်သေးတာပေါ့။ စိတ်ထဲမှာ နည်းနည်းကျေနပ်သလို ဖြစ်သွားတာ အမှန်ပဲ။

ဘေးက လမ်းသွယ်လေးတွေကို ရေတွက်ရင်း ခပ်သွက်သွက် လှမ်းလိုက်တယ်။ ကိုယ်ကလွဲပြီး ဘယ်သူမှရှိမနေတဲ့ လမ်းမပေါ်ကို မျက်နှာချင်းဆိုင်က ကားတစ်စီးမောင်းဝင်လာပြန်တယ်။ ဒီအချိန်ဆိုမှ တော့ ဒီရပ်ကွက်က တစ်ယောက်ယောက်ပဲဖြစ်မှာပါ။ ကိုယ်တွေးနေ တုန်းမှာပဲ လမ်းမပေါ်မှာ ကားက ထိုးရပ်သွားတယ်။ ကားနဲ့ ကိုယ်က ဓါတ်တိုင်တစ်တိုင်စာလောက် ကွာဦးမယ်ထင်ရဲ့။

အဲဒီအချိန်မှာပဲ ကားလေးအနားကို လူရိပ်နှစ်ရိပ်က ပြေးကပ် သွားလေရဲ့။ ကားတံခါးကို ဆွဲဖွင့်သံတွေနဲ့ ရုန်းရင်းဆန်ခတ်လှုပ်ရှား သံတွေကို ကြားလိုက်ရတယ်။ ထိုးကြိတ်သံတွေနဲ့ ဗလုံးဗထွေးအော်ဟစ် သံတွေကလည်း တဆက်တည်းပဲ။

ခေါင်းထဲမှာ တစ်စုံတစ်ခုကို အလိုလိုသိလိုက်ပြီး ကိုယ်ပြေး သွားလိုက်တယ်။ ဒါ ပုံမှန်အခြေအနေတစ်ခု မဟုတ်နိုင်ဘူး။ ကိုယ် ကားနားအရောက်မှာတော့ လဲပြိုကျသံနဲ့အတူ ပြေးထွက်သွားတဲ့ လူနှစ် ယောက်ကိုကြည့်ပြီး . . .

"ဟေ့လူတွေ ရပ်လိုက်၊ ဟာ . . . ခင်ဗျားတို့ . . ."

ကားထဲကို လှမ်းအကြည့်မှာတော့ လဲကျနေတဲ့ လူတစ်ယောက် ကြောင့် လုံးဝသေချာသွားပြီ။ ဒါ လုယက်တာပဲ။ ဘာမှမစဉ်းစားဘဲ တရှိန်ထိုးပြေးလိုက်သွားမိတယ်။ ကိုယ့်ရဲ့ကြွင်းကျန်နေသေးတဲ့ အားအင် က မတရားမှုတစ်ခုအတွက် လုံလောက်နိုင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

လုယက်သွားတဲ့ လူတွေကတော့ အသံကြောင့် တစ်ချက် လှည့်ကြည့်ပြီး ဆက်ပြေးတော့တာပဲ။ ကိုယ်လည်း ဘာမှမစဉ်းစား တော့ဘူး။ အော်ဟစ်ပြေးလိုက်ရင်း အနီးဆုံးတစ်ယောက်အနားကို ရောက်တော့ ရှိသမျှအားကိုစုစည်းပြီး နောက်က ခုန်အုပ်လိုက်တယ်။

နှစ်ယောက်သား လုံးထွေးလဲကျသွားတော့ . . .

"မင်းက ဘာကောင်လဲ၊ ကဲကွာ"

"ခွပ်!"

ကိုယ့်မေးရိုးဆီမှာ ပူခနဲပဲ။ ဒါပေမယ့် မိထားတဲ့ အဲဒီလူအင်္ကျီ စကို မလွှတ်ဘဲ အတင်းထပ်လှဲချလိုက်တယ်။ လုံးထွေးရင်းနဲ့ ကိုယ့် မျက်နှာပေါ် လက်သီးချက်တွေက ဆက်တိုက်ဆိုသလိုပဲ။ နာကျင်ပေ မယ့်လည်း မတတ်နိုင်တော့ဘူး။ အဲဒီလူလက်ထဲက အိတ်ကိုပဲ မဲပြီး ပြန်လုရတော့တယ်။ သူကလည်း မလွှတ်ဘူး။ ကိုယ်ကလည်း ပြန်လုနဲ့။

အဲဒီအချိန်မှာပဲ တစ်ယောက်က . . .

"ဟေ့ကောင် ဇော်ကြီး၊ ဒီမှာ လာဖြုတ် လာဖြုတ်ဦး"

ပြောရင်းနဲ့ လက်သီးတွေက တစ်ချက်ပြီးတစ်ချက်။ ကိုယ်ခံ နေရတာပါ။ ဒါပေမယ့် အိတ်ကိုတော့ ကိုယ့်ရင်ခွင်ထဲ ကျစ်ကျစ်ပါ အောင် ဆုပ်ထားလိုက်တယ်။ အမိက,က အိတ်ပဲလေ။

ရှေ့ကပြေးနေတဲ့တစ်ယောက်က ပြန်လှည့်လာပြီး ကိုယ့်ကို ထပ်ထိုးပြန်တယ်။ လရောင်နဲ့ သူ့လက်မှာ မြင်လိုက်ရတာ လက်ခနဲ ပဲ။ ဟာ . . . ဓားပဲလို့တွေးရင်း ဖြတ်ခနဲ အမြန်ထပ်ရှောင်လိုက်ရတယ်။ ဒါပေမယ့် မလွတ်လိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

"အာ့!"

ကိုယ့်လက်မောင်းရင်းမှာ ပူခနဲ ဖြစ်သွားတယ်။ ကိုယ့်စိတ် မှာ နာကျင်ပြီး ဘာမှမတုန့်ပြန်နိုင်တော့ဘူး။ လဲကျပြီး လူးလိမ့်နေတဲ့ ကိုယ့်ဆီကအိတ်ကို သူတို့ပြန်ယူတော့မယ်။ ကိုယ်တကယ် မခုခံနိုင် တော့ဘူး။ ရင်ဘတ်ထဲမှာတော့ အိတ်ကိုပိုက်ထားဆဲပဲ။

"ဟော့ကောင်တွေ ရပ်စမ်း၊ ဟော့ကောင်တွေ ရပ်လိုက်"

မီးအလင်းတန်းတွေက အရင်ပြေးဝင်လာကြတယ်။ ခြေသံ တွေကလည်း တဖျတ်ဖျတ်နဲ့။ နောက်ထပ် ကင်းလှည့်လာတဲ့ လူတွေ ထင်တယ်။ လုယက်တဲ့ လူနှစ်ယောက်လည်း တောက်ခေါက်သံတွေနဲ့ ပြေးထွက်သွားကြပြီ။

ကိုယ့်လက်ထဲမှာတော့ အိတ်ကလေးက ငြိမ်သက်နေတုန်းပဲ။ သေချာပါတယ်။ ဒီပွဲမှာ ကိုယ်မရှုံးဘူး။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

"တောက်! ရပ်ကွက်ထဲမှာမှကွာ"

"တော်တော်ရဲတင်းကြတာပဲ"

"ဟုတ်ပ၊ နာမည်ကြီးနေတဲ့ အောင်အောင်ထွန်းနဲ့ ဇင်ဘိုတို့ အတွဲလား မသိဘူး"

တစ်ယောက်တစ်ပေါက်ပြောရင်း အသံတွေက ဆူညံနေကြ တယ်။ ကိုယ့်အနားကို ဝိုင်းအုံလာကြရင်း တစ်ယောက်က သတိပေး လိုက်တယ်။

"ခဏနေကြပါဦးဗျာ၊ ဟိုမှာ လဲနေတဲ့လူကို ကြည့်ကြပါဦး"

လက်မောင်းရင်းက ဒဏ်ရာကိုအုပ်ကိုင်ရင်း ထရပ်လိုက်ရ တယ်။ ဘယ်သူ့အမေးကိုမှ မဖြေနိုင်သေးဘူး။ အဲဒီအချိန်မှာပဲ စက်ဘီး ကိုယ်စီနဲ့ လူတစ်ချို့ ထပ်ရောက်လာကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ . . . ဖယ်ကြဦး . . . ဖယ်ကြဦး"

ပြောရင်း ဓါတ်မီးနဲ့ ကိုယ့်ကို ထိုးကြည့်တယ်။ ပြီး အံ့ဩဟန် နဲ့ . . .

"ဟာ . . မင်းကိုး၊ ဘယ်လိုဖြစ်တာလဲ၊ ဟင် . . လက်မှာလည်း သွေးတွေနဲ့ပါလား"

လက်ထဲက လက်ကိုင်အိတ်ကိုပြန်ပေးရင်း အဖြစ်အပျက်ကို ရှင်းပြလိုက်ရတယ်။ လူတစ်ချို့က ကိုယ်ညွှန်ပြတဲ့ကားဆီကို အမြန် ပြေးသွားကြလေရဲ့။ ခုမှပဲ သတိရလာလို့ အနီးအနားကိုဝေ့ကြည့်ရင်း-

"ဒါနဲ့ ကျွန်တော့်ကျောပိုးအိတ်လေး . . ."

မီးသတ်ရဲဘော်လေးတစ်ယောက်က ကိုယ့်အိတ်ကို ပြန်ရှာ ပေးတယ်။ ရပ်ကွက်လူကြီးဖြစ်ဟန်တူတဲ့ လူက ကိုယ့်ကိုကြည့်ပြီး . . .

"မောင်ရင်က အမှုတွေဘာတွေ ဖွင့်ချင်သေးလား"

"ရပါတယ်ဗျာ၊ ဟိုလုခံရတဲ့အိတ်လည်း ပြန်ရလိုက်တာပဲ၊ ဒဏ်ရာကလည်း ရှပ်ထိသွားတာပါ၊ နေပါစေတော့"

လူကြီးက သက်ပြင်းသဲ့သဲ့ချတယ်။ ကိုယ်လည်း ကိစ္စပြီးပြီ ဆိုတော့ ခရီးဆက်ဖို့ ပြန်ရပြီပေါ့။

"နေပါဦး၊ မောင်ရင်ရဲ့ နေပါဦး"

လှမ်းတားသံနဲ့အတူ ခပ်သန့်သန့်လူကြီးတစ်ယောက်ကို တွေ့ လိုက်ရတယ်။ နည်းနည်းမူးဝေနေတဲ့ ပုံစံနဲ့ လူတစ်ယောက်ကိုတွဲကူပြီး လျှောက်လာလေရဲ့။ ခုန ကားထဲက လူကြီးလို့ ထင်ပါတယ်။

ကိုယ့်ရှေ့ရောက်တော့ သူကပဲ . . .

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ ဦးလည်း ကားက ထိုး ရပ်သွားတော့ ဘာဖြစ်တာလဲဆိုပြီး အတွေးတောင် မဆုံးလိုက်ဘူး၊ အဲဒီနှစ်ကောင် ကားတံခါးကို ဝုန်းဆိုဆွဲဖွင့်ပြီး ထိုးကြိတ်တော့တာပဲ"

ကျွန်တော်လည်း လှမ်းမြင်လိုက်တာနဲ့ . . .

ကျေးဇူးလာတင်ရင် မနေတတ်တဲ့ ကိုယ့်အကျင့်ကြောင့် ခပ် ပါးပါးပဲ ပြန်တုန့်ပြန်မိတယ်။ အဲဒီလူကြီးကတော့ ကျေးဇူးတင်တဲ့ အကြည့်တွေ မပျောက်သေးဘူး။ ခေါင်းညိတ်ပြရင်း ထပ်ပြောတယ်။

"အင်း . . မောင်ရင်မြင်လိုက်လို့သာပေါ့၊ အိတ်ထဲမှာက ငွေ တွေထက် အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ပါတယ်လေ၊ ကံသီပေ လို့ပေါ့ကွာ"

လုပ်ငန်းရှင်တော်တော်များများက ဒီလိုပဲ စာရွက်စာတန်း တွေ တန်ဖိုးထားတတ်ကြတယ်။

ကိုယ်ပြုံးပြရင်းနဲ့ပဲ . . .

ကျွန်တော်လည်း တိုက်ဆိုင်လို့ ကူညီခွင့်ရတာပါ၊ ဦးအနေနဲ့ ဟိုနှစ်ယောက်ကို ပိုကျေးဇူးတင်သင့်တယ်"

"ဟေ . . . ဘယ်လို . . ."

"ဘာလဲကွ . . . မင်းစကားက . . ."

သေးက ရပ်ကွက်လူကြီးပါ တအံ့တသြ ဖြစ်သွားလေရဲ့။ ကိုယ့်ကိုလည်း အထူးအဆန်းလို ကြည့်နေကြပြန်တယ်။

"သြော် . . . ဒီလိုပါ၊ တစ်ကောင်မှာက ဓါးပါတယ်လေ၊ ဦး အသက်ကို ရန်ရှာမသွားတာကို ကျေးဇူးတင်သင့်တယ်လို့ ပြောချင် တာပါ၊



www.burmeseclassic.com

www.burmeseclassic.com

ဦး တစ်ခုခုဖြစ်သွားရင် ဒီစာရွက်စာတန်းတွေက ဘယ်အသုံး ဝင်တော့မှာလဲ”

“ဟာကွာ . . ကြုံကြုံဖန်ဖန်၊ အေးကွ . . မင်းပြောတော့လည်း ဟုတ်သား၊ လက်သီးနဲ့ထိုးသွားတာကိုပဲ ဒင်းတို့ကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ . . . ဟား . . . ဟား . . . ”

ပြောရင်း သူကပဲ သဘောကျပြီး ရယ်လိုက်သေးတယ်။ ရပ်ကွက်လူကြီးက ကိုယ့်ကိုကြည့်ပြီး . . .

“ကဲကဲ . . မင်းရှာနေတဲ့ လိပ်စာကို ဒီကရဲဘော်တွေ လိုက်ပို့ ပေးလိမ့်မယ်၊ ညလည်းနက်ပြီ၊ ဒါနဲ့ မင်းက ဒီအချိန်ကြီးမှ ဘယ်က ဘယ်လိုရောက်လာတာလဲ”

ကိုယ်မညာချင်ပါဘူး။ ခပ်တိုးတိုးနဲ့ လေသံမှန်မှန်ပဲ ပြန်ဖြေ လိုက်တယ်။

“ကျွန်တော် ဒီနေ့မှ ထောင်က လွတ်လာတာပါ”

အံ့ဩသွားတဲ့ မျက်နှာတွေကို ကိုယ်ကျော်ခိုင်းလိုက်တယ်။ လောလောဆယ် အနားယူချင်တာပဲ စိတ်ထဲမှာရှိပါတော့တယ်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

လဲရင်ပြန်ထ ဒါဘဝတဲ့
ငါမလဲချင်ပါဘူး
တကယ်တော့ လှဲသိပ်ခံခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com

(၃)

နေ့သစ်ရဲ့မနက်ခင်းလင်းလင်းရီရီမှာပဲ အိပ်ယာက နိုးထလာ ခဲ့တယ်။ အခန်းထဲကိုတောင် နေရောင်ခြည်က ဖြန့်ဖြာကျနေပြီ။ ကိုယ့်စိတ်ထဲမှာလည်း အခန်းလေးအတိုင်း နွေးထွေးလုံခြုံနေမိတယ်။ ညက ရခဲ့တဲ့ ဒဏ်ရာဆိက နည်းနည်းနာနေတာကလွဲရင် ကိုယ့်စိတ်ထဲမှာ အားအင်တွေ ပြည့်နေသလိုပဲ။

အခန်းထဲက အပြင်ထွက်လိုက်တော့ ကိုရဲက အပြုံးနဲ့ကြည့် ရင်း လှမ်းပြောတယ်။

"ညီလေး နိုးပြီလားကွ၊ ဟိုမှာ မင်းအတွက် လိုအပ်တာတွေ ဝယ်ထားတယ်"

သူမေးဆတ်ပြတဲ့ နေရာကိုကြည့်လိုက်တော့ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်တဲ့ ပစ္စည်းလေးတွေနဲ့ မျက်နှာသုတ်ပုဝါတစ်ထည်ကိုပါ တွေ့လိုက်ရတယ်။ စောစောစီးစီး အားနာသွားလို့ ကိုယ်က . . .

"ဟာ . . . ကိုရဲကလည်း ကျွန်တော်နိုးမှ သွားဝယ်မှာပေါ့၊ အားနာစရာ . . ."

"အားနာစရာ၊ ဟုတ်လားကွ . . ဟား . . ဟား၊ မင်းညီရာ မင်းစကားက ဆန်းနေတာပါကွ . . . ဟား . . . ဟား"

www.burmeseclassic.com

www.burmeseclassic.com

အရယ်တဝက်နဲ့ပြောတော့ ကိုယ်လည်း ခပ်ဟဟလိုက်ရယ် မိတယ်။ ဟုတ်သားပဲ။ သူနဲ့ကိုယ့်ကြားမှာ အားနာစရာဆိုတာ ဒီပုံစံ မျိုးမဟုတ်ဘူး။ ညီအကိုအရင်းတွေလို နေထိုင်ခဲ့ကြတာလေ။

ကိုယ့်အတွေးနဲ့ ကိုယ်ပြုံးရင်း . . .

"ကျွန်တော်လည်း ခုနောက်ပိုင်း အားနာတတ်နေပြီဗျ၊ ကဲဗျာ . . . ကိုရဲရဲ့အဝတ်တစ်စုံလောက် ပေးပါဦး"

"ဟ . . လုပ်လိုက်ပြန်ပြီ၊ ငါ ဒီဘက်ကိုပြောင်းမလာခင် မင်းတို့အနားမှာနေတုန်းက မင်းအဝတ်အစားတွေ ငါ့ဆီမှာ ကျန်ခဲ့တယ် လေ၊ မင်းပဲ ဟိုမရောက်ခင် ငါ့အိမ်မှာနေခဲ့ပြီးတော့ . . . "

ကိုယ် ခေါင်းပဲကုတ်မိတော့သည်။ ပြောရင်းနဲ့ သူကပဲ အဝတ်အစားအိတ်ကို သွားယူပေးပါတယ်။ အိတ်ထဲမှာ တန်ဖိုးမနည်းတဲ့ အဝတ်အစားတွေ တော်တော်များများ ရှိနေပေမယ့် ဂျင်းဘောင်းဘီနွမ်းနွမ်းတစ်ထည်နဲ့ တီရှပ်တစ်ထည်ကို ထုတ်ယူလိုက်တော့ ကိုရဲက လှမ်းကြည့်တယ်။

"ကောင်းကောင်းဝတ်ပါကွ၊ အသားနည်းနည်း ညိုသွားတာ ကလွဲရင် မင်းရုပ်က ထွက်ပါသေးတယ်"

အားမလိုအားမရပြောလာတဲ့ သူ့ကို ခေါင်းခါပြမိတယ်။

"တော်ပါပြီဗျာ၊ ဒါတွေလည်း မမက်တော့ပါဘူး၊ အခြေအနေ နဲ့ အချိန်အခါအရပေါ့"

"ဘာလဲ . . . ငါ့အိမ်ကစုတ်လို့ အိမ်နဲ့လိုက်ဖက်အောင် ဝတ် တာလားကွ"

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကို လှမ်းစနေတာပါ။ သိရက်နဲ့ ကိုယ်အနေခက်ရပြန် တယ်။ ပြာပြာသလဲပဲ ဖြေရှင်းရပြန်တယ်။

"ဟာ . . . ဒီလိုမဟုတ်ပါဘူးဗျာ၊ ဒီအချိန် ကိုရဲတတ်နိုင်လို့ ကျွန်တော့်ကို ဟိုတယ်မှာထားပေးတောင် ကျွန်တော်ဒီနေရာနဲ့ မလဲနိုင်ဘူးဗျ၊ တကယ်ပြောတာ"

"ဘာဖြစ်လို့ . . ."

မျက်ခုံးပင့်ပြီး ပြန်မေးနေလို့ ကိုယ်က အိမ်ထဲကိုဝေ့ကြည့်ပြီး-

"ကြည့်လေဗျာ၊ ဟိုက စာအုပ်တွေ၊ နံရံက ပန်းချီကားတွေနဲ့ ဟိုးအခန်းထောင့်က ဂစ်တာတစ်လက်ထက် ကျွန်တော့်ကို ဘာကဖမ်းစားနိုင်မှာလဲ"

"ဟား . . ဟား . . . ကြိုက်ပြီကွာ . . . ကြိုက်ပြီ၊ ငါက မင်းအသွေးအသားထဲမှာ ဒါတွေမှရှိသေးရဲ့လားလို့"

သူ့စကားကြောင့် ကိုယ့်ရင်ထဲကသွေးတွေ ဆူပွက်ခုံးမောက်လာလေရဲ့။ ဟုတ်တယ် . . . ကိုယ့်အိပ်မက်တွေဟာ ခုထိအပြီးမသတ်ရသေးဘူး။ လှိုက်မောစွာနဲ့ပဲ လေးလေးနက်နက် ပြောလိုက်တယ်။

"ဘာလို့မရှိရမှာလဲ ကိုရဲရာ၊ ဒါတွေဟာ ကျွန်တော်နဲ့မင်းမင်း ရဲ့ အဆုံးမသတ်ရသေးတဲ့ အိပ်မက်တွေ . . ."

ပြောရင်းနဲ့ ကိုယ့်ရင်တွေ တစ်ဆို့တင်းကျပ်လာပြန်တယ်။ စကားကို မဆက်နိုင်တော့ဘူး။ ကိုရဲက အားနာသွားလို့နဲ့တူပါတယ်။ လေသံဖျော့ဖျော့လေးနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဆောရီးကွာ၊ ငါက မင်းရင်ထဲမှာ နာကျည်းမုန်းတီးမှုတွေပဲ ကြီးစိုးနေပြီလားလို့ပါ"

ကိုယ့် အိမ်အပြင်ဘက်ကိုပဲ ငေးရီနေမိတယ်။ အသာမာတက် နေပြီဖြစ်တဲ့ သက်ပြင်းကို ထပ်ချရင်း . . .

"ဒါတွေ ထားလိုက်ပါတော့ ကိုရဲရာ၊ မမေ့နိုင်သေးပေမယ့် အတိတ်ဆိုတာကို ကျွန်တော်မေ့ချင်နေပြီ၊ ခုထပ်လျှောက်ရမယ့် လမ်းလည်း ရွေးပြီးပြီပဲ၊ သတိရတာတွေနဲ့အတူ ဥပေက္ခာတရားပဲ ထားလိုက်တော့မယ်"

အိမ်ကလေးထဲမှာ တိတ်ဆိတ်သွားကြတယ်။ ဝေခွဲမရတဲ့ ကိုရဲမျက်ဝန်းတွေက အထင်းသား။ အရင်တုန်းကလို အရာရာကို သွေးဆူလွယ်လွန်းတဲ့ ကိုယ့်ရဲ့ခုချိန်ပြောင်းလဲမှုကို အံ့ဩရီဝေနေပုံပဲ။ ပြီးမှ တစ်ချက်စဉ်းစားလိုက်ပြီး . . .

"အေး . . . အဲဒါတွေက အချိန်ရယ် နေရာရယ် ဘဝအကွေ့အချိုးတွေက မင်းကို ပြောင်းလဲပေးလိုက်တာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းဆီ က ခုလိုကြားရတာ ငါဝမ်းသာပါတယ်၊ ဒါနဲ့ မင်းအိမ်က သတင်းတစ်ချို့ ကိုကော သိချင်သေးလား"

ခေါင်းကိုခပ်ဖြည်းဖြည်းပဲ ခါပြလိုက်မိတယ်။ တကယ်ပဲ ကိုယ် မသိချင်တော့ပါဘူး။ ကိုယ့်စိတ်တွေကို အတိတ်ဆီ လှည့်ခွင့်မပေးချင်တော့ဘူး။ ကိုယ့်ကံကြမ္မာကို ကိုယ်ပဲ ဖန်တီးတော့မယ်။

"ကျွန်တော် လုပ်ချင်တာတွေ လုပ်သင့်တာတွေနဲ့ပဲ ပျော်အောင်နေတော့မယ် ကိုရဲရာ"

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲက ပြုံးရင်း ခေါင်းအသာညိတ်ပြပါတယ်။ အဲဒီအချိန်မှာ ပဲ အိမ်ရှေ့က ကိုရဲနာမည်ကို ခေါ်သံကြားလိုက်ရတော့တာပဲ။ ကိုယ့်ရင်ထဲမှာတော့ မျှော်လင့်ချက်တွေကို ဆူဝေရင်ခုန်လို့ပေါ့။

* * * *

"လာကြကွာ . . . လာကြ၊ မင်းတို့ကို မျှော်နေကြတာ၊ ဒီမှာ ဦးရည်မွန်လည်း စောင့်နေတယ်"

ရပ်ကွက်လူကြီးစကားကြောင့် မနေ့က လုယက်ခံရတဲ့လူကြီး က ဦးရည်မွန်လို့ သိလိုက်ရပါတယ်။ ဦးရည်မွန်ကလည်း ဖော်ရွေတဲ့ အပြုံးနဲ့ လှမ်းပြောတယ်။

"အေးကွာ . . . ထိုင်ကြ၊ ဒါနဲ့ မောင်ရင့်နာမည်က . . . "

"ညိုမင်းညီပါ ဦး၊ မင်းညီလို့ခေါ်လည်း ရပါတယ်"

ကိုယ်တုန့်ပြန်လိုက်တော့ ဦးရည်မွန်က အသေအချာကြည့် ပြီး . . .

"မောင်ရင်က ဒီလိုဆိုတော့လည်း ညကပုံစံနဲ့ တစ်ခြားစီပါ လားကွ၊ အေးကွာ . . မင်းကိုကျေးဇူးတင်စကားပြောရင်း ဒီမှာပဲ လက်ဖက်ရည်ဝိုင်းလေး စီစဉ်လိုက်ရတာ၊ သောက်ကွာ မောင်မင်းညီ"

ကိုယ့်မှာ အနေခက်ရပြန်တယ်။ ဒီလို တကူးတကကြီးဆိုတော့ မျက်နှာတောင် မထားတတ်တော့ဘူးလေ။

ရပ်ကွက်လူကြီးကလည်း . . .

"တို့တွေကလည်း ညကကိစ္စကို ထပ်မေးချင်တာလေး ပါ့,ပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . ဟုတ်ကဲ့၊ ဒီအတိုင်းခေါ်မေးလည်း ရပါတယ်ဗျ၊ ခုလိုလုပ်ပြီးဆိုတော့ . . . "

"ဒါက ဦးစီစဉ်ထားတာပါကွာ၊ ဒါနဲ့ မောင်မင်းညီ အလုပ် အကိုင်က . . . အိုး . . . ဆောရီး . . . ဆောရီး"

မနေ့ညက ကိုယ်ပြောခဲ့တဲ့စကားကို သတိရသွားလို့နဲ့ တူပါ တယ်။ အားနာသလို ပြန်ပြောနေလေရဲ့။

ကိုယ်ကတော့ ခပ်အေးအေးပါပဲ။

"ရပါတယ် ဦး၊ အလုပ်က ကျွန်တော်တစ်ခုခုလုပ်ဖို့ စီစဉ် ထားပါတယ်"

"အေးလေ . . . မောင်မင်းညီ အဆင်ပြေရင်လည်း ပြီးတာပဲ၊ လိုအပ်တာရှိရင်လည်း ပြောပေါ့၊ ရော့ဒီမှာ ဦးရဲ့လိပ်စာကဒ်"

"ဟုတ်ကဲ့ . . . "

အားနာလို့ လှမ်းယူထားလိုက်ရတယ်။ ဦးရည်မွန်က တော် တော်ချမ်းသာပုံရပါတယ်။ အခွင့်အရေးယူပြီး အကူအညီတောင်းဖို့ တော့ ကိုယ့်ခေါင်းထဲမှာကို မရှိဘူး။

ရပ်ကွက်လူကြီးဘေးနားမှ တစ်ယောက်က ဝင်ပြီး . . .

"ဒါနဲ့ မင်းက ဘယ်လိုလုပ် ထောင် . . . အဲ . . . အထဲကို ရောက်သွားတာလဲ"

ထောင်ကျလို့ ထောင်ထဲရောက်သွားတာပေါ့။ ဒီမေးခွန်းကို ကိုယ်မဖြေချင်ဘူး။ ဒီနေရာမှာ ဖြေစရာအကြောင်းလည်း မရှိဘူးလို့ ထင်တယ်။ ဒါ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာတွေပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်မျက်နှာနည်းနည်းပျက်သွားလို့ ငြိမ်နေတဲ့ ကိုရဲက . . .

"ဒါကတော့ သူ့ကိုယ်ရေးကိုယ်တာကိစ္စမို့ နားလည်ပေးစေချင်ပါတယ်၊ ဒါပေမယ့် မင်းညီက ရာဇဝတ်သားမဟုတ်သလို သက်ာမကင်းနဲ့ စောင့်ကြည့်နေရမယ့် လူမျိုးမဟုတ်တာကိုတော့ ကျွန်တော် အာမခံပါတယ်"

ကိုရဲအပြောကြောင့် နည်းနည်းဖြုံသွားကြတယ်။ မဆိုင်တာ ကိုလျှာရှည်မိတာကိုး။ ဒါတောင် ဒင်းက လာသေးတယ်။

"အင်းလေ၊ ဒါက မဖြေလည်း ရပါတယ်၊ ခု သူက တို့ရပ်ကွက် ထဲမှာ နေတာဆိုတော့ . . ."

"ကျွန်တော် လုံးဝတာဝန်ယူပါတယ် ဦးလေး"

ကိုရဲအသံက နည်းနည်းမာလာတယ်။ ကိုယ်လည်း ဘာဝင် ပြောရမှန်း မသိဘူး။ ဦးရည်မွန်က ကိုယ့်ကိုအားနာသလိုကြည့်ရင်း ဝင်ထိန်းတဲ့သဘောနဲ့ . . .

"ဟုတ်သားပဲ ကိုဝင်းကျော်ရာ၊ ဒီက မောင်ရဲရဲ့အနေအထိုင် ကိုလည်း ခင်ဗျားသိသားပဲ၊ ပြီးတော့ မောင်မင်းညီက ဒီလိုလူစားမျိုး မဖြစ်နိုင်ပါဘူးလေ၊ ကျွန်တော့်အတွေ့အကြုံနဲ့ ခန့်မှန်းတတ်ပါတယ်"

ဟိုလူလည်း ခုမှ ငြိမ်ကျသွားလေရဲ့။ ဦးရည်မွန်က ရပ်ကွက် ထဲမှာ တော်တော်သြဇာရှိပုံရပါတယ်။ ဒါနဲ့ ညကအဖြစ်အပျက်တွေ ကိုပဲ ပြန်မေးတော့တယ်။ ကိုယ်လည်း မှတ်မိသလောက် ဖြေပေးလိုက် တာပဲ။ ဦးရည်မွန်က ဆေးဖိုးဆိုပြီး ပေးတဲ့ငွေအချို့ကိုတော့ လက်မခံ ဖြစ်ဘူး။

အပြန်လမ်းရောက်တော့ ကိုရဲက ခပ်တိုးတိုးပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းညီ . . . ဦးရည်မွန်က တရားသူကြီးကွ၊ သိလား"

"ဩော် . . ."

အဲဒါကြောင့် သူဝင်ပြောတာဖြစ်မှာပေါ့။ ဘယ်သူတွေ ဘယ်လိုထင်ထင် ကိုယ်မတုန်လှုပ်တော့ပါဘူးလေ။ ကိုယ်ရှေ့ဆက်ဖို့ လုံလောက်တဲ့ အရှိုးတွေ ရင့်နေခဲ့ပြီပဲ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၃-ခ)

ညဘက်ရောက်တော့ ကိုယ်နဲ့ ခြောက်နှစ်ကျော်ကင်းကွာခဲ့ရ တဲ့ ဂီတအကြောင်းတွေ ပြောဖြစ်ကြတယ်။ ဟိုးအရင်တုန်းဆီက Queen အဖွဲ့ကစပြီး Kiss ၊ GN'R ၊ Aerosmith ၊ Bon Jovi အစချီလို့ တဖြေးဖြေးပြောင်းလဲလာတဲ့ Rock ဂီတအကြောင်းတွေပေါ့။

ကိုယ်သိပ်ကြိုက်တဲ့ NIRVANA ၊ COLD PLAY၊ Marilyn Manson ၊ OASIS တို့အကြောင်းတွေလည်း ပါတယ်။ ခုကြိုက် နေတဲ့ အဖွဲ့တင်မဟုတ်ဘူး။ Green day ၊ Blink 182 ၊ Sum 41 စတာတွေရော။ ဒီဘက်ခေတ်မှာ အဖွဲ့တွေဖွဲ့ပြီး Rock တွေ Pop တွေတင်မကဘဲ Hip Hop တွေပါမကျန် ကိုယ်တို့ဆီမှာ ထွန်းကားနေပြီတဲ့လေ။

ခြောက်နှစ်ကျော်ကင်းကွာခဲ့တဲ့ ဂီတလောကဟာ ကိုယ့်ကို ဖျားစေတယ်။ ပြီးတော့ တကယ်လည်း အားတက်လာမိပါတယ်။ ကိုရဲက သူဖက်တွယ်ထားတဲ့ ပန်းချီအနုပညာအပြင် ဂီတနဲ့လည်း မစိမ်းသူပါ။ ကိုယ်တို့ မမောမပန်းပြောရင်း အမှောင်က တဖြေးဖြေးစူးလာလေရဲ့။

အတော်ကြာပြောဖြစ်ပြီး ကိုယ်စိငြိမ်သက်နေမိကြတယ်။ တိမ် ခက်တွေရဲ့ကြားက လရိပ်ဟာ ပတ်ဝန်းကျင်ကို ဖွဖွလေးထိုးကျနေပြန် တယ်။ အမှောင်ထဲက လေစီးထဲမှာ ညမွှေးပန်းရဲ့ရနံ့ကလည်း စူးရှ ထုံရီလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဘယ်လိုမှ မနေနိုင်တော့ဘူး။ ကိုယ့်ရဲ့စိတ်ဝိညာဉ်ဟာ တစ်ခုခုကို ဆာလောင်နေပြီ။ ကိုယ့်လက်ချောင်းတွေဟာ မြွေဟောက် လို ပါးပြင်ထောင်လာကြတယ်။ သင်းကွဲတစ်ကောင်ရဲ့ ရင်ထဲက အစိမ်း တေးသွားကို နဂါးမျက်စောင်းနဲ့တောင် မပိတ်ဆို့နိုင်တော့တာ အသေ အချာပါပဲ။

ကိုယ်တစ်ခုပဲ သိတော့တယ်။ အခန်းထောင့်က ဂစ်တာဟာ မာန်ဟုန်ပြင်းပြင်းနဲ့ ကိုယ့်အထိအတွေ့ကို စောင့်မျှော်နေသလိုမျိုး။ ကိုယ့်ခြေထောက်တွေဟာ ကိုယ့်ရဲ့အဖော်အစစ်ဆီ သွားနေတော့တယ်။ ဒီအချိန်မှာ ကိုယ်အလိုအပ်ဆုံးအရာက တေးသွားတစ်ခက်ပဲ။

ကိုရဲအနားက ထထွက်သွားတယ်။ ကိုယ့်လက်နဲ့ ဂစ်တာကြိုး တွေဟာ နဂါးငွေ့နဲ့မီးစွယ်လို ရောထွေးကျွမ်းဝေနေကြပြီ။

မင်းမင်းရေ။ ငါမေ့ချင်တယ်ကွာ။

စိတ်ဝိညာဉ်တွေဟာ တစ်ခုတည်းသောလှိုင်းမှာ ရောကပ်ပြီး ကိုယ်ဘာမှမသိတော့ဘူး။ ဂစ်တာလေးကတော့ ကိုယ့်အလိုကျ သံစဉ် တွေကို အန်ချပြနေလို့ပေါ့။

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ကိုရဲ . . . ကိုရဲ အထဲမှာလားဗျ"

ခေါ်သံနဲ့အတူ ကိုယ့်အရွယ်လူငယ်တစ်ယောက် အိမ်ထဲဝင်ချလာတယ်။ ကိုရဲက အိမ်နောက်ဘက်ကိုရောက်နေတော့ ကိုယ့်ကိုပဲ လှမ်းမြင်သွားတာပေါ့။ အသံပြဲကြီးနဲ့အော်လာလို့ အားတုံ့အားနာနဲ့ ကိုယ့်ကိုရယ်ပြရင်း ပြောလေရဲ့။

"ဟာ . . . ညီ့သည်ရောက်နေတာကိုး"

ကိုရဲက အိမ်နောက်ဘက်က ထွက်လာရင်း လှမ်းပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ညော့်သည်မဟုတ်ပါဘူးကွ၊ သူက ငါပြောပြောနေတဲ့ မင်းညီဆိုတာလေ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကိုရဲပြောနေလို့ နာမည် တော့ ရင်းနှီးနေတာကြာပါပြီ"

ဖက်လှဲတကင်းပဲ ကိုယ့်ကိုနှုတ်ဆက်လာတယ်။ သူ့ပုံစံက ပျော်ပျော်နေတတ်တဲ့ ပုံစံမျိုးပါ။ ကိုယ်လည်း ပြန်ပြုံးပြနှုတ်ဆက်လိုက်တယ်။ ကိုရဲက . . .

"မင်းညီ . . . ဒီကောင်က သံချောင်းတဲ့၊ အရင်တုန်းကတော့ ဆောက်လုပ်ရေးက လမ်းတံတားဌာနမှာ လုပ်တာလေ"

နာမည်နဲ့အလုပ်ကတော့ ကွက်တိပဲလို့ ရယ်ချင်စိတ်နဲ့တွေး မိတယ်။ လမ်းတံတားလုပ်ငန်းတွေမှာ သံချောင်းဆိုတာက အရေးကြီး တဲ့ ပစ္စည်းတစ်မျိုးလေ။ ကိုရဲက ဆက်ပြောသေးတယ်။

"ခုတော့ကွာ ကိုယ်ပိုင်အလုပ်ပဲ လုပ်မယ်ဆိုပြီး ပန်းချီဆွဲနေ လေရဲ့၊ အနုပညာမာနပေါ့ကွာ"

"ဟာဗျာ၊ ကိုရဲကလည်း ပြောတော့မယ်၊ အဟီး . . လူကြား ရင် ရှက်စရာကြီး"

သံချောင်းက မျက်နှာကြီးရဲပြီး ဝင်ပြောတယ်။ ကိုယ်က နား မလည်လို့ နဝေတိမ်တောင်နဲ့ . . .

"ဘာဖြစ်လို့လဲ ကိုသံချောင်းရာ၊ ပန်းချီရေးတာ ရှက်စရာမှ မဟုတ်တာကို"

"ကိုမင်းညီ မသိလို့နေဪ၊ ဒီဘဲကြီးက ကျပ်နေတာဗျ အဟီး . . . ဟီး

www.burmeseclassic.com

www.burmeseclassic.com

သံချောင်းခမျာ ခေါင်းကိုပဲ တဖြင်းဖြင်းကုတ်နေလေရဲ့။ ကိုရဲ ကလည်း ပြုံးစိစိကြီးနဲ့ဆိုတော့ . . .

"ဒါဖြင့် ပန်းချီရေးတာ မဟုတ်လို့လား"

"ဟာ . . . ဟုတ်တော့ ဟုတ်ပါတယ်၊ ကျွန်တော်ပန်းချီရေး တယ်ဆိုတာက လမ်းထိပ်က ညောင်ပင်အောက်မှာ ကားနံပါတ်တွေ၊ ဆိုင်းဘုတ်တွေ ရေးတာဗျာ . . . ဟီး . . . ဟီး"

"ဟောဗျာ . . ."

အားလုံးပဲ ရယ်မိကြတော့တယ်။ သံချောင်းရဲ့ပုံစံကြောင့် ခဏအတွင်းမှာ ကိုယ်တို့ရင်းနှီးလာတာ အမှန်ပဲ။

"အင်း . . . ဒါဆိုလည်း ကိုသံချောင်းကို အကူအညီတစ်ခု တောင်းရဦးမယ်"

"အဟဲ . . ရပါတယ်ဗျာ၊ ဘာလဲ ကားနံပါတ်ရေးပေးရမလား"

ကိုယ်က ရယ်ပြီး . . .

"ကားနံပါတ်တော့ မဟုတ်ပါဘူး၊ အိမ်ရှေ့မှာ ကပ်ထားမလို့ ပါ၊ အိမ်ရှေ့ကားပိတ်မရပ်ပါနဲ့လို့လေ"

"ဟာ . . ကိုရဲကားဝယ်လိုက်ပြီလား၊ ပန်းချီကားတွေ ဒေါ်လာ နဲ့ရောင်းရလို့ ထင်တယ်"

ကိုရဲမျက်လုံးပြူးသွားတယ်။ သူ့ပန်းချီကားတွေ ရောင်းရ တယ်ဆိုပေမယ့် ကားဝယ်နိုင်လောက်တဲ့ ပိုက်ဆံမျိုးတော့ မရဖူးသေး ဘူး။ ကိုယ့်ကိုလည်း ကိုရဲက စောင်းငန်းငန်းလှမ်းကြည့်တယ်။ ကိုယ် ပြောလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဗျာ၊ ရေးပေးရမှာက အိမ်ရှေ့မှာ ကားပိတ်မရပ်ပါနဲ့ ကားဝယ်ရန် အလားအလာရှိသည်လို့လေ"

"ဟာ . . ."

"ခွေးကောင်လေး . . . အကောင်းမှတ်လို့"

ကိုယ်တို့သုံးယောက်ထဲ တသောသော ဖြစ်နေကြတာပေါ့။ ကိုရဲက သံချောင်းကိုကြည့်ရင်း . . .

"သံချောင်း . . . ဒီကောင်ပျင်းနေရင် မင်းဆိုင်ကို ခေါ်ထားစမ်းပါကွာ၊ သူအလုပ်ရှာတုန်းမို့လို့"

"ဘာအလုပ်တုန်းဗျ"

"အလုပ်ကတော့ မရွေးပါဘူးဗျာ၊ လောလောဆယ်တော့ ကျွန်တော့်ဆီမှာ ဘာအောင်လက်မှတ်မှ မပါလာဘူး၊ ရှိတာက မှတ်ပုံတင်နဲ့ ကားလိုင်စင်ပဲ ရှိတာဆိုတော့ ကားမောင်းတဲ့အလုပ်ဖြစ်ဖြစ်၊ တစ်ခြားရတဲ့ အလုပ်တစ်ခုခုပေါ့"

"ကျွန်တော်လည်း စုံစမ်းပေးပါ့မယ်၊ ကျွန်တော့်ဆိုင်ကိုတော့ ကားတွေရောက်နေတာပဲလေ"

"အေးဗျာ၊ လုပ်စမ်းပါဦး၊ ကျွန်တော်လည်း ခင်ဗျားကို ကူညီ ရင်း လုပ်အားလာပေးပါ့မယ်"

ဒီလိုနဲ့ ညောင်ပင်အောက်က သံချောင်းရဲ့ကုမ္ပဏီမှာ ကိုယ် လုပ်အားဝင်ပေးဖြစ်တယ်။ ကိုရဲက ကျွေးထားနိုင်ပေမယ့် သူ့အိမ်မှာ နေတာကပဲ လွန်လှပြီ။ ကိုယ်အလုပ်လုပ်မှ ဖြစ်တော့မယ်။ စားဝတ်

www.burmeseclassic.com

www.burmeseclassic.com

နေရေးနဲ့ ကိုယ့်အိပ်မက်ကို အခန်းဆက်ရမယ့် တာဝန်က ရှိသေးတယ်လေ။

တစ်ရက်တစ်ရက်နဲ့ သံချောင်းနဲ့ကိုယ်ရဲ့ ခင်မင်မှုကလည်း ညီအကိုလိုဖြစ်နေရပြီ။ သံချောင်းက ပျော်ပျော်နေတတ်တော့ သူနဲ့ နေရတာစိတ်ချမ်းသာစရာကောင်းပါတယ်။

အလုပ်ပါးတဲ့တစ်နေ့မှာ ကိုယ်နဲ့သံချောင်းတို့နှစ်ယောက်ထဲ လေပန်းနေတုန်းအချိန်မှာပေ့ါ။ ဆလွန်းကားဖြူလေးတစ်စီးက ဆိုင်ရှေ့ ကိုထိုးရပ်လာတယ်။ သံချောင်းမျက်နှာကြီးလည်း ဝင်းပသွားလေရဲ့။ ဒီနေ့က ဈေးဦးမပေါက်သေးဘူးလေ။

ကားပေါ်က ဆင်းလာတဲ့ ကောင်မလေးကိုကြည့်ပြီး ကိုယ့် ရင်ထဲမှာ ကုလားဘုရားတွေရော၊ တရုတ်နဂါးတွေပါ လှည့်ကုန်တယ်။ ရင်ထဲမှာ ဝုန်းဒိုင်းကျဲသွားတယ်ဆိုပါတော့။ ဝိုင်းစက်တဲ့ မျက်လုံးလေး တွေနဲ့ ဆွဲဆောင်မှုရှိလွန်းတဲ့ ကောင်မလေးတစ်ယောက်ပါ။ ကိုယ့်အနေ အထားနဲ့ ရင်ခုန်သံကို ဘရိတ်ဖမ်းလိုက်ရတယ်။

ကောင်မလေးက ဟိုကြည့်ဒီကြည့်နဲ့ ဆိုင်ရှေ့ကိုရောက်လာတယ်ဆိုရင်ပဲ သံချောင်းက ပြာပြာသလဲဟန်နဲ့ . . .

"ဒီက အစ်မလေးက ကားနံပါတ်အပ်ချင်လို့လားခင်ဗျ၊ နေ့ ချင်းပြီး . . ."

"အင် . . . မဟုတ်ဘူး"

သံချောင်း ဘူပိတ်သွားတယ်။ ဒါပေမယ့် မလျှော့သေးဘူး။ ထပ်ဆွယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲဟဲ . . . ကျွန်တော်သိပြီ၊ အိမ်မှာ ခွေးကိုက်တတ်သည် ဒါမှမဟုတ် အငြိမ်းစားဘာညာ ဆိုတာမျိုး . . ."

"အိုး . . . ဘာတွေပြောနေတာလဲ၊ တစ်ခုမှမဟုတ်ဘူး"

ဒီတစ်ခါတော့ သံချောင်းမျက်နှာကြီးက ပုတ်အဲ့အဲ့ ဖြစ်သွား ပါပြီ။ စိတ်တိုသံနဲ့ ပြန်မေးလိုက်တယ်။

"ဒါဆိုလည်း ဘာလဲဗျာ၊ ဒီဆိုင်မှာက ဒါတွေပဲ လုပ်လို့ရမယ်"

ကောင်မလေးက မျက်ခုံးနှစ်ဖက်စုသွားတယ်။ ခပ်တည်တည် ဟန်လေးနဲ့ ကိုယ်တို့ကိုကြည့်ရင်း . . .

"ဒါနဲ့ ဒီဆိုင်ပိုင်ရှင်က ဘယ်သူလဲ"

"ပိုင်ရှင်က ကျွန်တော်ပဲ၊ သူက ကျွန်တော့်မန်နေဂျာ"

ဖြတ်ခနဲ ရှေ့တိုးရင်း သံချောင်းရင်ကော့ပြီး ပြောလိုက်တယ်။ သူ့အပြောကြောင့် ကိုယ်တောင် ရှက်သွားရတယ်။ သူ့အလုပ်မှာ မန်နေဂျာတွေ ဘာတွေနဲ့ဆိုပဲ။ တော်တော်ကျယ်ပြန့်ချင်တဲ့ ကိုရွှေ သံချောင်းပဲ။

ရှေ့က မရွှေချောလေးလည်း ပြုံးစစလေး ဖြစ်သွားလေရဲ့။ သံချောင်းရဲ့ ကြီးကြီးကျယ်ကျယ်စကားကြောင့် ထင်ပါတယ်။

"ထားပါတော့၊ ပိုင်ရှင်ဆိုလည်း ပြီးတာပါပဲ၊ ကျွန်မလာရင်း ကိစ္စက ဒီမှာအလုပ်လုပ်တဲ့ ကိုမြင့်ကြည်နဲ့တွေ့ချင်လို့ပါ ရှိရဲ့လား"

"ဗျာ . . . ကိုမြင့်ကြည် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

သံချောင်း နဝေတိမ်တောင် ဖြစ်သွားတယ်။ ကိုယ့်မှာလည်း အူကြောင်ကြောင်နဲ့။ ဒီမှာ သံချောင်းနဲ့ ကိုယ်ကလွဲပြီး ဘယ်သူမှကို မရှိတာကိုး။ တစ်ခုခုတော့ လွဲနေပါပြီ။

"အင်းလေ . . . ကိုမြင့်ကြည် ကိုမြင့်ကြည်၊ ဟိုရှင် . . . ဆယ့်ငါးလမ်းက ကိုမောင်ရဲအိမ်မှာနေတဲ့လူလေ"

သွားပါပြီ။ ကိုယ်ရယ်ချင်ပက်ကျိ ဖြစ်သွားရတယ်။ ဘယ်လို အသိခေါက်ခက် အဝင်နက်ကလေးလည်း မသိဘူး။ ရုပ်ကလေးလှတ ပတနဲ့ဗျာ။ ကိုရဲကို ကိုမောင်ရဲလို့ပြောတာ အကြောင်းမဟုတ်ဘူး။ ကိုယ့်မှာပဲ ညိုမင်းညီကနေ ကိုမြင့်ကြည်ဖြစ်သွားရတယ်။ ရင်နင့်စရာပဲ။

သံချောင်းက သဘောပေါက်ပြီး တအစ်အစ်နဲ့ ဝက်လိုထရယ်တော့တယ်။

"သွားပြီဗျာ၊ အစ်မလေးလုပ်တော့မှပဲ . . ."

"ဟင် . . . သွားပြီလား၊ ဒါဆို ဘယ်မှာရှိနိုင်လဲ မသိဘူး"

မထုံတက်တေးနဲ့ ထပ်မေးနေသေးတယ်။ ခုမှပဲ အရေးပိုကြီးသွားသလိုနဲ့။ ဒင်းကလေးကတော့ ခက်နေပါပြီ။

သံချောင်းက ရယ်နေတာကိုရပ်ပြီး . . .

"ဆယ့်ငါးလမ်းက ကိုရဲပါဗျာ"

"ဩော် . . . ဟုတ်လား၊ လူကြီးဆိုတော့ ဟင်း . . . အိမ်မှာ လည်းနားကြားမှားသွားလို့"

ရှက်ဝါးဝါးနဲ့ ကောင်မလေးက ထောက်ခံလိုက်တယ်။ ကိုယ့် မှာ တော်တော့်ကို ရယ်ချင်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့၊ ဟို . . . ကိုမြင့်ကြည့်ဆိုတာက . . ."

"မမှားဘူး မဟုတ်လား"

"သေချာတာပေ့ါဗျာ၊ အကုန်တလွဲပဲ၊ ကိုမြင့်ကြည့် မဟုတ် ဘူးဗျ၊ ညိုမင်းညီ . . . ညိုမင်းညီ"

"ရှင် . . . ညိုမင်းညီ ဟုတ်လား"

သံယောင်လိုက်ရွတ်တော့ သံချောင်းက အပိုင်ပဲဆိုတဲ့ ပုံစံ မျိုးနဲ့ . . .

"အစစ်ပေ့ါဗျာ၊ ညိုမင်းညီဆိုတာ ဒီက ကျွန်တော့်မန်နေဂျာ ကြီးပဲ"

ကိုယ့်ပခုံးကိုပုတ်ရင်း သံချောင်းပြောတော့မှ ဒင်းကလေး မျက်နှာ နီရဲသွားတော့တယ်။ အကုန်လွဲနေတာကိုး။

ပြီးမှ အားမလိုအားမရပုံစံလေး ဖြစ်သွားပြီး . . .

"ကျွတ်(စ်) . . . ဖေဖေက ထမင်းစားရင်းနဲ့ လှမ်းပြောတော့ ကျွန်မလည်း ဗလုံးဗထွေးတွေ ကြားသွားလို့ထင်တယ်၊ ဟင်း . . ."

ပြောရင်း ကိုယ့်ကို စူးစမ်းသလိုကြည့်တယ်။

"ရှင်က ကိုမြင့် အဲ . . . ညိုမင်းညီအစစ်ပါနော်"

"ဟုတ်ပါတယ်ဗျာ၊ ရေမရောပါဘူး"

ရယ်ချင်နေသေးတာမို့ ဒီလိုပဲ ဖြေလိုက်တယ်။ ခုမှပဲ ဒင်း ကလေးက အားနာသလို ရှက်သလိုနဲ့ . . .

"အဲ . . . ဆောရီး . . . ဆောရီး၊ ဒီလိုပါ၊ ဖေဖေက ရှင့်ကို ခေါ်ခိုင်းလိုက်လို့"

"ဗျာ . . . ဖေဖေ ဟုတ်လား"

"အာ . . . ကျွန်မ ဖေဖေကိုပြောတာ၊ ဟို . . ဦးရည်မွန်လေ"



www.burmeseclassic.com

www.burmeseclassic.com

ခုမှပဲ ဇာတ်ရည်လည်သွားတော့တယ်။ ဒါပေမယ့် ဘာကိစ္စ မှန်း မသိသေးဘူး။

"ဟိုလေ . . . ဘာအတွက်ခေါ်တာလဲ မသိဘူး၊ ဒီမှာလည်း အလုပ်က . . . "

ကိုယ့်စကားက မဆုံးလိုက်ရှာဘူး။ သူက ဘာအလုပ်မှမရှိတဲ့ ဝန်းကျင်ကိုကြည့်ရင်းနဲ့ . . .

"အဲဒါတော့ ကျွန်မလည်း မသိဘူးလေ၊ အိမ်က ဒရိုင်ဘာ မရှိတာနဲ့ ကျွန်မကို ခေါ်ခိုင်းလိုက်တာ၊ ခုဖြစ်အောင်လိုက်ခဲ့ပါတဲ့"

အတည်ပေါက်ပြောနေတော့လည်း ကိုယ်စဉ်းစားသွားတယ်။ အဖိုးကြီးခေါ်တာက သူ့သမီးနဲ့ နေရာချထားပေးဖို့တော့ မဖြစ်နိုင်ပါ ဘူး။ တကယ်ကိစ္စရှိလို့ပဲ ဖြစ်ရမယ်။

"ဒါဆို ကျွန်တော်က ခင်ဗျားနဲ့ လိုက်ခဲ့ရမှာလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ကိုယ်တွန့်သွားရတယ်။ ကိုယ်နဲ့ တစ်ကားထဲစီးလို့ သူ့အတွက် ဆိုပြီး စဉ်းစားမိပြန်တယ်။ ဒါနဲ့ပဲ . . .

"ဖြစ်ပါ့မလား၊ ခင်ဗျားနဲ့ အတူစီးလို့၊ ဒီရပ်ကွက်ထဲမှာက ကျွန်တော့်ကို . . . "

"အလိုတော် . . . ရှင်ကပဲ ဖြစ်နေရသေးတယ်"

သူနားလည်မှုလွဲသွားတာပါ။ ကိုယ့်ကိုတောင် ဘောက်ဆတ် ဆတ် ပြောနေသေးရဲ့။

သံချောင်းက ဝင်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"လိုက်သွားလိုက်ပါ မြင့်ကြည်ရာ၊ အရေးကြီးလို့ လာခေါ် တာကို လိုက်သွားလိုက်၊ မြင့်ကြည် လိုက်သွားလိုက်"

ကိုယ်လည်း သံချောင်းကို အသံတိတ်ကျိန်ဆဲရင်း ကားလေး ထဲ မရဲတရဲ ဝင်လိုက်ရတယ်။ ဒင်းကလေးကလည်း စပ်ဖြဲဖြဲပြောနေတဲ့ သံချောင်းကို မျက်စောင်းထိုးပစ်ခဲ့ပါသေးတယ်။ ကိုယ့်ခမျာ မရဲဘဲ ကျွဲစီး မဖြစ်ရဘဲ ကားစီးပြီး ပါသွားတော့တာပေါ့။ အင်း . . . ရင်မခုန် မိအောင် ထိန်းထားမှ . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

လမ်းသွယ်လေးထဲမှာ ကားက ခပ်ဖြည်းဖြည်းပဲ သွားနေတယ်။ တစ်ရပ်ကွက်တည်းဆိုပေမယ့် ဟိုဘက်ထိပ် ဒီဘက်ထိပ် ဖြစ်နေလို့ မနီးလွန်း မဝေးလွန်းဘူး။ လမ်းကလည်း နည်းနည်းကြမ်းလို့ ဖြစ်မှာ ပေါ့။

ကောင်မလေးရဲ့ဘေးမှာထိုင်ရင်း ကိုယ့်စိတ်တွေ ကသီကဝေ ဖြစ်နေရတယ်။ အလစ်ချောင်းပြီး ခုန်ချင်နေတဲ့ ကိုယ့်နှလုံးသားကို ဘယ်လိုကြိုးတုတ်ထားရမလဲကွယ်။ ကားကို မှန်မှန်လေးမောင်းနေတဲ့ သူ့ဆီက ကိုယ်သင်းနံ့လေးတွေဟာလည်း ကိုယ့်ရဲ့ဝင်သက်ထဲကို တိုး လျှိုပေါက် အတားအဆီးမဲ့လို့။ မကြည့်မိအောင်ထိန်းရင်း ကိုယ့်မှာ သက်ပြင်းချမိပြန်ရဲ့။

"ရှင်က ဖေဖေခေါ်ခိုင်းလိုက်လို့ စိတ်ညစ်နေတာလား"

ကဲကြည့်။ ကိုယ်သက်ပြင်းချတာကို နားလည်မှုလွဲပြန်ပြီ။ ကိုယ်လည်း ပြောမိပြောရာနဲ့ . . .

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အကြောင်း ကျွန်တော်တွေးမိ လို့ပါ"

"ဒီလောက်လည်း အားမငယ်ပါနဲ့ရှင်၊ ဘဝဆိုတာ ဒီလိုပါပဲ၊ လက်ရှိအခြေအနေက ကြိုးစားတာ အကောင်းဆုံးပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com

သူကပဲ ကိုယ့်ကို တရားလာချနေပြန်တယ်။ ဘာပဲဖြစ်ဖြစ် စာနာတတ်တဲ့ သူ့စိတ်ရင်းကိုတော့ ကိုယ်မြင်လိုက်ရတယ်။ မျက်လုံးလေးစွေကြည့်ရင်း ပြောပုံလေးက ကိုယ်မမေ့တော့ဘူး။

သူကပဲဆက်ပြီး စပ်စုလာပါတယ်။

"ရှင် အဲဒီမှာနေပြီး အလုပ်လုပ်နေတာ ကြာပြီလား"

"အင် . . ဘယ်လိုလုပ်ပြီး ကြာမှာလဲ၊ ခင်ဗျားအဖေ ဦးရည်မွန် နဲ့ တွေ့တဲ့နေ့ကမှ အထဲက ထွက်လာတာ"

"အထဲက . . . ဟုတ်လား"

နားမလည်သလိုပြောနေလို့ ကိုယ်ကပဲ ရှိုးရှိုးပြန်ဖြေလိုက်တယ်။

"ဟုတ်တယ်လေ၊ ဦး မပြောဘူးလား၊ အဲဒီနေ့ကမှ ကျွန်တော် ထောင်က လွတ်လာတာကိုလေ"

"ရှင် . . ."

အလန့်တကြားရေရွတ်ရင်း ကားကိုပါ ဘရိတ်ဆောင့်နင်းလိုက်ပုံရတယ်။ ကားက လမ်းပေါ်မှာ တုန့်ခနဲ ရပ်သွားလေရဲ့။ ကိုယ့်ကိုလည်း မျက်လုံးဝိုင်းစက်စက်လေးတွေနဲ့ကြည့်ရင်း အလန့်တကြား မေးပါတော့တယ်။

"ဒါ . . . ဒါဆို ရှင် . . . ရှင်က ထောင်ထွက်ပေါ့"

ကိုယ်ဘာပြောရမလဲ။ ထောင်ထွက်ဆိုတာကို သူထိတ်လန့်သွားတာလား။ ဦးရည်မွန်ကလည်း မပြောလိုက်ဘူးနဲ့တူပါတယ်။ ကိုယ့် ကို ပြူးကျယ်ကျယ်လေး ကြည့်နေလို့ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ကျွန်တော် ထောင်က လွတ်လာတာပါ၊ ဘာ များ . . ."

ဆက်မပြောချင်တော့ပါဘူး။ ကိုယ့်ကို လန့်သွားတယ်ဆိုတာ သေချာနေပါပြီ။ မျက်နှာပျက်နေတဲ့ ပုံစံလေးနဲ့ ဖေဖေကလည်းဆိုပြီး တစ်ယောက်တည်းရေရွတ်ရင်း သူ့အဖေကို အပြစ်တင်နေပုံပဲ။

ကိုယ်နားလည်နိုင်ပါတယ်။ ကားတံခါးကို အသာဖွင့်ဆင်းပြီး-

"ခင်ဗျား သွားနှင့်လေ . . .၊ ကျွန်တော် လိုက်လာခဲ့မယ်လို့၊ ကျွန်တော့်မှာ လိပ်စာရှိပါတယ်"

ခပ်အေးအေးပဲပြောရင်း ကိုယ်လမ်းလျှောက်သွားလိုက်တယ်။ သူ့ကားလေးက ရပ်နေဆဲပဲ။ အားငယ်သလို ဖြစ်သွားရတဲ့ ကိုယ့်စိတ်ကိုပြန်တင်းရင်း ဆက်လျှောက်လိုက်တယ်။ ဒီလိုဖြစ်တတ်တာကို လက်ခံရဲရမယ်လေ။ သူ့ကိုတော့ ဘယ်လိုမှ မထင်ရက်ဘူး။

ခဏနေတော့ ကားလေးက ကျွန်တော့်ကို ကျော်သွားတယ်။ သိပ်မဝေးတဲ့ ရှေ့နားလေးမှာ ထိုးရပ်သွားပြီး သူကားပေါ်က ဆင်းလာပါတယ်။ ကိုယ်လျှောက်ရင်းနဲ့ သူ့အနားရောက်သွားတော့ တောင်းပန်တဲ့မျက်ဝန်းလေးတွေနဲ့ ကြည့်ပြီး . . .

"ဆောရီးနော်၊ ကျွန်မ အတွေးမှားသွားတယ်၊ တကယ်တော့ ရှင့်ကိုသွားခေါ်ခိုင်းတာ ဖေဖေဆိုတာကို မေ့သွားတယ်"

ဒီတစ်ခါလည်း ကိုယ်ဘာမှ ချက်ချင်းပြန်မပြောဖြစ်ပြန်ဘူး။ သူ့ကိုတော့ စိုက်ကြည့်မိလိုက်တယ်။

သူက ကိုယ့်ကို လင်းလင်းရဲရဲလေး ပြုံးပြရင်းနဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မနာမည် ပိုးရည်ပါ ကိုမင်းညီ"

ကိုယ်အံ့သြသွားရတယ်။ ပြောင်းလဲလာတဲ့ ဖော်ရွေမှုကြောင့် ရင်ထဲမှာလည်း လှိုက်ခနဲပဲ။ သူ့ရဲ့စိတ်ထားလေးကိုလည်း အရင်ထက် လေးစားသွားတယ်။ ကိုယ်ဘာမှမပြောဖြစ်တော့ဘူး။ ကားလေးထဲကိုပဲ အသာဝင်ထိုင်လိုက်ရပါတယ်။ တွန့်ကွေးသွားတဲ့ သူ့နှုတ်ခမ်းလေး ထက်မှာ ကိုယ့်နှလုံးသားဟာ တိတ်တိတ်ကလေး ဖျတ်ဖျတ်လူးနေပြန် ရဲ့။

* * * *

လူတစ်ချို့က ကိုယ့်ပင်လယ်ကို
သူများပင်လယ်ထက် ကျယ်တယ်လို့ထင်ကြတယ်
ကိုယ်ကတော့ ဒီလိုမဟုတ်ဘူး
တစ်ကိုယ်စာလေး ခမ်းနားချင်ခဲ့တာပါ။ ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

ခမ်းနားခေတ်မီတဲ့ ဧည့်ခန်းထဲမှာ ကိုယ်ရောက်နေတယ်။ ဝေ့ကြည့်လိုက်ရုံနဲ့ တော်တော်ချမ်းသာတာပဲလို့ မှတ်ချက်ချမိတယ်။ နံရံမှာချိတ်ဆွဲထားတဲ့ ပိုးရည်တို့ မိသားစုဓါတ်ပုံကိုတွေ့တော့ ကိုယ့်ရင်ထဲကျင်ခနဲပဲ။ အိမ် . . .။ ပြီးတော့ ကိုယ့်မှာလည်း ဒီလိုမိသားစုမျိုး ရှိခဲ့ဖူးတာပဲကွယ်။

လိုက်ဖမ်းလို့ မမိနိုင်တဲ့ ကိုယ့်စိတ်တွေ မလွှင့်ပျံ့ခင်လေးမှာပဲ-

"ဟော့ . . မောင်မင်းညီ၊ မင်းကို ဦးလာခေါ်မလို့ပဲ၊ ဧည့်သည်ရောက်လာပြန်တော့လေ၊ ဒရိုင်ဘာကလည်း အပြင်သွားတာနဲ့ သမီး ကိုခေါ်ခိုင်းလိုက်ရတာ"

"ရပါတယ် ဦးရာ၊ တစ်ယောက်ယောက်နဲ့ မှာလိုက်ရင်လည်း ရသားနဲ့ဗျာ"

ကိုယ်ကပဲ ပြန်အားနာသွားရတယ်။ ဒါကို အကင်းပါးတဲ့ သူက . . .

"မောင်မင်းညီ သက်တောင့်သက်သာနေနော်၊ ဘာမှအားမ နာနဲ့"

"ဟုတ်ကဲ့ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ ပိုးရည်က အအေးဖန်ခွက်ကလေးနဲ့ ရောက် လာပြီး ကိုယ့်ရှေ့မှာ လာချပေးတယ်။ သောက်လိုက်ပါဦးလို့လည်း တိုးတိုးပြောသေးတယ်။

သူ့အဖေဘေးနားမှာ ဝင်ထိုင်တော့ . . .

"ဩော် . . သမီး၊ မောင်မင်းညီ ဖေဖေ့ကို ဟိုတစ်ညက ကူညီ ဖူးခဲ့တာကို မှတ်မိတယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ဦးရည်မွန်က လိုက်ပြီး ခေါင်းညိတ်ရင်း . . .

"တကယ်တော့ မောင်မင်းညီက အဲဒီနေ့ကမှ ထောင်က လွတ်လာတာ သမီးရဲ့၊ မောင်မင်းညီ စိတ်မရှိနဲ့နော်၊ ခုနက သမီးကို သွားခေါ်ခိုင်းလိုက်တော့ မင်းကို ရှံ့သလိုဖြစ်နေမှာစိုးလို့ ခုမှပြောပြရင်း မိတ်ဆက်ပေးတာ"

ပြောရင်းနဲ့ ဦးရည်မွန်က အားနာသလို ပြုံးနေတယ်။ ပိုးရည် က ချက်ချင်းပဲ . . .

"အဟင်း . . သမီးနဲ့ ကိုမင်းညီ လမ်းမှာစကားပြောရင်း အဲဒီ အကြောင်းကို သိရတယ်၊ ပထမတော့ သမီးလည်း တစ်မျိုးဖြစ်သွား တာပေါ့၊ ပြီးမှ ဖေဖေယုံကြည်လို့ သမီးကို ခေါ်ခိုင်းလိုက်တာပဲလို့ တွေး မိသွားတာ"

သူ့သမီးရဲ့ အကင်းပါးမှုကို ဦးရည်မွန်သဘောကျသွားသလို ကြည့်တယ်။ ကိုယ်ကတော့ ပွင့်လင်းလွန်းတဲ့ သားအဖပဲလို့ တွေးနေမိ တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဦးရည်မွန်က သတိရဟန်နဲ့ . . .

"ဩော် . . မင်းကိုခေါ်လိုက်ရတာက ဒီလို မောင်မင်းညီရဲ၊ မင်းကူညီလိုက်လို့သာပေါ့၊ စာရွက်တွေသာ ပြန်မရရင် ဦးဘဝမှာ တစ်သက်လုံး ယူကြုံးမရဖြစ်ရတော့မှာပဲ"

"ခင်ဗျာ . . ."

ကိုယ်တကယ်ပဲ ကြောင်သွားရတယ်။ သူက ဆက်ပြောပြန် တယ်။

"အဲ . . ဒီလိုပါ၊ အဲဒီစာရွက်တွေက အမှုတစ်ခုရဲ့ အဓိကကျ တဲ့ စာရွက်စာတန်းတွေလေ၊ အဲဒါတွေသာ ပျောက်ဆုံးသွားရင် ဦးလည်း လူတစ်ယောက်ကို မှားယွင်းစွာနဲ့ ကြီးလေးတဲ့ အပြစ်ပေးမိသွားမှာ မို့လို့ပဲ"

ဘုရားရေ။ ဒီလောက်တောင်ပဲလားလို့ ကိုယ်တွေးမိသွား တယ်။ ကိုယ်တကယ် ကယ်တင်နိုင်ခဲ့တာ နောက်ထပ်လူတစ်ယောက် လည်း ပါတယ်ပေါ့။ ကိုယ်ကြည်နူးသွားတာ အမှန်ပဲ။

ကိုယ် အဲဒီနေ့က ပြောခဲ့တာကို ပြန်အားနာရပြန်တယ်။

"ကျွန်တော် အဲဒီနေ့က ပြောခဲ့တာကို တောင်းပန်ပါတယ်၊ ဟိုစာရွက်တွေနဲ့ ပတ်သက်လို့လေ"

"ရပါတယ်ကွာ၊ မင်းပြောခဲ့တာလည်း တစ်ဖက်က မှန်သားပဲ လေ၊ ဦးသာ တစ်ခုခုဖြစ်သွားရင် ဒီအမှုက လွဲချော်သွားနိုင်တာပေါ့"

"ဒါဆို ရှင်က လူနှစ်ယောက်တောင် ကယ်ခဲ့နိုင်တာပေါ့"

ပိုးရည်က အရိုးခံလေး ဝင်ပြောပေမယ့် ကိုယ်အနေခက်သွား တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ဟိုလူရဲ့ကံလည်း ပါလို့ပေါ့၊ ကျွန်တော့်နေရာမှာ တစ်ခြားတစ်ယောက်ဆိုလည်း ဝင်ကူညီမှာပဲလေ"

"ဟုတ်ပါပြီရှင်၊ ထားပါတော့"

သူ့အဖေကြီးကတော့ ပြုံးပြီး ကြည့်နေတော့တာပဲ။ ပြီးတော့ မှ . . .

"မင်းကိုပြောချင်တာ ရှိသေးတယ်ကွ၊ အဲဒီညက ကိစ္စက စာရွက်စာတန်းတွေအတွက် တမင်လုပ်ကြံတာ ဖြစ်နိုင်တယ်လေ၊ ခု ဦးလည်း တစ်ယောက်တည်းမသွားရဲတော့ဘူး၊ အပြင်ထွက်ရင် အိမ်က ဒရိုင်ဘာနေလင်းကိုပဲ ခေါ်သွားနေရတယ်"

"ဟုတ်ကဲ့ . . ."

"သမီးကလည်း သူ့ကားနဲ့သူဆိုတော့ ပြဿနာမရှိဘူး၊ ခက် တာက သူ့အမေ ဈေးအကြိုအပို့နဲ့ အိမ်ကဝေယျာဝစ္စအတွက် ကား မောင်းဖို့ လူလိုလာတယ်၊ နေလင်း နေရာမှာပေါ့"

"ဟို . . . ဦးဆိုလိုတာက . . ."

"အေးကွာ၊ မင်းကိုလည်း ဦးက ကူညီချင်တယ်၊ ပြီးတော့ မောင်ရဲနဲ့တွေ့လို့ မင်းမှာကားမောင်းလိုင်စင်ရှိတယ်၊ ကားမောင်းတဲ့ အလုပ်ရှာနေတယ်လို့ကြားလို့"

ကိုယ်သဘောပေါက်သွားတယ်။ အလုပ်ခေါ်ပေးနေတာကိုး။ ဦးရည်မွန်က စကားဖြတ်ပြီးမှ . . .

"ဟို . . မင်းအနေနဲ့ မလုပ်နိုင်ဘူးဆိုလည်း အဲ . . မလုပ်ချင်ဘူးဆိုလည်း ရတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဘာပြန်ပြောရမှာလဲ။ အလုပ်လိုနေတာလည်း တကယ် လေ။ လက်ထဲမှာလည်း ဒီလိုင်စင်လေးပဲ ရှိတာကိုး။ ပြီးတော့ ဘယ်လို ပဲဖြစ်ဖြစ် ပိုးရည်ရဲ့မျက်နှာလေးတော့ မြင်ခွင့်ရနေမှာပဲ။ ဦးနှောက်က မငြင်းနိုင်သလို နှလုံးသားကပါလက်ခံလို့ ကိုယ်ခေါင်းညိတ်လိုက်ရ တယ်။

ကိုယ့်နှလုံးသားကို ရှေ့ဆက်မတိုးမိဖို့ သတိပေးရတော့မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

စပြီးအလုပ်ဝင်တဲ့နေ့မှာပဲ အခက်ကြုံရတယ်။ ထွေထွေထူးထူး တော့ မဟုတ်ပါဘူး။ ဦးရည်မွန်တို့သားအဖ ဘာမှမမေးသလောက် အရင်မူလလက်ဟောင်း ဒရိုင်ဘာက အင်တာဗျူးတော့တာပဲ။ စီနီယာ မို့ ပါဝါပြတာလား မသိဘူး။ ကိုယ်နဲ့တော့ ရွယ်တူလောက်ပါပဲ။

"မင်းက အရင်ဘယ်မှာမောင်းဖူးတာလဲ"

"အဲ . . . အရင်ကတော့ ဒီလို မမောင်းဖူးပါဘူး"

ဒါလည်း ဒင်းက မပြီးသေးပါဘူး။ ဆက်မေးလာတယ်။

"ဒါနဲ့ ကားမောင်းတာရော ဘယ်မှာသင်လာတာလဲ"

လျှာရှည်လိုက်တာ။ ဘယ်မှာသင်လာသင်လာ နင့်အပူလား လို့ ပြန်မေးလိုက်ရင် မကောင်းဖြစ်ဦးမယ်။

ကိုယ်က မရိုင်းချင်တာနဲ့ . . .

"ဒီနိုင်ငံမှာပဲလေ၊ သိမ်ဖြူကွင်းမှာပေါ့"

မျက်နှာက တစ်မျိုးဖြစ်သွားတယ်။ ပြီး မရပ်သေးဘူး။

"ထားပါတော့၊ အိမ်ကားမဟုတ်ဘဲ ကုမ္ပဏီကားတွေတော့ မောင်းဖူးမှာပေါ့"

"အင်း . . . "

ပြီးပြီးရော ဖြေလိုက်မိတယ်။ ဦးရည်မွန်ဘာပြောထားလို့လည်း မသိဘူး။ ကိုယ့်ကို ဆက်ပြီးဩဝါဒမြွတ်ကြားပါလေရော။

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ ကုမ္ပဏီမှာတော့ အရောင်းကားတွေပေါ့၊ အိမ် မှာကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ခု ဦးရဲ့ဆလွန်းကားကို ငါမောင်းရ တော့မယ်၊ မပိုးကတော့ သူ့မာ့ခ်တူးနဲ့သူပဲ၊ ခု မင်းမောင်းရမှာက ဟိုမှာ မြင်လား"

"ဟော့ကောင် နေလင်း"

မြင်ပါတယ်။ သူလှည့်ပြလိုက်တဲ့နေရာမှာ ဦးရည်မွန်ရပ်နေတာကိုလေ။ ကိုယ်အစောကြီးက မြင်သားပဲ။ ဒင်းလျှာရှည်နေလို့ နှုတ်မဆက်အားသေးတာ။ ခုမှပဲ ဒင်းက မခုတ်တတ်တဲ့ ကြောင်နာလေးလို ကုတ်ချိချိဖြစ်သွားလေရဲ့။

"ခင်ညာ ဦး၊ သွားတော့မှာလား၊ ကားက အဆင်သင့် . . . သင့် . . ."

"ဟော့ကောင် . . . ငါဘယ်အချိန်သွားလဲ မင်းမသိဘူးလား"

သူ့ခမျာ ကြောင်နာလေးပုံစံက ကျားကိုတွေ့ပြီး နေစရာမရှိ သလိုပြာယာခတ်သွားရင်း . . .

"ဟို . . ဟို . . . ဦး စောစောသွားမလားလို့ပါ၊ အဲဒါနဲ့ . ."

"နေစမ်းပါဦး၊ ငါခုနက တစွန်းတစ ကြားလိုက်ပါတယ်၊ မင်း မောင်မင်းညီကို ဘာတွေများ မိန့်မှာနေတာလဲ"

နေလင်းဆိုတဲ့လူတော့ နာမည်နဲ့မလိုက်အောင် လင်းလင်း မနေနိုင်ဘူး ဖြစ်သွားရတယ်။ လျှာရှည်တာကိုးခံပေါ့။ ကိုယ်ပြုံးစိစိလုပ်နေတော့ နေလင်းက . . .

"ဒီ . . . ဒီလိုပါ ဦး၊ ကျွန်တော်က သူ့ကို ကားမောင်းရင် သတိထားမောင်းဖို့ ပြော . . . ပြော . . ."

www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ . . . မင်းပြောမှလားကွ၊ သတိမထားရင် မသာပေါ်ကုန်မှာပေါ့၊ သွားကွာ မိကျောင်းမင်းသား"

နေလင်း ကုတ်ချောင်းချောင်းနဲ့ ပြန်ထွက်သွားတယ်။ ဝင့်က ချက်ချင်းလိုက်တာပဲ။ ကိုယ် ကြိတ်ပြီးရယ်မိတယ်။

ခုမှ ဦးရည်မွန်က ပြုံးစစကြည့်ပြီး . . .

"ဒီကောင်က ဒီလိုပဲ မောင်မင်းညီရေ့၊ မသိရင် သိပ်ဆရာကြီးလုပ်တာ၊ လေကြောကလည်း သိပ်ရှည်၊ မင်းနားညည်းဦးမှာပဲ၊ ဒါပေမဲ့ ဒီကောင့်စိတ်ရင်းက ကောင်းပါတယ်၊ ပျော်လည်း ပျော်ပျော်နေတတ်တယ်၊ ကြာရင် မင်းခင်သွားမှာပါ"

"ရပါတယ် ဦး၊ ကျွန်တော် နေတတ်ပါတယ်"

"အေးကွာ၊ မင်းအဆင်ပြေရင် ဦးဝမ်းသာပါတယ်"

ပြောရင်း ဦးရည်မွန်ပြန်ထွက်သွားပြန်တယ်။ ကိုယ်တစ်ယောက်တည်း ငေါင်တောင်တောင်နဲ့ ဘာလုပ်ရမှန်းမသိလို့ ကိုယ်မောင်းရမယ့်ကားနားကိုသွားပြီး ယောင်တောင်ပေါင်တောင် လုပ်နေလိုက်တယ်။

"ကိုမင်းညီ . . . ကိုမင်းညီ . . ."

ကိုယ် ဆတ်ခနဲ ဖြစ်သွားတယ်။ ပိုးရည်အသံလေးပါ။ ဒီတစ်ခါ ကိုမြင့်ကြည်လို့ မခေါ်တော့ပါဘူး။ ကိုယ်လှည့်ကြည့်လိုက်တော့ မနက်ခင်းမှာ နှင်းပန်းလေးပွင့်သွားသလိုပဲ။ အိပ်ယာထကာစမို့ ထင်တယ်။ ပိုးရည်ရဲ့မျက်နှာလေးက ဘာမှလိမ်းခြယ်မထားဘဲနဲ့ ကြည်စင်ရှင်းသန့်နေလေရဲ့။ ပါးပြင်မှာ သွေးကြောလေးတွေကလည်း ပြာလဲ့လို့။ နှုတ်ခမ်းဖူးဖူးလေးကြောင့် ကိုယ်သတိလွတ်သွားရတယ်။ နီလဲ့လဲ့လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ခက်ရချည်ရဲ့။ အိပ်ယာထစအလှလို့ပဲ ကိုယ့်ဟာကိုယ် အတင်းကြီး သတ်မှတ်ပစ်လိုက်မိတယ်။

"ကိုမင်းညီ . . . "

"ခင် . . . ခင်ဗျာ"

ခုမှ သတိဝင်ပြီး အ,ထစ်ထစ် ထူးမိလိုက်တယ်။ ပြုံးရင်းနဲ့ ပိုးရည်က . . .

"ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မကို မမြင်ဖူးလို့လား"

"ဟာ . . ဆောရီး၊ အဲ . . . ဟုတ်ပါဘူး၊ ဘာမျှားခိုင်းမလို့လဲ မသိဘူး"

စကားတွေ မှားလိုမှားနဲ့ ကိုယ့်မျက်နှာတွေ ထူအမ်းသွားရ တယ်။ ရိပ်မိသွားလားတော့ မသိဘူး။ ပိုးရည်က ဘာမှမဖြစ်သလို မျက်လုံးလေးထောင့်ကပ်ပြီး . . .

"အမယ်လေး ဘာမှမခိုင်းပါဘူးတော်၊ ရှင့်ကို ဖေဖေခေါ်ခိုင်း လိုက်လို့"

"ဟုတ် . . . ဟုတ်ကဲ့ လာပါပြီ"

ဘာမှန်းလဲ မသိဘူးလို့ စူပွပွပြောရင်း ပိုးရည်လှည့်ထွက်သွား တယ်။ ပိုးရည်ရဲ့နောက်ပိုင်းအလှကို မကြည့်မိအောင်ထိန်းရင်း နောက် ကိုဆင်ခြင်ရမယ်လို့ အထပ်ထပ် သတိပေးနေမိတယ်။

အိမ်ထဲရောက်တော့ ထမင်းစားခန်းထဲကို ထပ်ခေါ်သွားပြန် တယ်။

"လာဟေ့ . . . မောင်မင်းညီ ကော်ဖီသောက်ရအောင်၊ သမီး ပိုးပိုးရော တစ်ခါတည်းသောက်တော့မလား"

"ဟုတ်ကဲ့ . . . "

www.burmeseclassic.com

www.burmeseclassic.com

ပိုးရည်ဝင်ထိုင်ပေမယ့် ကိုယ်တော့ မထိုင်ဖြစ်ဘူး။ စဉ်းစားမိ တာနဲ့ . . .

"ဟာ . . . နေပါစေ ဦး၊ ရပါတယ်"

"ဟော . . . သောက်ပါကွ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် အပြင်မှာပဲ သောက်လိုက်ပါ့မယ်၊ ကျွန်တော် လည်း အလုပ်သမားပဲ၊ တစ်ခြားအလုပ်သမားတွေထက် အခွင့်အရေး ပိုမယူချင်လို့ပါ"

ပိုးရည်ကတော့ မျက်စောင်းလှမ်းထိုးတယ်။ သူ့အဖေက တွေခနဲ စဉ်းစားရင်း . . .

"အေးလေ . . . ဦးနားလည်ပါတယ်၊ ဒါဆိုလည်း ပြီးတော့မှ နေလင်းတို့နဲ့ သောက်လိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဦး"

ကိုယ်လှည့်အထွက်မှာ ပိုးရည်အသံလေးက ထွက်လာပြန် တယ်။

"အာ . . ဖေဖေကလည်း ဒီကိုတောင်ရောက်နေပြီ၊ ဒီနေ့ တော့ သောက်လိုက်ပေါ့၊ နောက်နေ့မှ ကိုနေလင်းတို့နဲ့ သောက်လေ"

"အင်း . . အဲ . . အေးလေကွာ၊ ဟုတ်သားပဲ၊ ရောက်လက်စ နဲ့ တစ်ခါတည်း သောက်သွားတော့"

ဒီတစ်ခါတော့ ကိုယ်မငြင်းချင်တော့ဘူး။ တော်ကြာ ရုပ်ရှင် တွေထဲက ဒရိုင်ဘာလို အခြောက်တိုက်မာနကြီးတယ်လို့ မြင်နေကြဦး မယ်။ ကိုယ်လည်း ပုထုဇဉ်ပဲလေ။ ပိုးရည်နဲ့ ကော်ဖီအတူတူသောက် ရတာ

www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်တာပေါ့။ ကိုယ့်စိတ်ကို သူ့အဖေရိပ်မိရင်တော့ ဒီနေ့ခန့် ဒီနေ့ဖြုတ်ပစ်မှာ သေချာသလောက်ပဲ။

ခဏနေတော့ ပိုးရည်ရဲ့အမေကို ဗိုလ်ချုပ်ဈေးလိုက်ပို့ရတယ်။ ပြန်ရောက်တော့ ဦးရည်မွန်က အလုပ်သွားပြီ။ ပိုးရည်နဲ့ သူ့ကားလေးကိုလည်း မတွေ့ရတော့ဘူး။ ပိုးရည်လည်း အလုပ်လုပ်တယ်ထင်ပါရဲ့။ ခုခေတ် သူဌေးသမီးတွေက ပိုပြီးပိုက်ဆံရှာကြတယ်လေ။

အိမ်မှာပဲ ယောင်လည်လည်နဲ့ ခြံစောင့်အဘစိန်နဲ့ လေပန်းလိုက်လုပ်နေရတာပေါ့။ ဒီကြားထဲ ငယ်မူပြန်နေတဲ့ ဦးရည်မွန်ရဲ့အဖေပူဆာလို့ မုန့်တွေ ခဏ,ခဏထွက်ဝယ်ပေးရသေးတယ်။ အချိန်အားနေတော့ ပျင်းစရာပဲ။ နောက်နေ့ ဖတ်စရာစာအုပ်ကလေးယူလာမှလို့ တွေးထားလိုက်တယ်။

ညနေကိုယ်ပြန်တဲ့အထိ ပိုးရည်ပြန်မရောက်သေးဘူး။ အိမ်အပြန်လမ်းမှာ ကိုယ့်ရင်ထဲ လင်းတစ်လှည့်၊ မှောင်တစ်လှည့်နဲ့။ ကောင်းကင်ကို မော့ကြည့်ပြန်တော့လည်း ဆည်းဆာက ကိုယ့်ကို တောက်ဖြာပြနေလေရဲ့။

မင်း ငါ့ကို အစွမ်းကုန်လင်းဖွင့်ပြစမ်းပါလို့ စိန်ခေါ်နေတဲ့ အတိုင်းပါပဲ။ ဟုတ်တယ်။

ကိုယ်ကြိုးစားရမယ်။ အိပ်မက်ကို တစ်မျက်နှာထပ်တိုးဖို့လေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

အိမ်ပြန်ရောက်တော့ ကိုယ့်မှာ အင်တာဗျူးထပ်ဖြေရပြန် တယ်။ ဘယ်သူရှိရမလဲ။ ကိုရဲနဲ့ သံချောင်းတို့ပေါ့။ ကိုယ့်ကို ရယ်ကျဲကျဲ လုပ်ပြီး မေးခွန်းတွေ မေးနေကြတာ။ ကိုယ်လည်း အနေအထားကို ပြောပြလိုက်ပါတယ်။ ပိုးရည်ကို တိမ်းမူးမိနေတဲ့အကြောင်းတော့ မပါဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

"အဘိုးကြီးက သဘောကောင်းပါတယ်ကွာ၊ မင်း အဆင်ပြေ မယ်လို့ ငါထင်သားပဲ"

ကိုရဲစကားဆုံးတော့ သံချောင်းက ပြီတီတီနဲ့ . . .

"အဟီး . . ဟိုကောင်မလေးက တော်တော်ချောတယ်နော် မင်းညီ"

ထောက်ခံလိုက်ရင် ပိုကမ်းတက်လာမှာစိုးလို့ ကိုယ်က . . .

"ဟ . . ဘယ်သိမလဲ၊ ငါလိုက်ကြည့်နေတာမှ မဟုတ်တာ"

ကိုယ်နဲ့သံချောင်းလည်း မင်းတွေငါတွေသုံးပြီး ပြောမနာ ဆိုမနာတွေ ဖြစ်နေကြပြီ။ ခုလည်း ကိုယ့်အပြောကို သံချောင်းက ဘဝင်မကျပြန်ဘူး။

"လိုက်မကြည့်လည်းကွာ၊ တစ်အိမ်တည်းဆိုတော့ မင်းတွေ့ တွေ့နေရမှာပေါ့ မဟုတ်ဘူးလား"

"တစ်ခါတလေမှပါ၊ သူလည်း အပြင်သွားနေတာများတယ်၊ ဒီနေ့ဆိုရင် ငါပြန်ရောက်တဲ့အထိ ပြန်မလာသေးဘူး"

"ဩော် . . မင်းက မပြန်ခင်မှာ တွေ့ချင်သေးတာပေါ့ ဟုတ် လား"

"ဟာကွာ . . . "

ကိုယ့်မျက်နှာနီရဲသွားမှာတော့ အသေအချာပဲ။ ကိုရဲကတော့ ဘေးကနေ ခပ်ပြုံးပြုံး လုပ်နေတယ်။

သံချောင်းက မပြီးသေးဘူး။ စပ်ဖြဲဖြဲနဲ့ ထပ်ပြောတယ်။

"ဇာတ်လမ်းကတော့ လန်းတယ်နော်၊ အဘိုးကြီးကို ကူညီ၊ ဟိုက အိမ်မှာ အလုပ်ခန့်၊ ပြီးတော့ သမီးချောကလေးနဲ့တွေ့၊ တဖြည်း ဖြည်းနီးစပ်လာ၊ အဘိုးကြီးသိ စိတ်ဆိုး၊ နောက်တော့ အတင်းခွဲလို့

www.burmeseclassic.com

www.burmeseclassic.com

မင်းသားနဲ့ မင်းသမီးက ကြိုက်သွား၊ ထပ်ခွဲ၊ ခိုးရာလိုက်ပြေး၊ နောက်မှ မင်းသားရဲ့အရည်အချင်းကို အသိအမှတ်ပြု . . ပြု . . . ”

“တော်ပါတော့ သံချောင်းရာ၊ မင်းဟာက ကုလားကားကျနေ တာပဲ၊ အဘိုးကြီး သေနတ်နဲ့ပစ်တော့ မင်းသမီးနဲ့မင်းသားက ထကြ၊ အဲဒါရော ပါသေးလား”

ကိုရဲက ဝင်ပြီးမြည်တွန်တောက်တီးတယ်။ ကိုယ်ကတော့ ရယ်နေလိုက်တာပဲ။ ဒါကိုပဲ သံချောင်းက မကျေနပ်ဟန် . . .

“ကိုရဲကသာပြောနေ၊ ဟိုမှာ မင်းညီက သဘောတွေကျပြီး စိတ်ကူးတွေ ယဉ်နေပြီလား မသိဘူး”

“မယဉ်ပါဘူးကွာ၊ ငါ သူ့ကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် အပြင်မှာက ဒီလိုမျိုးဖြစ်မှ မဖြစ်နိုင်တာ၊ ပြီးတော့ အဲဒီကိစ္စတွေထက် ငါလုပ်ချင်တာတွေ ရှိသေးတယ်ကွ၊ ငါ ဘာမှကို ဦးစားမပေးနိုင်ဘူး”

ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်လို့ သံချောင်း အံ့ဩသွားပုံရ တယ်။ မရှက်ပါဘူး။ ကိုယ် မိန်းကလေးတစ်ယောက်ကို ချစ်နေမိတာ ရှက်စရာမှ မဟုတ်တာ။ မလုပ်သင့်တာ လုပ်မိတာမှ ရှက်စရာလေ။

ချစ်သူကို ချစ်မိတာက သဘာဝပါ။ ဒါပေမယ့် ကိုယ်တိုးတိုး လေးပဲ ချစ်တော့မယ်။ ကိုယ့်အိပ်မက်တွေ ပြည့်စုံတဲ့တစ်နေ့တော့ ချစ်သူကိုချစ်ကြောင်း ပြောပြချင်ပါသေးတယ်။ ဖြစ်နိုင်မယ်ဆိုရင် ပင်လယ်လိုကြမ်းတမ်းတဲ့ ကိုယ့်ခရီးဆုံးက အနားသတ်တိမ်တွေကို နမ်း ဖြစ်မယ့်နေ့ပါ။

www.burmeseclassic.com

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေမိတယ်။ ကိုရဲသတိရဟန်နဲ့ ကိုယ့်ကိုကြည့်ပြီး . . .

"မင်းညီ . . . မင်းအလုပ်လည်း ရှိနေပြီဆိုတော့ ဟိုကိစ္စကို ဘယ်လိုစဉ်းစားထားလဲ"

ကိုရဲမေးတာကို သဘောပေါက်ပါတယ်။ ဘေးနားက သံချောင်းကတော့ နားလည်ပုံမပေါ်ဘူး။

ဒါနဲ့ပဲ ကိုယ်သက်ပြင်းချရင်း . . .

"ခု ကျွန်တော့် လက်ရှိအခြေအနေနဲ့ အဲဒီဝင်ငွေနဲ့ပေါ့၊ Home studio တစ်ခုမှာပဲ ဒီမို (Demo) လေး လုပ်ထားမလားလို့"

"အင်း . . ကောင်းသားပဲ၊ ငါလည်း တတ်နိုင်သလောက် ကူညီပါ့မယ်၊ မင်းမှာလည်း သီချင်းတွေ ရှိသားပဲ"

"ဟာ . . . ဘာတွေတုန်းဗျ၊ ကျွန်တော့်ကိုလည်း ပြောပြပါဦး"

သံချောင်းဝင်မေးလို့ ကိုရဲက ရှင်းပြလိုက်တယ်။ ကိုယ် သီချင်းဆိုမယ်ဆိုတဲ့အကြောင်းနဲ့ စတူဒီယိုသေးသေးလေးတစ်ခုမှာ အခွေကြမ်းလေး လုပ်ထားမယ်ဆိုတဲ့ ကိစ္စကိုပါ။ သံချောင်းက ကိုယ့်ကို တအံ့တသြကြည့်တယ်။ သူမှမထင်ထားတာကိုး။ ကိုယ် သီချင်းဆိုတာလည်း မတွေ့ဖူးတော့ အံ့သြမှာအမှန်ပဲ။

ကိုရဲက မေးငေါ့ပြီး . . .

"ဘာလဲ . . မင်းက မင်းညီကို အထင်သေးတာလား၊ ဒီကောင် က အရေးကောင်း အဆိုးကောင်းကွ"

"မင်းမင်းက ပိုကောင်းပါတယ် ကိုရဲရာ"

www.burmeseclassic.com

www.burmeseclassic.com

လေသံတိုးတိုးနဲ့ ကိုယ်ညည်းမိတယ်။ ရီဝေသွားတဲ့ ကိုယ့် မျက်ဝန်းကို ကိုရဲနားလည်မှာပါ။

"ထားပါတော့ကွာ၊ ခုခွေလုပ်ရင်လည်း မင်းတို့နှစ်ယောက် သီချင်းတွေပဲ လုပ်မှာမဟုတ်လား"

"အင်း . . . "

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းတို့ ဂစ်တာနဲ့ဆိုပြတာ ငါနားထောင်ဖူးတယ်၊ တစ်ခုထပ်ပြောချင်တာက အချစ်သီချင်းတွေ မပါသလောက်ပဲ"

"အင်း . . မင်းမင်းရေးတဲ့ "မေ့ချင်တယ်" တစ်ပုဒ်လောက်ပါပဲ"

"သိတယ်၊ အဲဒါလေးလည်း ကောင်းပါတယ်၊ ဒါပေမယ့် အလွမ်းဘက်ကို ယိုင်နေတယ်ကွ၊ ကျန်တဲ့သီချင်းအများစုက ဘဝတွေ ဒဿနတွေ နမိတ်ပုံတွေ များနေတယ်၊ ဖြစ်နိုင်ရင် မင်းကို အချစ်သီချင်း လန်းလန်းလေးတွေ ထပ်ရေးစေချင်တယ်"

"ဟာ . . . ကိုရဲကလည်း ဖြစ်ပါ့မလား၊ ကျွန်တော်ရေးရင် အကြမ်းတွေပဲ ထွက်ထွက်လာတာ"

"ဖြစ်အောင်ရေးပေါ့ကွာ၊ မင်းမှာ အခံရှိပြီးသားပဲ၊ အငှားခံစား ပြီးရေးပေါ့၊ ပရိသတ်ဆိုတာ အချိုလေးပါ ချကျွေးရတယ်ကွ၊ ဒါ . . . ဖော်မြူလာပဲ"

"အငှားခံစားစရာ မလိုပါဘူး မင်းညီရာ၊ မင်းပဲ ဟိုကောင်မ လေးကို စိတ်ဝင်စားနေတယ်ဆို၊ အဟဲ . . ဖွင့်မပြောရဲတဲ့ အကြောင်း အရာမျိုးရေးပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com

သံချောင်းက ရုတ်တရက် ဝင်ပြောတာပါ။ ကိုယ်နည်းနည်း ရှက်သွားပေမယ့် ဟုတ်သားပဲလို့ တွေးမိတယ်။ သံချောင်းကိုလည်း ကျေးဇူးတင်သွားမိတယ်။ ချစ်သူအကြောင်းတော့ စာလုံးပေါင်းကြည့် ရဦးမှာပေ့ါ။

အခန်းထောင့်က ဂစ်တာကိုကိုင်ပြီး ကိုယ်အသံစမ်းနေမိ တယ်။ ဂစ်တာကြိုးတွေနဲ့ ကိုယ့်လက်ထိမိတိုင်း ကိုယ့်လက်ချောင်းတွေ ထဲကို တစ်ခုခုကပ်ငြိစီးဝင်နေသလိုမျိုးပဲ။ ရင်ထဲကို ဖျစ်ညှစ်လိုက်တိုင်း သံစဉ်တွေဟာ ကိုယ့်လက်က စီးဆင်းသွားကြတယ်။ ဂီတဟာ ကိုယ့်ရဲ့ ကိုယ်ပွား၊ ကိုယ့်ရဲ့သစ္စာတရားလည်း ဖြစ်တယ်။

အပြင်မှာ မှောင်ရိပ်က တဖြေးဖြေးလူးလွန့်နေပြီ။ သံစဉ်တွေ ရှာရင်း ကိုယ်မောလာတယ်။ အချစ်သီချင်း။ ချစ်သူကို ချစ်နေမိတဲ့ သီချင်းပေ့ါ။ ကိုယ်မပြောပြရဲတဲ့အကြောင်းကို သီချင်းနဲ့ဘယ်လိုပြော ရပ့ါမလဲ။ အတွေးထဲမှာ ပိုးရည်မျက်နှာလေးက နီးလိုက်ဝေးလိုက်ဖြစ် နေတယ်။

သံစဉ်ကလေးက တဖြေးဖြေး ပီပြင်ရုပ်ကြွလာတယ်။ ကိုယ် အကြမ်းတီးကြည့်တော့ မဆိုးဘူး။ သိပ်မပြည့်စုံသေးပေမယ့် နည်းနည်း ထပ်ဖြည့်ရမှာပဲ။ စာသားလည်း မရေးရသေးဘူးလေ။ ကိုယ်တီးနေတာ ကို ကိုရဲနဲ့သံချောင်းတို့က ငြိမ်ပြီးနားထောင်နေကြတယ်။ ကိုယ်က သီချင်းနဲ့မျောနေရင် ပတ်ဝန်းကျင်ကို မေ့တတ်တယ်။ အတီးရပ်လိုက် တော့မှ သူတို့ကို သတိရသွားတာကိုး။

ကိုရဲက ခေါင်းညိတ်ပြရင်း . . .

"အင်း . . မဆိုးဘူးပဲ၊ ငါပြောသားပဲ မင်းမှာ ပါရမီရှိပါတယ် လို့"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါတလေ တိုက်ဆိုင်သွားတာပါဗျာ"

ကိုယ်ဖြေလိုက်တော့ သံချောင်းက . . .

"ငါပြောတဲ့အတိုင်း ခံစားလိုက်တာမဟုတ်လား၊ အစစ်အမှန် ကြောင့် မင်းချက်ချင်းဖြစ်သွားတာ"

ကိုယ်ရယ်နေလိုက်တယ်။ ကိုရဲက . . .

"ဘယ်လိုစာသားမျိုး ရေးမယ်စိတ်ကူးလဲ"

"နာမည်ကိုတော့

"စကားများများပြောရန်မလိုတော့ပါ" လို့ လောလောဆယ် စဉ်းစားထားတယ်"

"ကောင်းတယ်၊ အတည်ပေးဖို့တောင် ကောင်းတယ်"

ကိုရဲထောက်ခံတယ်ဆိုရင် ကိုယ်ယုံပါတယ်။ သူက ပန်းချီကားဆွဲတာတင်မကဘဲ ဂီတဘက်မှာလည်း ရင်းနှီးလွန်းတယ်။

"ဒါနဲ့ ကိုရဲ၊ ခုနက မင်းညီပြောတဲ့ သူ့သူငယ်ချင်းမင်းမင်း ဆိုတာက . . ."

ကိုရဲက ကိုယ့်ဘက်လှမ်းကြည့်တယ်။ ကိုယ့်မျက်ဝန်းကို လွှဲ ဖယ်ပြီး အမှောင်ထဲကို ပို့ပစ်လိုက်တယ်။ အတိတ်ဆိုတာ ကိုယ့်အတွက် အမှောင်ပါပဲ။

ကိုရဲစကားသံက လေးလေးပြတ်ပြတ် ထွက်လာတယ်။

"မင်းမင်းလား၊ သူဆုံးခဲ့တာ ကြာပါပြီ"

"ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကိုတိုင်လည်း အမှောင်ထဲကို နစ်ဝင်သွားသလို ခံစားလိုက်ရပါတော့တယ်။

* * * *

(၉)

www.burmeseclassic.com

www.burmeseclassic.com

ပိုးရည်နဲ့ပတ်သက်ပြီး သီချင်းလေးတစ်ပုဒ်တော့ ရေးဖြစ် သွားတယ်။ ပြောခွင့်မရသေးတဲ့ အချိန်မှာတော့ သီချင်းလေးနဲ့ နှစ်သိမ့် နေနိုင်ပါတယ်။ တစ်ရက်တစ်ရက် ပိုးရည်တို့အိမ်မှာ အလုပ်ဝင်နေခဲ့ တာလည်း ကြာလာပြီ။ တွေ့လိုက်၊ မတွေ့လိုက်နဲ့ ကိုယ်နဲ့ပိုးရည်ရဲ့ ခင်မင်မှုဟာလည်း ရှေ့ဆက်နေဆဲပဲ။ ကိုယ့်သီချင်းလေးတွေတောင် အကြမ်းသွင်းဖို့ စီစဉ်နေပြီလေ။

တစ်ရက် ပိုးရည်တို့အိမ်ရောက်တော့ နေလင်းက ကော်ဖီ သွားသောက်ဖို့ ပြောတယ်။ ကိုယ်နဲ့သူ ထမင်းစားခန်းထဲကို ဝင်သွား လိုက်တော့ အံ့ဩသွားရတယ်။ ပိုးရည် အိမ်မှာရှိနေလို့ပါ။ အိမ်နေရင်း အဝတ်အစားနဲ့ ကပိုကရိုလေး လှနေတယ်။ ကိုယ်ရင်ခုန်သွားပေမယ့် ပိုးရည်မျက်နှာလေးက အလိုမကျ ဖြစ်နေသလိုပဲ။

ပါးစပ်ကလည်း စူပွပွနဲ့ . . .

"ဖိုးဖိုးကလည်း ပြောလို့ကိုမရဘူး၊ ဆောင်းဦးပေါက်ဆိုတာ ဒီအချိန်ရေချိုးမှကောင်းတာ"

ကိုယ်သဘောပေါက်သွားတယ်။ ငယ်မူပြန်နေတဲ့ သူ့အဖိုးကို ရေချိုးဖို့ပြောနေတာ။ ဟိုကလည်း ကလေးဆိုးကြီးလို ကစားမယ်လုပ် နေတယ်။ ကိုယ့်ကိုလည်းတွေ့ရော သူ့အဖိုးက . . .

"ဟား . . ရှယ်ပဲ၊ လာ . . မင်းညီ၊ မင်းနဲ့ငါ သေနတ်ပစ်တမ်း ကစားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com

သူတို့မိသားစု အပြင်သွားရင် ကိုယ်က အိမ်မှာအနေများလို့ အဖိုးနဲ့ခင်နေတာ။ ခု သူပြောတဲ့ သေနတ်ပစ်တမ်းလည်း ကစားပေးဖူးတယ်။ ကိုယ်ဘာပြောရမှန်းမသိ ဖြစ်နေတုန်း။

"လာလေကွာ၊ မင်း အကြီးတစ်လက် အသေးတစ်လက်ယူ၊ ဟိုနေ့ကလိုပေါ့"

အဖိုးက သူ့သေနတ်ကိုကိုင်ရင်း ကိုယ့်ကိုလည်း ယူခိုင်းတယ်။ ကိုယ့်မှာပဲ လူတွေရှေ့မှာ အဖိုးနဲ့ဆော့ရမလို ဖြစ်နေတယ်။ သူငယ်ပြန်နေတယ်ဆိုပေမယ့် အလုပ်ရှင်ရဲ့အဖေကိုး။

အဲဒီအချိန်မှာပဲ ပိုးရည်က မျက်စောင်းထိုးပြီး . . .

"ဩော် . . အဖိုးရဲ့စစ်တိုက်ဖော်က ကိုမင်းညီပေါ့ ဟုတ်လား"

"ဟာ . . ပိုးရည်ကလည်း အဖိုးပျင်းနေလို့ ကူဆော့ပေးတာပါ"

"ဒါဆိုလည်း ရှင့်သူငယ်ချင်းကို ရေချိုးဖို့ ပြောပေးတော့"

ပိုးရည်က ငေါ့တော့တော့ပြောရင်း ကိုယ့်ကိုကြည့်နေတယ်။ နေရင်းထိုင်ရင်း ကိုယ့်မှာ တရားခံကျနေတာပဲ။ အင်း . . မထူးပါဘူး ဆိုပြီး . . .

"အဖိုး . . . ကျွန်တော်နဲ့ဆော့မလား"

"အေးလေ . . ."

"အင်း . . . ဆော့မှာပေါ့၊ ဒါပေမယ့် ရေချိုးပြီးမှ ဆော့မယ်"

"အေး . . . အေး"

အဖိုးစကားကြောင့် ကိုယ်အားတက်သွားတယ်။ ဒါပေမယ့် အဖိုးဆက်ပြောတာက . . .

www.burmeseclassic.com

www.burmeseclassic.com

"ရေချိုးပြီးမှ ဆော့မယ်ဆိုလည်း မင်းသွားချိုးလေ၊ ငါစောင့်ပေးပါ့မယ်"

"ဟာ . . ."

ကိုယ့်ကိုကြည့်ပြီး ပိုးရည်က တခစ်ခစ်ရယ်တော့တာပဲ။ အဖိုး က ကိုယ့်ကို ရေချိုးမယ်လို့ ထင်သွားတာကိုး။ ကိုယ်ရင်ခံသွားရတယ်။

နေလင်းကလည်း ကော်ဖီသောက်ရင်း ကောင်းဟလို့ လှမ်းပြောတယ်။ ကိုယ်က အဖိုးကိုကြည့်ပြီး . . .

"မဟုတ်ဘူးလေ အဖိုးရဲ့၊ အဖိုးကို ရေချိုးဖို့ပြောတာ"

"ဟာ . . . မချိုးဘူး၊ ချမ်းတယ်"

တကယ်ဆို ရေက ရေနွေးနဲ့စပ်ထားတာပါ၊ အဖိုးက တမင်ဂျစ်တိုက်နေတာ အားလုံးသိတယ်။

ဒါနဲ့ပဲ ကိုယ်က ရေကိုစမ်းပြရင်း . . .

"မအေးပါဘူး အဖိုးရဲ့ နွေးနွေးလေး"

"မနွေးပါဘူး၊ အေးတယ်"

"ဩော် . . . ကဲ . . . အဖိုးချိုးကြည့်လိုက်၊ ပထမတစ်ခွက်ပဲ ချမ်းတာ၊ နောက်ခွက်တွေ မချမ်းတော့ဘူး"

"ဟာ . . . ချိုးဘူးကွာ၊ အဲဒီတစ်ခွက်လည်း ချမ်းတာပဲ"

ပိုးရည်ကတော့ ကိုယ်နဲ့သူ့အဖိုးကို ပေကပ်ကပ်ကြည့်နေဆဲပဲ။ သူ့အမေကလည်း မရရင်လည်း မချိုးပေးနဲ့တော့လို့ လှမ်းပြောနေ တယ်။ ကိုယ်က ရေတစ်ခွက်ခပ်ပြရင်း အဖိုးကိုကြည့်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"အဖိုးကို ကျွန်တော် ခုနကပြောတယ်နော်၊ ပထမတစ်ခွက်ပဲ ချမ်းတယ်လို့"

"အေးလေ . . ."

"ကဲရော့ . . . အဲဒီ ပထမခွက်ကို သွန်ချလိုက်ပြီ၊ နောက်ခွက် တွေ မချမ်းတော့ဘူး"

"ဟုတ်လို့လား"

အဖိုးက မယုံသင်္ကာနဲ့။ ကိုယ်ကလည်း . . .

"ချိုးကြည့်ပါ၊ ပြီးရင် စစ်တိုက်မယ်လေ"

ဒီတော့မှပဲ အဖိုးက ရေကို ခပ်ချိုးတော့တာပါ။ ဟုတ်သားပဲ လို့ ပြောသေးတယ်။ ရေက အစကပဲ အေးမှမအေးတာကို။ ကိုယ်လည်း ခုမှ သက်ပြင်းကျသွားရတယ်။ လှမ်းကြည့်လိုက်တော့ ပိုးရည်မျက်လုံး လက်လက်ကလေးတွေနဲ့ သူ့အမေရဲ့ သဘောကျသွားတဲ့ အမူအရာကို တွေ့လိုက်ရတယ်။ သူ့အမေက . . .

"တော်သေးတာပေါ့ မောင်မင်းညီ စိတ်ကူးကောင်းလို့"

"ကျွန်တော်လည်း ဟာသလေးတစ်ခုကို တွေးမိသွားတာနဲ့"

ပိုးရည်က အပြုံးလေးနဲ့ လှည့်ထွက်သွားလေရဲ့။ ကော်ဖီ သောက်ပြီးတော့ သူ့အမေကို ဈေးလိုက်ပို့ရတယ်။ ပြန်လာတော့ ပြင် ဆင်ပြီး ဧည့်ခန်းမှာထိုင်နေတဲ့ ပိုးရည်ကို နတ်သမီးလေးလို တွေ့လိုက် ရပါတယ်။

ကိုယ့်ကိုလည်းမြင်ရော ပိုးရည်က . . .

"ကျွန်မ ကိုမင်းညီကို စောင့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို ဟုတ်လား"

တကယ်အံ့ဩသွားလို့ ပြန်မေးလိုက်ရတယ်။ ပိုးရည်က ခေါင်း ညိတ်ပြရင်း . . .

"ဟုတ်တယ်၊ ကျွန်မကားက မနေ့ညကပဲ ဝပ်ရှော့မှာထားခဲ့ ရလို့"

ကိုယ်သဘောပေါက်သွားတယ်။ ပိုးရည်က ကိုယ့်ဆီကကား ကို စောင့်နေတာကိုး။ ကိုယ် ကားသော့ကို လှမ်းပေးလိုက်တော့ ပိုးရည် မျက်လုံးလေးနှစ်ဖက်စုသွားတယ်။ ကိုယ့်ကိုလည်း . . .

"ဟင် . . . ဘာလုပ်ဖို့လဲ"

"ပိုးရည်ကားယူမလို့ စောင့်နေတာ မဟုတ်လား"

သဘောကျသလို တခစ်ခစ် ရယ်ပါတော့တယ်။ သူရယ်တာ လေးက မျက်လုံးလေးတွေပါ လိုက်ရယ်သလို အသက်ဝင်လွန်းလို့ ကိုယ်အသက်ရှူဖို့တောင် မေ့မတတ်ပဲ။ ပြီးတော့မှ သူရယ်တဲ့အကြောင်း ကို နားမလည်လို့ ပြန်မေးမိတယ်။

"ဘာ . . . ဘာဖြစ်လို့လဲ ပိုးရည်ရဲ့၊ ကားမယူဘူးလား"

"ယူမှာပေါ့"

"ဟာဗျာ"

ဒါနဲ့များ ရယ်နေရသေးတယ်လို့။ ဒင်းနားရွက်ကလေးကိုပဲ ဖွဖွလေး ဆွဲလိမ်မိချင်တော့တယ်။ ကိုယ်ကြောင်သွားတော့ သူက ထပ် ရယ်နေပြန်ရော။ ကိုယ်တကယ်ပဲ နားမလည်တော့ဘူး။

"ကျွန်မ ကားယူမှာက ဟုတ်တယ်လေ၊ ကားသော့တော့ မယူ ချင်ဘူး၊ မမောင်းချင်လို့"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . ."

ကိုယ်ခုမှ တကယ်သဘောပေါက်သွားတာပါ။ ရင်ထဲမှာလည်း ဆွတ်ပျံ့ကြည်နူးလို့။ ပိုးရည်နဲ့အတူတူ သွားရမယ်ဆိုတဲ့ အတွေးနဲ့တင် ကိုယ့်ရင်ခုန်သံတွေ အထားအသို မမှန်ချင်တော့ဘူး။ ကလေးတစ်ယောက်လို မြူးတူးသွားမိတယ်။ ကိုယ်လည်း လူသားပဲ ပိုးရည်ရယ်။ သူရဲကောင်းတွေတောင် ချစ်သူနဲ့ဆိုရင် သိုးငယ်လေးလို ဖြစ်တတ်ကြတာပဲကွယ်။

ကားနားရောက်တော့ ကိုယ်က နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်တယ်။

ပိုးရည်က . . .

"ဟင့်အင်း . . . ရှေ့မှာပဲ ထိုင်မယ်"

အဲဒီစကားကြောင့် ကိုယ့်ရင်ထဲမှာ ဒိန်းကနဲ။ ပိုးရည်က သူ့ ဟာသူ မလုံမလဲဟန်နဲ့ . . .

"ဟိုလေ လမ်းမှာ သူငယ်ချင်းတွေ ဝင်ခေါ်ရမှာမို့လို့"

ဝင်ထိုင်ရင်း ရှက်ငွေ့ငွေ့နဲ့ ကိုယ့်ကိုရှင်းပြနေတယ်။ ကိုယ် တစ်ခုခုကို လွှတ်ခနဲ ပြောလိုက်ချင်ပေမယ့် ချက်ချင်းပဲ ထိန်းချုပ်ထားလိုက်မိပြန်တယ်။ စကားလေးနဲ့တောင် အရောင်မဆိုးရက်ပါဘူးလေ။ ပိုးရည် ကိုယ်သင်းနံ့လေးနဲ့ပဲ ကိုယ်ခဏလေး လှိုက်ခုန်နေပါရစေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ပိုးရည်ပြတဲ့ခြံရှေ့မှာ ရပ်ပေးလိုက်ပြီး သူပြောတဲ့အတိုင်း ဟွန်းတီးပေးလိုက်တယ်။ သိပ်မကြာဘူး။ ပိုးရည်နဲ့ရွယ်တူ ကောင်မလေး နှစ်ယောက်ထွက်လာတယ်။ ကားထဲကို ငုံ့ကြည့်ပြီး တစ်ယောက်က-

"အံမယ် . . . ရှင်က ဘယ်လိုဖြစ်လာတာလဲ"

"ဘာလဲဟ၊ နင်တို့ကလည်း ဘာဖြစ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ပိုးရည် ဘောက်ဆတ်ဆတ်ပြန်ပြောတော့ နောက်တစ်ယောက် က ကိုယ့်ကိုမေးငေါ့ပြီး . . .

"ဒီမှာလေ၊ ဒါကိုပြောတာ ဒါကိုပြောတာ"

ပိုးရည်တော့ မသိဘူး။ ကိုယ် တကယ်ပဲ မျက်နှာထူအမ်းသွား ရတယ်။ ပိုးရည်က ပြာပြာသလဲပဲ . . .

"အာ . . နင်တို့ကလည်း သူက ဟိုလေ ဖေဖေ့ကို ကူညီဖူးတဲ့ ကိုမင်းညီဆိုတာ၊ အိမ်မှာ ကားမောင်းပေးနေတယ်"

"အဟီး . . သိပါဘူး၊ နင်များ ပြုန်းစားကြီး မျက်လှည့်ပြလိုက်လားလို့"

"အောင်မာ . . . ပြစရာလားဟဲ့"

မျက်နှာရဲပြီး ပိုးရည်ပြန်အော်တော့တယ်။ သူတို့နောက်ခန်းမှာဝင်ထိုင်တော့ ပိုးရည်က မနေ့က ကားပျက်တဲ့အကြောင်း မလုံမလဲ ရှင်းပြနေသေးတယ်။ ခဏနေတော့လည်း ကိုယ့်ကိုရှိတယ်လို့ မထင်တော့ဘဲ ပေါက်ပေါက်ဖောက်သလို စကားတွေ ပြောနေကြတော့တယ်။ ခေတ်ကာလသမီးတွေများ စကားအတော်ပြောနိုင်လွန်းပါတယ်။

လမ်းမကြီးပေါ်တက်တော့ ဘယ်ကိုမောင်းရမှန်း မသိတာနဲ့-

"ပိုးရည် ဘယ်ကိုသွားမလဲ မသိဘူး"

"ဆိုင်ကို . . . "

"ဗျာ . . . "

"ဩော် . . အင်း . . တည့်တည့်သွားပြီး ပြည်လမ်းရောက်မှ ညာဘက်ချိုးလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ဆို ကိုယ့်မှာမေးစရာမရှိတော့ပါဘူး၊ သူပြောတဲ့ အတိုင်းပဲ မောင်းနေလိုက်တယ်။ စကားပြောနေကြရင်း တစ်ယောက် က . . .

"မိပိုးရေ့၊ ဒီအခွေလေး ဖွင့်ခိုင်းလိုက်"

"အာ . . . Hip Hop အခွေကြီး၊ ဆူညံနေမှာပဲဟာ"

"နင်မှ မခံစားတတ်တာကိုး"

ဟိုက ပြန်ပြောတော့ ပိုးရည်အသံက မာဆတ်ဆတ်ထွက် လာပြန်တယ်။

"ငါလည်း သီချင်းကြိုက်ပါတယ်ဟာ၊ နင်တို့ဟာတွေတော့ မကြိုက်ဘူး၊ အော်အော် မအော်အော် သံစဉ်ဂီတပါတဲ့ဟာပဲ ကြိုက် တယ်၊ နင့်ဟာက ရန်ဖြစ်သလိုပဲ၊ တစ်ချို့ဆို ဆောင့်ကြီးအောင့်ကြီးနဲ့"

အိုး . . ပိုးရည်က ဂီတကို ခံစားတတ်တယ်တဲ့။ ရင်ထဲမှာ အတိုင်းမသိ ကျေနပ်သွားတယ်။

စကားတွေ လုပြောနေရင်း နောက်က ကောင်မလေးက . .

"ခဏလေးပါဟာ၊ ရှေ့က ဟိုဘယ်သူ၊ ဒါလေး ဖွင့်ပေးပါနော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"တွေ့လား၊ သူများတွေ ဘယ်လောက်လိမ္မာလဲဆိုတာ"

ကိုယ်ရယ်လိုက်တော့ ပိုးရည်မျက်စောင်းက ဝင့်ခနဲပဲ။ ခဏ နေတော့ ပိုးရည်က မိတ်ဆက်ပေးပါတယ်။

"ဩော် . . . ကိုမင်းညီ၊ သူက မျိုးမစစ်တဲ့"

"ဟဲ့ . . မိပိုး . . နာမည်မဖျက်နဲ့၊ ကျွန်မနာမည်က မျိုးမျိုးဆစ် နော်၊ သူ့နာမည်သာ မိုးပိ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ကျွန်မက ပုံ့ပုံ့နော်"

"ပုတ်ပုတ်လို့ခေါ်လည်း ရပါတယ်လို့ ထည့်ပြောလေ"

နာမည်ပြောင်တွေ ဖြစ်မှာပါ။ အင်း . . မိပိုးဆိုတော့လည်း မိုးပိဖြစ်သွားမှာပေါ့။ ကိုယ်က သတိရသွားလို့ ပိုးရည်ကိုကြည့်ရင်း . .

"ကျွန်တော့်နာမည်ကိုလည်း ကိုမြင့်ကြည်လို့ မမှားနဲ့နော်၊ ညိုမင်းညီ . . . ညိုမင်းညီ . . ."

သုံးယောက်စလုံး လိုက်ရယ်ကြတယ်။ ပိုးရည်ကတော့ သူ့ကို စောင်းပြောမှန်းသိလို့ မျက်စောင်းတွေ တစ်ချက်ပြီးတစ်ချက် ချီးမြှင့်နေတော့တာပဲ။ ပိုးရည်က ဆက်ပြောတယ်။

"ကျွန်မတို့သုံးယောက်က ကော်ဖီဆိုင်လေး ဖွင့်ထားကြတာ လေ၊ စမ်းချောင်းထဲမှာ ဆိုင်နာမည်က sweet dream တဲ့"

"ဟာ . . ဟုတ်လား၊ ခုမှသိတယ်၊ အဲဒါ ပိုးရည်တို့ဆိုင်လား၊ နာမည်လေးကြိုက်တယ်၊ အဲဒါ Marelyn Manson ရဲ့ သီချင်းတစ်ပုဒ် နာမည်ပဲ"

"အယ် . . . ရှင်က သိတယ်"

"သိတာပေါ့၊ ကျွန်တော်ကြိုက်တဲ့ အဆိုတော်ပဲ ဥစ္စာ"

"ရှင်က အလာကြီးပဲ"

ကိုယ်ပြုံးပဲ ပြုံးနေလိုက်တယ်။ အဲဒီသီချင်းကို အလွတ်ရတယ် လို့ ပြောလိုက်ရင် လန့်တောင်လန့်သွားမလားပဲ။ သူတို့ဆိုင်လေးကို ကိုယ်သိပါတယ်။ ညဘက်တွေမှာ ဟော်လိုရှီးလေးပါ တွဲထားတဲ့ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်လေး။ ဟိုးအရင် ကိုယ်နဲ့ခင်ဖူးတဲ့ လူတစ်ယောက်တောင် အဲဒီမှာ ဂစ်တာတီးနေတယ်။ သူနဲ့ကိုယ်တောင် ပြန်တွေ့တာ မကြာသေးဘူး။

ဆိုင်ရှေ့ရောက်တော့ ကိုယ်ကားပေါ်မှာပဲ စောင့်နေလိုက် တယ်။ အတော်ကြာတဲ့အထိ ပြန်မထွက်လာကြဘူး။ ပျင်းလာတာနဲ့ ကားအပြင်ထွက်ပြီး မတ်တပ်ရပ်နေလိုက်တယ်။

ခဏနေတော့ ပိုးရည်ပြန်ထွက်လာပါတယ်။

"သွားရအောင် ကိုမင်းညီ၊ ယုဇနပလာဇာ ခဏပြေးရဦးမယ်၊ လိုတာလေးတွေရှိလို့"

ဒါနဲ့ပဲ ပလာဇာကို ချီတက်ရပြန်တယ်။ ဟိုရောက်တော့ ကိုယ် မေးပါသေးတယ်။

"ပိုးရည် ကျွန်တော်လိုက်ခဲ့ပေးရမလား၊ ဝယ်စရာတွေများရင် ကူသယ်ပေးမယ်လေ"

ခဏလေး တွေခနဲဖြစ်သွားပြီးမှ ကိုယ့်ကိုကြည့်ရင်း . . .

"ရတယ် ရတယ်၊ ဒီကပဲ စောင့်နေလိုက်တော့"

အပေါ်ထပ်က ကားပါကင်မှာစောင့်ရင်း ကိုယ်ပျင်းလာတယ်။ ကိုယ့်ကို မခေါ်သွားတဲ့ ပိုးရည်ကိုပဲ အပြစ်တင်ရမလိုပဲ။ ကားထဲဝင်ပြီး ဒက်ရှ်ဘုတ်ကို ဖွင့်လိုက်တယ်။ အဲဒီထဲမှာ Entremeရဲ့ ခွေလေး တစ်ခွေရှိနေတယ်လေ။ ကားကက်ဆက်ထဲ အခွေထိုးထည့်လိုက်တော့ သီချင်းသံထွက်လာပါတယ်။ ကိုယ်မျက်စိမှိတ်ထားလိုက်မိတယ်။ သီချင်းနဲ့ ပတ်သက်ရင် ကိုယ်က အရူးအမူးပဲ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပုဒ်ပြီးတစ်ပုဒ် နားထောင်ရင်း ကိုယ်အရမ်းကြိုက်တဲ့ More Than Words သီချင်း ပျံ့လွင့်လာလေရဲ့။ ဒီသီချင်းကို အဆိုတော်ကိုသျှပ် (ထူးအိမ်သင်) တောင် စကားလုံးမရှိတဲ့ကောင်းကင် ဆိုပြီး ဆိုထားသေးတယ်။ သီချင်းထဲမှာ စီးမျောရင်း ကိုယ်တိုးတိုးလေး လိုက်ဆိုနေမိတယ်။

သီချင်းဆုံးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုယ်အံ့သြသွား ရတယ်။ မျက်ဝန်းနက်နက်ကလေးတွေနဲ့ ပိုးရည် အပြင်ဘက်ကနေ စိုက်ကြည့်နေလို့ပါ။ ကိုယ်လည်း ကက်ဆက်ကို အမြန်ပိတ်ရင်း အားနာသွားလို့ . . .

“ဟာ . . . ဆောရီး၊ ပိုးရည်ရောက်နေတာ ကြာပြီလား”

“မကြာသေးပါဘူး၊ What Would you do ထဲက ရောက်နေတာ”

ပြုံးစစနဲ့ပြောလို့ ကိုယ်ထပ်ရှက်သွားတယ်။ မျောပြီး လိုက်ဆို နေတာ သူမိသွားပြီပေါ့။

“အားနာလိုက်တာဗျာ၊ ပျင်းလာတာနဲ့ သီချင်းဖွင့်ပြီး . . . ”

“ထပ်ပြောရဦးမယ်၊ ရှင်က အလာကြီးပဲ”

“ဗျာ . . . ”

“အင်္ဂလိပ်သီချင်းတောင် အလွတ်ရနေလို့လေ”

“ဟာဗျာ၊ ဒီသီချင်းလေးကို ကြိုက်လို့ပါ”

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမပြောတော့ဘဲ ပိုးရည် ကားပေါ်ဝင်ထိုင်လိုက်ပါတယ်။ သူ့လက်ကလေးနဲ့ ကက်ဆက်ကို ပြန်ဖွင့်လိုက်လေရဲ့။ ဘယ်လိုမှ မထင် ရက်ပေမယ့် ကိုယ့်မှာ ကြည်နူးရပြန်တယ်။

"ကိုမင်းညီက ဂီတကို တော်တော်ဝါသနာပါတာလား"

"ဟုတ်တယ် ပိုးရည်၊ ကျွန်တော့်ဘဝမှာ ဂီတက တော်တော် လေး နေရာယူထားတယ်လေ၊ ဘယ်အချိန်မဆို ဂီတနဲ့ပတ်သက်ရင် အရှူးအမူးပဲ"

ပိုးရည်က သက်ပြင်းဖွဖွချတယ်။ ကိုယ့်ကိုငဲ့ကြည့်ရင်းနဲ့ ထပ် မေးပြန်တယ်။

"ရှင့်ပုံစံက ဂီတသမားပုံစံပေါက်ပါတယ်၊ ဟိုလေ စိတ်မရှိနဲ့ နော်၊ ရှင့်လို အနုပညာသမားတစ်ယောက်က ဘယ်လိုလုပ်ပြီး ထောင် အဲ . . . အဲလိုဖြစ်ရတာလဲလို့"

"ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ်ပေါ့ ပိုးရည်ရယ်၊ စိတ်အစွန်း ရောက်သွားရင် မှားတတ်တာပေါ့၊ ကျွန်တော့်အမှားကိုတော့ ကျွန်တော် နောင်တလုံးဝမရဘူး၊ အဲ . . ထပ်ကျူးလွန်ဖို့ မဟုတ်ဘူးနော်၊ အဲဒီ အမှားအတွက် ပြစ်ဒဏ်ခံခဲ့ရတာကို ကျေနပ်တာမျိုးပါ"

ပိုးရည်အံ့ဩသွားပြီး ကိုယ့်ကို ထပ်မေးလာတယ်။

"ဒါနဲ့ ကိုမင်းညီက ဘာအမှုဖြစ်ခဲ့တာလဲ"

"အင်း . . . လူသတ်မှုလို့ ပြောရတော့မှာပဲ"

"ရှင် . . ."

www.burmeseclassic.com

* * * *

www.burmeseclassic.com

(၁၁)

ဟိုတစ်နေ့က မေးပြီးနောက်ပိုင်းမှာ ပိုးရည် ကိုယ့်ကို အမှု အကြောင်း ဘာမှထပ်မမေးတော့ပါဘူး။ အားနာလို့ထင်ပါရဲ့။ ကိုယ် လည်း ဒီအကြောင်းတွေ ပြန်မပြောချင်တာ တကယ်ပါ။ အဲဒီနေ့က ပိုးရည်ငြိမ်သက်သွားပေမယ့် နောက်နေ့တွေမှာတော့ ပုံမှန်အတိုင်းပဲ။ အရင်လိုပဲ ခင်တယ်ဆိုပါတော့။ ကားထဲမှာတောင် ကက်ဆက်ခွေလေး

www.burmeseclassic.com

www.burmeseclassic.com

တွေ ထပ်ထည့်ထားပေးသေးတယ်။ နာကျည်းစရာအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောပြချင်တာကိုပဲ ပိုးရည်ကို နားလည်စေချင်ပါတယ်။

ဒီကြားထဲ ပိုးရည်ကို ရည်ညွှန်းပြီးရေးထားတဲ့ **စကားများများ ပြောရန်မလိုတော့ပါ** ဆိုတဲ့သီချင်းလေး Demo စသွင်းဖြစ်တယ်။ ငွေကလည်း တစ်ခါတည်း အများကြီးမတတ်နိုင်တော့ ကိုရဲအသိ ကြည်သူ ရဲ့ Dr. beat ဆိုတဲ့ Home Studio လေးမှာ သွင်းဖြစ်ကြတယ်။ ကြည်သူဆီမှာ ပစ္စည်းတွေ မပြည့်စုံပေမယ့်လည်း သူက စိတ်ရှည်ပါ တယ်။ သူကိုယ်တိုင်တောင် ဘေ့စ် (bass) ဝင်တီးပေးသေးတယ်။ နောက်ဆုံး ပရိုဂျူဆာကိုပြဖို့ ရလောက်တဲ့ ကွာလတီလောက်ရတာ အမှန်ပဲ။

တစ်ညနေ အလုပ်ပြီးလို့ အိမ်ပြန်မယ်လုပ်တော့ ပိုးရည်က-

"ကိုမင်းညီ . . အချိန်ရရင် ကျွန်မကို ဆိုင်လိုက်ပို့ပေးပါဦး၊ ကားက မကောင်းပြန်ဘူး"

"ရပါတယ်"

ဖြစ်နိုင်ရင် ပိုးရည်ရဲ့မာ့တူးကားကြီးကို အင်ဂျင်ပါချစေချင် တာလို့ စိတ်ထဲက မညှာမတာ တွေးမိသေးတယ်။ သွားတော့ထုံးစံ အတိုင်း မျိုးမျိုးဆစ်နဲ့ ပုံ့ပုံ့ကို ဝင်ခေါ်ရတယ်။ ဆိုင်မှာက မန်နေဂျာရှိ ပေမယ့် သူတို့သုံးယောက်က လွှတ်မထားဘူး။ အမြဲလိုလို တစ်ယောက် ယောက်ရှိနေတတ်တာ။ ခုတော့ သုံးယောက်ပူးကြီး။ ဆိုင်က ဝန်ထမ်း တွေတော့ မျက်ခုံးလှုပ်နေမှာပဲ။ မိန်းမတွေက ခိုင်းလိုက်ရင် ပစိမစပ် များလွန်းလို့လေ။

ခုလည်း လမ်းမှာ စကားတွေ လုပြောရင်းနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . မိပိုး၊ နင့်ဆီကို ကိုချစ်ကိုကြီး မလာတော့ဘူးလား"

"မသိဘူးလေ၊ ငါလစ်လစ်နေလို့ အိမ်ကိုတော့ မလာဘူး၊ ဖုန်းကတော့ ဆက်နေတာပဲ၊ စိတ်ရှုပ်တယ်"

ကိုယ် ဒိန်းခနဲ ဖြစ်သွားတယ်။ ဒါ ပိုးရည်နဲ့ပတ်သက်တဲ့ တစိမ်းယောကျ်ားတစ်ယောက်ရဲ့နာမည်ကို ပထမဦးဆုံး ကြားရတာပဲ။ မျိုးမျိုးဆစ်က ဆက်ပြောသေးတယ်။

"ငါနဲ့ တစ်နေ့က တွေ့တယ်ဟ၊ သူ့ဆေးခန်းဘက်လည်း လာလည်ပါဦးတဲ့၊ ဖိတ်လိုက်တယ်"

ဒီလူနှယ်။ ဖိတ်စရာရှားလို့ ဆေးခန်းကိုများ ဖိတ်ရတယ်လို့။ မဆိုကောင်းဆိုကောင်း နေမကောင်းက ဖြစ်ပေးရဦးမယ်။

"မသွားချင်ပါဘူးဟာ၊ သူ့သွားဆေးခန်းကြီးကို၊ နင့်ဟာနင်ပဲ သွားတော့"

"ဟဲ့ . . . ဖြစ်မလားဟဲ့၊ နင်ပါမှ သူကျွေးတဲ့မုန့်ကို စားရမှာ ပေါ့ . . . အဟီး"

ပိုးရည်မျက်နှာလေးက မဲ့သွားတယ်။ ဟိုလူ့အတွက် အားတက်စရာပဲ။ မမြင်ဖူးပေမယ့် ကိုယ်မေတ္တာပို့နေမိတယ်။ ပိုးရည်ကပဲ-

"ငါမပါလည်း ဖြစ်ပါတယ်ဟာ၊ နင်တို့သွားလို့ မုန့်မကျွေးရင် တောင်ရောက်တုန်းရောက်ခိုက် ကြုံတုန်းလေးဆိုပြီး သွားတစ်ချောင်း စိအလကားနှုတ်ပေးလိုက်မှာ သေချာတယ်"

"ပြောထားပါ၊ ကိုချစ်ကိုကြီးလာရင်သာ ငါတို့ကို မလွှဲချနဲ့၊ ဒီတစ်ခါ မကယ်ဘူး သိလား"

www.burmeseclassic.com

www.burmeseclassic.com

ဟိုသွားဆရာဝန် ဘယ်လောက်ပတ်လိုက်ထားလည်း မသိ ဘူး။ ပိုးရည်မျက်နှာလေး မှုန်တေသွားတယ်။

"ရတယ်လေ၊ ငါကလည်း ဘာမှမဖြစ်ဘူး၊ သူ့ဟာသူ အတင်း လိုက်ကပ်သပ်နေတာလေ၊ ရင်မခုန်ဘူး"

"ပြောထားပေ့ါ မိပိုးရယ်၊ နင် ရင်မခုန်ပေမယ့် နင့်အိမ်က တော့ သဘောကျနေတယ် မဟုတ်ဘူးလား"

"တော်ပါဟယ်၊ ဆိုင်ကိစ္စပဲ ငါ့ခေါင်းထဲမှာရှိတယ်"

တကယ်လည်း တော်ပါသေးရဲ့။ ပိုးရည် ဘာဘာညာညာတွေ မတွေးထားလို့။ ကိုယ်ကြိတ်ပြီး ဝမ်းသာသွားတယ်။ ပြီး ကိုယ့်အခြေ အနေနဲ့ ပြန်ဝမ်းနည်းသွားတယ်။ ကိုယ့်မှာပဲ နှလုံးသားရေးရာမှာ စုန်းပြူး ဖြစ်ရတော့မှာလားကွယ်။

"ကိုမင်းညီ ငြိမ်လှချည်လား"

"ဩော် . . . အင်း . . . ဒီလိုပါပဲ"

အိုးတိုးအမ်းတမ်းနဲ့ပြန်ဖြေတော့ ပုံ့ပုံ့က မျက်မှောင်ကုတ်ပြီး-

"ဘာလဲ ရည်းစားအကြောင်း စဉ်းစားနေတာလား"

"ဟာ . . . မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ကလည်း . . . "

"ဒါဆို ကိုမင်းညီက မိန်းမ,မယူဘူးပေ့ါ"

တစ်ယောက်တစ်ပေါက်နဲ့ ကိုယ့်ကို ကျပ်နေကြတယ်။ ပိုးရည် ကတော့ ဘေးနားက ပြုံးစိစိနဲ့ပဲ။ သူတို့က ပွင့်လင်းသူတွေမို့ ကိုယ်က လည်း ဘယ်ရမလဲ။

"မိန်းမတော့ ယူမှာပေ့ါဗျ၊ အခြောက်မှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ခစ် . . . ခစ် . . . ယူဦးမယ်တဲ့ဟေ့"

ပြောရင်း ရယ်ကြပြန်တယ်။ မျိုးမျိုးဆစ်က ထပ်မေးသေးတယ်။

"ကဲ . . . ဆိုစမ်းပါဦး၊ ဘယ်လိုမိန်းမမျိုးယူမှာလဲလို့"

"အင်း . . . အခြေခံပဲ ပြောကြပါစို့ဗျာ"

"အလဲ့ . . . အခြေခံတွေ ဘာတွေနဲ့ . . ."

"ဟာဗျာ၊ ကျွန်တော်ဆိုလိုတာက မိန်းမတွေမှာ အခြေခံအား ဖြင့် **ဥစ္စာ၊ ပဏ္ဍိတာ၊ မရှိမ၊ ဟိန** ဆိုပြီးရှိတယ်ဗျ"

"အယ် . . . သိတောင်မသိဘူး၊ ပြောစမ်းပါဦး"

"အဲဒီအထဲက **ပဏ္ဍိတာ** မိန်းမလောက်ရရင် တော်ပါပြီ"

"ဘာတုန်း **ပဏ္ဍိတာ** မိန်းမက . . ."

ပုံ့ပုံ့က မနေနိုင်၊ မထိုင်နိုင် ကားစီးရင်း မေးတယ်။

"လာမယ်လေဗျာ၊ **ဥစ္စာ** မိန်းမဆိုတာက အမြတ်စားမိန်းမ ပေါ့ဗျာ၊ ဒီခေတ်မှာ ရှားပါတယ်၊ အဲလောက်လည်း မမျှော်လင့်ပါဘူး၊ အဲ . . **ပဏ္ဍိတာ** မိန်းမကျတော့ အကောင်းစားမိန်းမဗျ၊ ဒီလောက်တော့ လိုချင်တာပေါ့"

"ဒါဆို **မရှိမ** နဲ့ **ဟိန** ကကော . . ."

"အဲဒါက အလတ်စားနဲ့ အညံ့စားလေ"

"ဟင် . . . ငါတို့လည်း ဘယ်အထဲပါနေပြီလဲ မသိဘူး"

ပြောရင်း ရယ်ကြပြန်တယ်။ သူတို့နဲ့ စကားပြောရတာ ပျော်ဖို့ တော့ ကောင်းပါတယ်။ ကိုယ့်မှာတော့ စကားပြောရင်း၊ ကားမောင်း ရင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပိုးရည်ကို ခိုးခိုးကြည့်ရတာလည်း ပါတာပေါ့။ တစ်ချက်တစ်ချက် ပိုးရည်အကြည့်နဲ့ ဆုံဆုံနေလို့ ကိုယ်အနေခက်ရတာလည်း ခဏ,ခဏ ပါပဲ။

ကားရပ်တော့ ကိုယ့်ကိုပါ ဆိုင်ထဲအတင်းခေါ်ပါတယ်။ ကော်ဖီ တိုက်မလို့ဆိုပဲ။ ကိုယ်ကတော့ ပိုးရည်အိမ်မှာ တစ်ခါဖျော်ပေးဘူးတဲ့ ကော်ဖီလောက်ကို ကောင်းတယ်မထင်ဘူး။ တကယ်တော့ အဲဒီတုန်း က ကော်ဖီမစ်ထုပ်ကြီးပါ။ ကိုယ့်ဟာကိုယ် ကြံဖန်ပြီး အတင်းကောင်း ပစ်လိုက်တာ။ ခုတော့ ဘရာဇီးကော်ဖီတစ်ခွက်နဲ့ ဆိုင်ထဲမှာလည်း ညချမ်းမို့ ဂစ်တာသံတွေက ပျံ့စီးနေပြီ။

ဂစ်တာသံ မတိုးမကျယ်မှာ ကိုယ်မျှောပါနေတယ်။ တစ်ခါ တလေလည်း ဒီလိုဆိုင်တွေမှာ သီချင်းဆိုချင်ပါတယ်။ ကိုယ်ကတော့ ကိုယ့်အနုပညာကို ဘယ်နေရာမှာမဆို လိပ်ပြာလုံပါတယ်။

ကိုယ့်အနားကို ပိုးရည်နဲ့ ပုံ့ပုံ့ပြန်ရောက်လာတယ်။

"အဲဒီကိစ္စကတော့ အမြဲကွိုင်ပဲဟာ၊ ကျွတ်(စ်) . . ."

ဘာဖြစ်လာတာလဲ မသိဘူး။ နှစ်ယောက်စလုံး စိတ်ရှုပ်နေကြ ပုံပေါ်တယ်။ ကိုယ်က မနေနိုင်၊ မထိုင်နိုင်ဘဲ ဝင်မေးမိတယ်။

"ဘာတွေဖြစ်နေကြတာလဲဗျ"

"ဩော် . . . ဆိုင်မှာက Light အတွက်ကို ဖယောင်းတိုင် လေးတွေ သုံးရတာရှိတယ်လေ"

"အင်း . . ."

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပေါ့၊ ဖယောင်းတိုင်က အရမ်းအကြီးကြီးလည်း သုံးလို့ မလှဘူး၊ အသေးလေးဆိုလည်း ခဏ,ခဏထပ်ထွန်းရတော့ အလုပ်ရှုပ် တယ်၊ ရှုပ်ပျက်တယ်၊ အဲဒါကို ခေါင်းစားနေကြတာ"

"ဪ . . . အဲဒါလား၊ လွယ်ပါတယ်ဗျာ၊ အချိန်တစ်ပတ်လောက်တော့ ယူရမယ်"

"ကိုမင်းညီ . . . မနောက်နဲ့နော်၊ တကယ် ညစ်နေတာ"

ပံ့ပံ့ကိုကြည့်ပြီး ကိုယ်က ခပ်တည်တည်နဲ့ပဲ . . .

"ဟာ . . တကယ်ပါ၊ ဖယောင်းတိုင်ရဲ့ မီးစာနေရာကိုချန်ပြီး သစ်သားကိုသုတ်တဲ့ ဆေးဖြူလေးနဲ့သုတ်၊ ပြီးတော့ တစ်ပတ်လောက် အခြောက်ခံထားလိုက်၊ ထွန်းတဲ့အခါ သုတ်ထားတဲ့ဆေးက မာတောင့်နေလို့ ဖယောင်းအရည်ပျော်လည်း ချက်ချင်းမစီးကျလို့ မြန်မြန်မကုန် ဘူး၊ တော်တော်ကြာကြာကိုခံတယ်၊ အိမ်တွေမှာတော့ ဘယ်သူမှ တကူး တကနဲ့ မလုပ်ကြလို့ပါ၊ ဆိုင်အတွက်တော့ အဆင်ပြေပါလိမ့်မယ်"

နှစ်ယောက်စလုံး ငြိမ်ပြီးနားထောင်နေကြတယ်။ ပြီးတော့မှ ပံ့ပံ့က . . .

"မိပိုး . . ."

"ဘာတုန်းဟ"

"နင့် ကိုမင်းညီက အလာကြီးပဲ၊ မလွယ်ဘူးနော်"

ပိုးရည်က ကိုယ့်ကို ပေစောင်းစောင်းလေးကြည့်ရင်း . . .

"အလာကြီးလား၊ အရာကြီးလားတော့ ငါလည်း မသိဘူး၊ မလွယ်ရင်တော့ တိုင်မှာသာ ချိတ်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com

"အေးပါ၊ နင့်ကိုပါ ကိုမင်းညီက ပြန်ချိတ်ထားဦးမယ်"

"ပွဲ့ပွဲ့နော်"

သူတို့ဖာသူတို့ပြောရင်း ရယ်ကြပြန်သည်။ ချစ်တဲ့ပိုးရည် စိတ်ချမ်းသာနေတာတွေ့ရင် ကိုယ့်စိတ်တွေလည်း ကြည်စင်လို့၊ လှိုက်မော လို့။ ချစ်တယ် ခွေးဖြူမလေးရယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

မနက်ပိုင်းပဲရှိသေးတယ်။ ခြံထဲကို ပရာဒိုအစိမ်းပုတ်ရောင် ကားကြီး ဖြူးဖြူးနဲ့ ဝင်လာကတည်းက ကိုယ်မျက်မှောင်ကုတ်မိတယ်။ ဒီလောက် အတင်းကြီးမောင်းလာစရာ မလိုပါဘူး။ ကိုယ် ကားသန့် ရှင်းရေးလုပ်နေချိန်ပေါ့။ နေလင်းက ကပ်ပြောတယ်။ ကြက်ဖကြီးလာ ပြန်ပြီတဲ့။ ပထမတော့ ကိုယ်လည်း နားမလည်ဘူး။

ကားပေါ်က ဆင်းလာတဲ့ လူကိုတွေ့တာနဲ့ သရိုးသအီဖြစ် သွားတယ်။ ဘယ်နှယ့်ဗျာ။ ကားက အစိမ်းပုတ်ရောင်၊ သူဝတ်စားလာ တာက စတိုင်ဘောင်းဘီနီညိုရောင်နဲ့ အပေါ်က ရှပ်အင်္ကျီမော်ဒယ် စိမ်းရောင်ကို တွဲဝတ်လို့။ ကြည့်ရတာ ကန့်လန့်ဖြစ်နေတယ်။ ဒီလို ဝတ်စားတာတွေ ကိုယ်တွေ့ဖူးပါတယ်။ ကိုယ့်အကိုလိုခင်ရတဲ့ စာရေး ဆရာချမ်းမင်းအိမ်လည်း ဝတ်တာပါပဲ။ ဒါပေမယ့် ကိုချမ်းက ညိုညို လုံးလုံး လူသန်ကြီး။ ဒီလူကျတော့ ပိန်ခြောက်ခြောက် မွဲချိချိနဲ့။ ပိုဆိုး တာက ရွှေတွေကို ပုရိသဖြစ်ရဲ့သားနဲ့ တအားဝတ်ထားတာပဲ။ ခန္ဓာ ကိုယ်နဲ့မလိုက်အောင် မြောက်ကြွကြွနဲ့ လျှောက်လာသေးတယ်။

ကိုယ်လည်း မမြင်ချင်ဟန်ဘဲ ဆောင်နေလိုက်တယ်။ ကြည့် ရတာ အဆင်မပြေလို့ပါ။ ကားနားလည်းရောက်ရော ကိုယ်ရေဆေး နေတဲ့ကားကို ကားပွဲစားတွေအတိုင်း တဒေါက်ဒေါက်နဲ့ ခေါက်ပြန် တယ်။

"ခေါက်မနေနဲ့၊ အကုန်သံနဲ့လုပ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com

နေလင်းက ဖိုးဖိုးဆတ်ဆတ် လှမ်းပြောလိုက်တာပါ။ အနေအထိုင်မတတ်တဲ့ အဲဒီလူတော့ မျက်နှာအီးမှန်သွားတယ်။ စိတ်ဆိုးမာန်ဆိုးနဲ့ . . .

"ဘာကွ . . . မင်းဘာပြောတာလဲ"

"သြော် . . အာစရိက ကားကိုခေါက်ကြည့်တာ မဟုတ်လား၊ ကားတွေက သံနဲ့ပဲလုပ်တာလေ၊ ဘာထူးမှာမို့လို့လဲလို့ ပြောတာပါ"

"မင်းမသိပါဘူးကွာ"

"ဒါဆိုလည်း အာစရိပြောပါဦး"

ထပ်ဆင့်ပြီး အနင်ပေါ်အနင်ဆင့်သွားပါတယ်။ အင်္ဂလိပ်လို မပီမသ (မရလို့ထင်တာပဲ) ရေရွတ်ရင်း ကိုယ့်အနားရောက်တော့ စေ့ စေ့ကြည့်ပြီး . . .

"မင်းလားကွ၊ ဒီအိမ်က ဒရိုင်ဘာအသစ်ဆိုတာ . . ."

ကိုယ်ဘာမှပြန်မပြောလိုက်ဘူး။ ရိုင်းတာ မဟုတ်ပါဘူး။ ဝန်ခံတဲ့သဘောပါ။ ဒါကို ဒီလူက မပြီးသေးဘူး။

"ဟင်း . . ဟင်း . . ဒရိုင်ဘာသာဆိုတယ် တီရှပ်နဲ့ ဖိုက်အို ဝမ်း (501) ဂျင်းနဲ့ပါလား"

အသံကိုက ရွဲ့သလိုလို ခနဲ့သလိုလိုနဲ့။ ကိုယ့်မှာရှိတာ ဝတ် တာပဲလေ။ သူကျတော့ ကာလာဘလိုင်းကြောင့်ထင်တယ်။ မဆိုင်တဲ့ အရောင်တွေ တွဲစပ်ဝတ်ထားလေရဲ့။ ကိုယ့်ကို မကြည့်တဲ့ပုံစံမို့ ကိုယ် တောင် နားလည်ရခက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကော့လန်ကော့လန်နဲ့ အိမ်ထဲဝင်သွားတော့မှ နေလင်းက လှမ်းပြောတယ်။

"အဲဒါပေါ့၊ လိုင်စင်ရန္တာဘူးကြီးလေ၊ သွားဆရာဝန်ချစ်ကို ဆိုတာ . . ."

ဟိုနေ့က မျိုးမျိုးဆစ်နဲ့ ပုံ့ပုံ့တို့ပြောနေတဲ့ လူကိုး။ ကိုယ့်မှာ ပြန်မြင်ယောင်ကြည့်ရင်း သနားတောင်သွားသေးတယ်။ သွားဆရာဝန် ဆိုပြီး သူ့သွားနှစ်ချောင်းလောက်ကို ရွှေသွားစိုက်ထားလို့ပါ။ ရွှေတွေ ဒီလောက်ဝတ်ထားပုံထောက်ရင် ရွှေဝတ်ချင်လွန်းလို့ ကိုယ့်သွားကိုယ် ချိုးပြီး ရွှေသွားစိုက်ထားတယ်လို့ ထင်ကြမှာပဲ။

ကိုယ်လည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်တယ်။ ဒီနေ့က တနင်္လာနေ့မို့ ပိုးရည်အမေက ဈေးမထွက်ဘူး။ ကိုယ့်ကား (ကိုယ်မောင်းတဲ့ကား) ကိုသုံးဖို့ ပိုးရည်က ပြောထားတယ်။ သူ့ကား လည်း ကောင်းရက်သားနဲ့။

ခဏနေတော့ ပိုးရည်အိမ်ထဲက ထွက်လာပါတယ်။ ပိုးရည် လှတယ်ဆိုတာထက် ဒီနေ့ပိုလှနေသလိုပဲ။ ကိုယ်လည်း ကိုယ်ထင် ကုတင်ရွှေနန်းဖြစ်နေပြီလား မသိဘူး။

ကိုယ်ငေးမော မင်သက်နေတုန်းမှာပဲ . . .

"ကိုမင်းညီ သွားမယ်လေ"

"ဟုတ် . . . ဟုတ်ကဲ့"

"အံမယ် . . . တယ်ရှိသေနေပါလား"



www.burmeseclassic.com

www.burmeseclassic.com

ပိုးရည်က နောက်တာပါ။ ပြုံးစစလေးနဲ့ကိုး။ အဲဒီအချိန်မှာ ပဲ အသံဝါဝါကြီးနဲ့ . . .

"ပိုးလေး . . . ပိုးလေး . . . နေဦးလေ၊ ကိုယ်လိုက်ပို့မှာပေါ့"

ချစ်ကို အူလျားဖားလျားနဲ့ ပြေးချလာပါတယ်။ ပိုးရည်မျက်နှာ ကို လှမ်းဟာပ်မတတ်ဘဲ။ အမောဆို့မှာတောင် ကြောက်ရတယ်။

ပိုးရည်က ခပ်တည်တည်လေးနဲ့ ပြန်ကြည့်ရင်း . . .

"ဒီနေ့က သွားစရာတွေများတယ် ကိုချစ်ကိုရဲ့၊ သူငယ်ချင်းတွေဆီလည်း ဝင်ရမှာ၊ ပြီးတော့ ဘုရားလည်း တက်၊ ဈေးတွေလည်း လျှောက်သွားဦးမှာ၊ ကျွန်မတောင် ကားမမောင်းချင်လို့"

"အို . . . ပိုးလေးကလည်း ဘယ်သွားသွား ကိုယ်လိုက်ပို့ပေး မှာပေါ့၊ နော် . . . ပိုးလေး"

သေခါနီးလူမမာ အမဲခြောက်တောင်းသလို ပြောနေပါတယ်။ ပိုးရည်က . . .

"အာ . . . မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲဟင် ပိုးလေး၊ ကိုယ့်ကို . . . "

တကယ် သနားစရာပါ။ ဘေးနားမှာ သူလိုယောကျ်ားကြီး ကိုယ်ရှိတာတောင် မရှက်နိုင်ရှာဘူး။

"ကိုချစ်ကို ပြောဘူးတယ်လေ၊ အချိန်နဲ့အလုပ်လုပ်နေတဲ့ ကိုချစ်ကိုလိုလူအဖို့ ဘယ်အားပါ့မလဲ"

"ဟို . . . ဒီနေ့တော့ . . . "

www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်၊ ကိုချစ်ကိုသွားခဲ့တဲ့ အင်္ဂလန်တို့၊ ပြင်သစ်တို့မှာ လည်း ဒီလိုပဲ အချိန်နဲ့ အလုပ်လုပ်ခဲ့တာမလား၊ ကျွန်မနားလည်ပါ တယ်"

"ပိုးလေး . . အင်္ဂလန်တို့၊ ပြင်သစ်တို့ဆိုတာက ဒီနိုင်ငံနဲ့မတူ ဘူးလေ"

"ဟုတ်တာပေါ့၊ ဒီမှာ ပိုရှာရမှာပေါ့၊ ကိုချစ်ကိုလည်း အိမ်ထောင်ပြုဦးမှာပဲ"

ချစ်ကိုမျက်နှာကြီး ဝင်းတောက်သွားတယ်။ ဝမ်းသာလုံးကို ပြန်မျိုချတာ အသံတောင်ကြားလိုက်ရရဲ့။

"ဂလု . . ဟုတ်တယ် . . ဟီး၊ အိမ်ထောင်ပြုဦးမှာပါ၊ ကိုယ် ဘယ်သူ့အတွက်ရှာနေလဲသိလား ပိုးလေး"

"အို . . ဘယ်သိပါ့မလဲ၊ ယူတဲ့မိန်းမကို ပြည့်စုံအောင်ထားဖို့ ရှာရမှာပဲလေ"

"ဟုတ်တာပေါ့ ပိုးလေးရယ်၊ ကိုယ်လေ . . ."

စကားတောင် မဆုံးလိုက်ဘူး။ ပိုးရည်က ကားတံခါးဖွင့်ရင်း-

"သိပါတယ်၊ ဆေးခန်းပြေးတော့မလို့ မဟုတ်လား၊ ရှာပါ ရှာပါ ကျွန်မသွားပြီနော်"

"ဟင် . . . ပိုးလေး . . . ပိုးလေး၊ ရှာတယ်ဆိုတာက . . ."

ချစ်ကိုစကားဆုံးအောင် မကြားလိုက်ရပါဘူး။ ကာလာဘလိုင်း ကြီး ကျန်ခဲ့လေရဲ့။ ကြေကွဲဆို့နစ်စရာပါပဲ။

"ရှင်နဲ့လည်း စာရင်းရှင်းရဦးမယ်"

"ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လန့်သွားတာပေါ့။ ဘာကိုဆိုလိုမှန်းလဲ မသိသေးဘူး။ ပိုးရည်ကတော့ ခပ်တည်တည်လေးပဲ။

"မဗျာနဲ့လေ၊ ကျွန်မတို့ဆိုင်က ကိုသန်းကို ပြောပြီးပြီ"

"ဩော် . . . "

"မအော်နဲ့လေ၊ ဘာမှမလုပ်ဘူး၊ ရှင် အရင်တုန်းကလည်း သီချင်းခွေ စီစဉ်ဖူးတယ်တဲ့၊ ပြီးတော့ ခုလိုအနေအထား မဟုတ်ဘူးလို့ လည်း ပြောတယ်"

"ဟုတ်မှာပါ၊ ကျွန်တော်လုပ်ဖူးပါတယ်"

"ခုလည်း ပြန်လုပ်နေတယ်ဆို"

"နည်းနည်းပါးပါးပါ"

မဖိမဖော့လေး ကိုယ်ပြောလိုက်တယ်။ ဒါကို ဒင်းကလေးက မကျေနပ်သလိုနဲ့ ထပ်ပြောပြန်တယ်။

"နည်းနည်းပါးပါး မဟုတ်ပါဘူး၊ ရှင့်အဆင့်က ပရော်ဖက်ရှင် နယ်လို့ ကိုသန်းကိုက ပြောသေးတယ်"

"ဒီလူ့နှယ် ကျပ်လိုက်ပြန်ပြီ"

ကိုယ်ရယ်ရင်း ပြောလိုက်ပေမယ့် ပိုးရည်က စေ့စေ့ကြည့်ပြီး အမိန့်ပေးသလို . . .

"ဒါတော့ ကျွန်မလည်း မသိဘူး၊ သချာတာကတော့ ရှင် ဆိုင်မှာ သီချင်းဆိုပေးရမယ်၊ ကျွန်မတို့ တိုင်ပင်ပြီးထားပြီ၊ ရှင်လည်း ဝင်ငွေပိုရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"လာစားတဲ့လူတွေ ထွက်ပြေးကုန်လို့ ပိုးရည်တို့ စီးပွားပျက်နေပါဦးမယ်"

"ဘာလဲ . . . ရှင့်ကိုရှင် မယုံဘူးလား"

ဒီမေးခွန်းက ကိုယ့်ရင်ကို တုန်ဖွာသွားစေတယ်။ အနုပညာ ကိုကိုယ်မချပြရဲတာ မဟုတ်ဘူး။ ဒါနဲ့ပဲ ကိုယ်တစ်လုံးချင်း ပြောလိုက်ပါတယ်။

"ကောင်းပြီလေ၊ ပိုးရည်တို့လက်ခံရင် ကျွန်တော်ဆိုပ့ါမယ်"

ပိုးရည်မျက်နှာလေး ပြုံးယောင်သမ်းသွားတယ်။

"ဒါဆိုလည်း ကိစ္စတစ်ခုပြီးပြီ"

"ဟင် . . . ဘာကျန်သေးလို့လဲ"

"သြော် . . . ဒီနေ့ ကျွန်မမွေးနေ့လေ၊ ရှင်တစ်ရက်လုံး မနားတမ်းမောင်းနေရမှာပဲလို့"

ဒါမျိုးတော့ ကိုယ်မမှုပါဘူး။ ပိုးရည်နဲ့ အချိန်ကြာကြာနေရ လေ ကိုယ့်စိတ်တွေ လန်းလေပဲလေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ကော်ဖီဆိုင်မှာ သီချင်းဆိုခွင့်ရတဲ့ ကိစ္စကိုကြားတော့ ကိုရဲ လည်း ဝမ်းသာသွားတယ်။ ကိုယ့်အတွက် လေ့ကျင့်ကွင်းတစ်ခုဖြစ်သလို အပိုဝင်ငွေလည်း ရတာအမှန်ပဲ။ ညတိုင်းဆိုရတာမျိုးတော့ မဟုတ် ပါဘူး။ အလှည့်နဲ့ဆိုတော့ တစ်ပတ်မှာ နှစ်ရက်သုံးရက်လောက်ပဲ ဆိုရတာ။ နေ့ပိုင်းကားမောင်းတဲ့အလုပ်လည်း အပျက်တော့ဘူးပေါ့။

ပိုးရည်အဖေကလည်း ခွင့်ပြုပါတယ်။ နေလင်းကတော့ အား ပေးရုံမဟုတ်ဘူး။ လစ်တိုင်း ပိုးရည်နဲ့ပတ်သက်ပြီး မြှောက်ပေးနေတာ။ ခုလို ပိုးရည်နဲ့တွေ့နေရတဲ့ အခွင့်အရေးလေး ဆုံးရှုံးမှာစိုးလို့ ကိုယ့် နှလုံးသားကို ရေငုံခိုင်းထားပါတယ်။

အားလုံးကိုယ့်အတွက် ဝမ်းသာနေကြသလောက် ကိုယ့်ကို မျက်စိစပါးမွှေးစူးနေတာက လိုင်စင်ရကြက်ဖကြီး (ဝါ) ချစ်ကိုပါ။ ခု နောက်ပိုင်း ပိုးရည်နဲ့တွဲပြီး တွေ့နေရတာတွေရယ်၊ ဆိုင်မှာသီချင်းဆိုဖို့ အခွင့်အရေးလည်း ထပ်ပေးတော့ ဒီလူဆွေ့ဆွေ့ကို ခုန်နေတာပဲ။ ကိုယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com
ပိုးရည်က ဘာမှမဟုတ်ပေမယ့် သူ့မှာ နေလိုမီးလို ပူနေပုံရပါ တယ်။ ရင်နင့်စရာပါပဲ။ အိမ်ကိုလည်း ချောင်းပေါက်မတတ်လာတယ်။ ဘယ်မှာတွေ့တွေ့ ကိုယ့်ကို မထိတထိနဲ့ အမြဲရစ်တယ်။ ကိုယ်ကတော့ ပိုးရည်တို့မိသားစုနဲ့ ပတ်သက်နေတော့ သည်းခံနေသေးတာပဲ။

ဒီနေ့တော့ နားရက်မို့လို့ အိမ်မှာပဲ ဂစ်တာလေ့ကျင့်နေမိ တယ်။ သီချင်းရေးဖို့လည်း Mood က မရပြန်ဘူး။ ဂစ်တာလေ့ကျင့် ခန်းတွေလုပ်ရင်း အာရုံက ညောင်းလာပြန်တယ်။ အားတယ်ဆိုပေမယ့် ညဘက်မှာတော့ ဆိုင်မှာ သီချင်းဆိုရမှာပါ။ အဲဒီမှာ အများဆုံးဆိုဖြစ် တာက ခုကိုယ်လုပ်နေတဲ့ အခွေထဲမှာမပါတဲ့ ကိုယ့်သီချင်းတွေပါပဲ။ ပရိသတ်တစ်ယောက်ပဲရရ ကိုယ့်သီချင်းနဲ့ကိုယ်ပဲ ရပ်တည်ချင်တာပါ။

ဝါရင့်တေးရေးဆရာတွေကို ကြိုက်ပေမယ့် ကိုယ့်မှာ သီချင်း ဝယ်နိုင်လောက်တဲ့ အင်အားမရှိသေးဘူး။ ဒါကြောင့်မို့လို့လည်း ကိုယ့် ကိုကိုယ် ခါးလိုသွေးပြီး ဒီလောကထဲမှာ ကုတ်ခြစ်ရပ်တည်ချင်တာပေါ့။ ကိုယ့်ကိုကိုယ်ပဲပြိုင်ရင်း တစ်ခါတစ်ခါ အသက်ရှူတာတောင် မဝဘူး။ ကိုယ့်ရဲ့ရောင်နီကိုပဲ မျှော်လင့်နေမိတယ်။ ကံကြမ္မာဆိုတာက အလုပ် ဆိုပေမယ့်လည်း ကိုယ်ကြောက်တယ်။ သွေးပျက်မတတ် ခံစားခဲ့ရတဲ့ တစ်ကြိမ်ကို ခုထိမေ့လို့မရသေးဘူး။ ဒီလိုနဲ့ ကိုယ့်ကိုကိုယ် ဂစ်တာကြိုး လို ပြန်ချက်ညှိညှိ ထိန်းမတ်နေရတာပေါ့။ Demo အခွေလေးကိုပဲ အကောင်းဆုံးဖြစ်အောင်လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ ကိုယ့်ရဲ့အချိုး အကွေ့ကလည်း ဒါပဲရှိတော့မှာမို့ပါ။ ခုလည်း သီချင်းတော်တော်များ များတော့ ပြီးနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဟိုတွေးဒီတွေးနဲ့ အိမ်မှာနေရတာကို ပျင်းလာတယ်။ တစ်မနက်လုံးတီးထားလို့ လက်ချောင်းတွေကလည်း ကိုယ့်ကို အသနားခံနေပြီ။ သတိရတာနဲ့ ထထွက်လာခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ New Zero ခန်းမမှာ ပန်းချီပြပွဲရှိတယ်လေ။ ကိုရဲက သူ့ပန်းချီကားတွေလည်း ချိတ်မှာမို့လို့ အဲဒီမှာရှိနေမယ်လို့ ပြောသွားတယ်။ ပန်းချီကားတွေ ခံစားရတာလည်း ကိုယ့်အတွက် နူးညံ့ပြီး အားရှိတယ်။ အရမ်းကြီးနားမလည်ပေမယ့် တစ်ချို့ကားတွေဆို နင့်နင့်သီးသီး ခံစားဖူးတာရှိတယ်။

လတ်ဆတ်တဲ့ အသစ်တစ်ခုကိုခံစားဖို့ ကိုယ် New Zero ရောက်သွားတယ်။ New Zero မှာ လူတွေတဖွဲဖွဲပဲ။ သုံးပုံတစ်ပုံလောက်က နိုင်ငံခြားသားတွေပါတယ်။

ကိုယ်တို့ဆီက ပန်းချီအဆင့်ဟာ ကမ္ဘာအထိ ထိုးဖောက်နေ ပါပြီ။ အရမ်းအားရဖို့ကောင်းတယ်။ ခုခေတ်ပန်းချီဆရာတွေကလည်း အရင်လိုမဟုတ်တော့ဘူး။ ဂျင်းဘောင်းဘီနဲ့ ဟန်းဖုန်းနဲ့ ဖြစ်နေကြပြီ။ ကိုရဲတစ်ယောက်ပဲ ဖုန်းမဝယ်နိုင်သေးတာပါ။ သူ့လိုလူတွေရှိပေမယ့် ကိုရဲပန်းချီကားတွေက လူပြောအရမ်းများပါတယ်။ အလားအလာရှိတယ်လို့ သတ်မှတ်ခံထားရတဲ့ ပန်းချီဆရာတစ်ယောက်ပေါ့။ လျှာပေါ်မြက်ပေါက်ပါစေ သူ့ပန်းချီကားကို သူသတ်မှတ်တဲ့ဈေးရမှ ရောင်း တယ်။ တစ်ချို့ကားတွေဆို လုံးဝမရောင်းဘူး။ သူနဲ့ရင်ဘတ်ချင်းညီရင် အလကားပေးချင်ပေးပစ်လိုက်တဲ့ လူမျိုး။ ဒါကြောင့်လည်း ကိုရဲမချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာသေးတာနေမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကိုရဲကတော့ ကိုယ့်အတွက် စံပြအကိုတစ်ယောက်လိုပါပဲ။

ကိုယ် ခန်းမထဲဝင်သွားတော့ ကိုရဲက လှမ်းခေါ်တယ်။ ဘေးနားမှာလည်း သူ့သူငယ်ချင်း ပန်းချီဆရာနှစ်ယောက်နဲ့။

"မင်းညီ . . . ဒါက ကိုသားကြီးတဲ့၊ သူကတော့ ကိုကိုနိုင်၊ ပန်းချီဆရာတွေပဲ"

"တွေ့ရတာ ဝမ်းသာပါတယ်"

ပြီးတော့ ကိုရဲ ကိုယ့်အကြောင်းပြောရင်း မိတ်ဆက်ပေးတယ်။ သီချင်းခွေစီစဉ်နေတယ်ပေါ့။ ခုမှသိကျွမ်းရပေမယ့် ကိုသားကြီးနဲ့ ကိုကိုနိုင်က အားပေးပါတယ်။ ချ . ချ . ချ တဲ့။

ကိုကိုနိုင်က သူ့မျက်မှန်အကောင်းစား (ကိုယ်ထင်တာပါ) ကို ဆံပင်ကြားထဲ မတင်ရင်း . . .

"ဒီပြပွဲမှ ငါအံ့သြနေတာကွ၊ ကိုရဲက သူ့ကားတွေကို ဈေးနှိမ့် ပြီး ရောင်းနေလို့လေ"

"မြန်မြန်ရောင်းထွက်မလားလို့ပါ"

"ဟင် . . ခင်ဗျားရာဇဝင်မှာ ဒီစကားမျိုး မကြားဖူးပါဘူး"

"လိုအပ်လို့ပေါ့ ကိုသားကြီးရယ်"

သူတို့ပြောနေတာကို ကိုယ်နားမလည်ဘူး။ ကိုရဲမှာ အရေး တကြီး ငွေလိုတယ်လို့လဲ ကြားမှမကြားဖူးပဲကိုး။

"မင်းညီ လိုက်ဦးမလား၊ သူတို့ကို ငါသွားညှော့ခံမလို့"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ..မလိုက်တော့ဘူး၊ လိုက်ကြည့်လိုက်ဦးမယ်၊ ညကျ ရင်ဆိုင်မှာလည်း သီချင်းဆိုရဦးမှာ"

"အေး ...ကောင်းတယ်၊ ငါတို့က ဒါသွားလုပ်မှာ"

အရက်သွားသောက်မှာလို့ ဆိုလိုတာပါ။ ကိုယ်က တစ်ခါ တလေ သောက်ပေမယ့် ခုတလော ယမကာကို အာရုံမကျဘူး ဖြစ်နေ တယ်။ ပိုးရည်ကိုပဲ အာရုံကျနေလို့လားဆိုပြီး မဆီမဆိုင်တွေးရင်း ပြုံးမိသွားတယ်။

လျှောက်ကြည့်ရင်း ပန်းချီကားတစ်ချပ်ရှေ့ရောက်တော့ ကိုယ်တစ်ကိုယ်လုံး နစ်ဝင်သွားတယ်။ ပန်းချီကားဆိုတာထက် တွဲစပ်ပြသထားတဲ့ အနုပညာတင်ဆက်မှုတစ်ခုပါ။ အပြာရောင်အောက်ခံပေါ် မှာ မှန်ချပ်သေးသေးတွေ အလျားလိုက်ကပ်ထားတယ်။ တစ်ခြား ကပ်ထားတာတွေလည်း ရှိသေးရဲ့။ စိုက်ကြည့်ရင်း ရင်ထဲမှာ တစ်ခုခုကို ဆာလောင်လာတယ်။ abstrac အမျိုးအစားထဲကပဲလို့ ကိုယ်ခံစားနေမိတယ်။

"အဲဒါလေ ကိုသားကြီးရဲ့လက်ရာပေါ့"

ဘေးနားက လူတစ်ယောက်က သူ့အဖော်ကို လှမ်းပြော တော့မှ ကိုယ်သိရတယ်။ ကိုသားကြီးဆိုင်းကို ကိုယ်သတိမထားမိသေး တဲ့အချိန်မှာပေါ့။

"ဝင်းလွင်ဦး ...မင်းဝယ်မလို့လား"

"အေး ..တော်တော်မိုက်နေပြီကွ၊ ဝေယံ ..မင်းသွားစုံစမ်းပေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်ဘေးက ကိုယ်ထွက်လာခဲ့တယ်။ မဝယ်နိုင် သေးတဲ့ ကိုယ့်မှာတော့ ရင်ထဲအထိကျေနပ်အောင် ဓါတ်ပုံရိုက်ထား သလို လိုက်ကြည့်ရမှာပဲ။ တစ်ကားပြီးတစ်ကား စူးစူးနစ်နစ် လိုက်ကြည့် နေမိတယ်။ ကျူပစ်ဇင်နည်းနဲ့ဆွဲထားတဲ့ ကားတစ်ခုရှေ့မှာ ရပ်ငေး နေတုန်း . . .

"ဆရာကြီး ဘာတွေများ ဒီလောက်ခံစားနေတာလဲ"

"ဟာ . . . ပိုးရည် ဘယ်လိုရောက်နေတာတုန်း"

ပိုးရည်က မျက်စောင်းထိုးတယ်။ ကိုယ့်ကို လက်ညှိုးထိုးရင်း-

"အံမယ် . . ကျွန်မလည်း ရှင့်လိုလာကြည့်တာပေါ့၊ ဒါပေမယ့် စိတ်တိုနေတယ်"

BURMESE CLASSIC .com

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဒီမှာ လာကြည့်"

ပြောရင်း ဖိုးဖိုးဆတ်ဆတ်နဲ့ ကိုယ့်လက်ကို အတင်းဆွဲခေါ် တော့တာပဲ။ မထင်မှတ်ထားတဲ့ အပြုအမူကြောင့် တစ်ကိုယ်လုံး ကျင် ထွက်သွားရတယ်။ ပိုးရည်ရဲ့ လက်နုနုက ကိုယ့်နှလုံးသားကိုပါ ဖျစ် ညှစ်လိုက်သလိုပဲ။ ကိုယ်လည်း ငုတ်တုတ်မေ့ပြီး သူခေါ်ရာပါသွားတယ်။ ပန်းချီကားတစ်ကားရှေ့ရောက်တော့ လက်ညှိုးထိုးပြီး ကြည့်တဲ့။

အိုး . . ရင်ထဲမှာ လှိုက်ခနဲပဲ။ အရောင်ရွေးချယ်တွဲစပ်မှု၊ မျဉ်း ဖြောင့်မျဉ်းကွေးတွေ၊ အဖိအဖော့တွေ၊ အပျော့အမာတွေ။ ကိုယ့်နှလုံး သားဟာ ညွတ်ကျသွားတယ်။ အသက်ရှူဖို့တောင် မေ့လို့။ ပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကြည့်တော့ **သစ္စာဂရုဟာ** တဲ့။ (Philosophy of Art) လို့ခေါ်တဲ့ အနုပညာအတွေးအခေါ်တွေ ပန်းချီကားထဲမှာ ပျော်ဝင်နေသလိုပဲ။

"ဒါ ဂန္ဒီရဲ့လမ်းစဉ်တစ်ခုပဲ"

"ဟင် . . . ကိုမင်းညီ ဘာကိုပြောလိုက်တာလဲ"

နှုတ်က လွှတ်ခနဲထွက်သွားလို့ ပိုးရည်က မေးတယ်။ ကိုယ် လည်း သတိဝင်သွားပြီး . . .

"ဩော် . . **သစ္စာဂရုဟာ** ဆိုတာ အိန္ဒိယခေါင်းဆောင်ဂန္ဒီရဲ့ လမ်းစဉ်တစ်ခုပဲလေ၊ အဓိပ္ပါယ်က အကြမ်းမဖက်တာ နူးညံ့ပျော့ပျောင်းတာလို့ အဓိပ္ပါယ်ရတယ်"

"ဟုတ်မယ်၊ ကျွန်မလည်း အဲဒါကို ခံစားမိတယ်၊ ဒါပေမယ့် ကြည့်ပါလား၊ ရောင်းရန်မဟုတ်ဘူးတဲ့"

BURMESE CLASSIC .com

"အရမ်းလိုချင်နေလို့လား"

"အင်း . . ဆိုင်နှစ်နှစ်ပြည့်မှာ အမှတ်တရ ချိတ်ချင်လို့၊ အဲဒါ မရောင်းလို့ စိတ်တိုနေတာ၊ ပန်းချီဆရာကိုရှာတော့လည်း အပြင်သွားပြီတဲ့ . . . ဟူး"

ပိုးရည် လိုချင်လွန်းလို့ အားမလိုအားမရ ဖြစ်နေရှာတယ်။ ပန်းချီဆရာနာမည်ကို ကိုယ်ဖတ်နေတုန်းမှာပဲ . . .

"ပိုးလေး . . . ပိုးလေး . . . ရှာလိုက်ရတာကွာ၊ ဟင် . . . "

လိုင်စင်ရကြက်ဖကြီးခေါ် ချစ်ကိုပါ။ ကိုယ့်ကိုမြင်တော့ သူနဲ့ ပြိုင်ခွပ်ရမယ့် တိုက်ကြက်လို အမွှေးထောင်သွားပုံရတယ်။ ကိုယ့်ကို လည်း ရှုတင်းတင်းကြည့်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ရာရာစစကွာ"

"ကိုချစ်ကို ဘာပြောတာလဲ"

ပိုးရည်မေးတော့မှ ဒင်းက သူမဟုတ်သလို ပြာပြာသလဲနဲ့-

"ဩော် . . ဘာမှမဟုတ်ပါဘူး၊ ပိုးလေး သွားရအောင်လေ"

"နေစမ်းပါဦးရှင်၊ ဒီကားက မရောင်းဘူးဆိုလို့ ဝအောင်ကြည့်လိုက်ဦးမယ်"

ချစ်ကိုမျက်နှာ မဲ့ခွက်ခွက်ဖြစ်သွားတယ်။ ပိုးရည်ကြိုက်တယ် ဆိုသည့် ပန်းချီကားကို လှမ်းကြည့်ပြီး ဆရာကြီးပုံစံနဲ့ . . .

"ကိုယ်တော့ သိပ်မကြိုက်လှဘူး၊ ပျော့နေသလားလို့"

ကိုယ် နည်းနည်းတင်းသွားတယ်။ ပါးစပ်ကလည်း လွှတ်ခနဲ-

"မပျော့ပါဘူးဗျာ၊ အသေအချာ ဘောင်ခတ်ပြီး တင်းတင်းဆွဲထားတာပါ"

BURMESE CLASSIC .com

"ဘာ . . . "

မျက်လုံးကြီးပြူးပြီး ကိုယ့်ကို ကြည့်တယ်။ ကိုယ်တမင်ရွှဲ့လိုက် တာပါ။ သူ့ပုံစံကြည့်ရတာ ဒီပန်းချီကားကို ခံစားတတ်ပုံမပေါ်ဘူး။ ပန်းချီအနုပညာနဲ့ ပတ်သက်ရင် မဟာငတုံးကြီးတစ်ယောက် ဖြစ်နိုင်တယ်။

ရှုံ့ရှုံ့ရှားရှားဖြစ်သွားလို့ ပိုးရည်က ဝင်ပြီး . . .

"ကိုချစ်ကိုက ဘယ်လိုပန်းချီမျိုးကို ကြိုက်တာလဲ"

ပိုးရည်မေးလိုက်မှ ပိုဆိုးသွားတယ်။ ချက်ချင်းပဲ တည်ကြည်လေးနက်ဟန်နဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . နိုင်ငံတကာမှာ ကိုယ်ကြည့်ခဲ့ရသလောက် ပီကာဆို၊ ဗင်ဂိုး၊ ဂေါ်ဂင် အဲ . . ."

မတန်မရာတွေတော့ လုပ်ချလိုက်ပြန်ပြီ။ ဒီလူ ချီးစိမ်းပန်း တော့မှာပဲ။ ဒင်းက မရှက်မကြောက် ဆက်ပြောသေးတယ်။

"ပိုးလေးရယ်၊ ဗင်ဂိုးရဲ့ အာလူးကောက်သူများဆိုတဲ့ ပန်းချီ ကားလေ၊ ကိုယ်သိပ်ကြိုက်တယ်"

ကဲကြည့်။ တလွဲကစပြီ။ ကိုယ်မနေနိုင်တော့ဘူး။ သူပြောတဲ့ ပန်းချီကားမိတ္တူကို ကိုယ်ကြည့်ဖူးပါတယ်။ အမ်စတာဒမ်မြို့က ဗင်ဂိုး ပြတိုက်မှာ ပြထားတာပေါ့။ (a jungle of colour) ဆိုတဲ့ အရောင် တောအုပ်နဲ့ ဖွဲ့စည်းထားတဲ့ ပန်းချီကားပါ။ သူပြောတာမှားနေလို့ ရယ်ချင်ပက်ကျိနဲ့ . . .

"အာလူးစားသူများပါဗျာ၊ အားလူးကောက်သူများဆိုတာ တာရာမင်းဝေစာပေဆုရတဲ့ ဝတ္ထုတိုတစ်ပုဒ်ရဲ့နာမည်ဗျ"

"ဘာ . . ဘာ . . ဘယ်သူ တာရာမင်းဝေ ဟုတ်လား၊ ဘယ် နိုင်ငံသား . . ."

ကိုယ်ပြောခဲ့ပါတယ်။ အနုပညာနဲ့ပတ်သက်ရင် မဟာ့မဟာ ငတုံးအကြီးစားပါပဲလို့။ ပိုးရည်က မျက်မှောင်ကုတ်ရင်း . . .

"ကိုချစ်ကိုကလည်း စာရေးဆရာတာရာမင်းဝေက ဒီနိုင်ငံက ပဲလေ၊ ဒါတောင် မသိဘူး နာမည်ကြီးကို"

"အဟဲ . . . ကိုယ်မှ စာမဖတ်တာ ပိုးလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

မရှက်တာများ အံ့ပါရဲ့ဗျာ။ စာမဖတ်တာကို ကြော်ငြာနေ သေးတယ်။ အဓိပတိ မဟာ့မဟာငတုံးဥသျှောင်ကြီးလို့ ပြစ်ပြစ်နှစ်နှစ် သတ်မှတ်လိုက်ရတယ်။ ကိုယ့်ကိုယ်ကိုဖော် မသူတော်ကြီးပါပဲ။

ကိုယ့်ကိုတော့ ငတုံးကြီးက တင်းသွားပါတယ်။ ဒေါသတကြီး နဲ့ . . .

"ဟေ့ကောင် . . . မင်းညီ၊ ငါနဲ့ ပိုးလေးကြားမှာ ဝင်မပြော ပါနဲ့၊ မင်းနဲ့မဆိုင်ဘူး"

"ဆိုင်တာပေါ့ဗျ"

"ဘာ . . . ဘာ"

ပိုးရည်ပါ မျက်လုံးပြူးသွားတယ်။ ငတုံးကြီးကတော့ ဆိုဖွယ် ရာမရှိဘူး။ ကိုယ်က ခပ်အေးအေးပဲ . . .

"ကျွန်တော်က သူ့အိမ်မှာ ကားမောင်းနေတာလေ၊ အလုပ်ရှင် နဲ့အလုပ်သမား ဆိုင်တာပေါ့"

"အေး . . ဒါဆိုရင်လည်း ကိုယ့်နေရာမှာ ကိုယ်နေရတယ် ကွ၊ မင်းနားလည်လား"

ပိုးရည်လှည့်ထွက်သွားလို့ ကိုယ့်ကိုကျိန်းပြီး ချစ်ကိုလိုက်သွား တယ်။ သူကတော့ ကိုယ့်ကိုပြောတာ အားရနေမှာ အမှန်ပဲ။ ပိုးရည် မျက်ဝန်းထဲက အရောင်ကိုတော့ သူမတွေ့လိုက်ရဘူး။ ကာလာဘလိုင်း ခေါ် ငတုံးကြီးပါဆို။

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"ခစ် . . ခစ် . . ခစ် . . တကယ်ရယ်ရတယ် သိလား၊ ခုမှ ပြန်ပြောပြီး ပွင့်ပွင့်လင်းလင်းရယ်ရတာ၊ အဲဒီနေ့တုန်းက သူတို့နှစ် ယောက်ကိုကြည့်ပြီး မျက်နှာတည်ထားရပေမယ့် ကျိတ်ရယ်နေရတာ ဟ"

မျိုးမျိုးဆစ်၏အိမ်မှာ ဖြစ်သည်။ ပိုးရည်က ပန်းချီပြပွဲမှာ ချစ်ကို နှင့် မင်းညီတို့ ငြိကြသည့်အကြောင်းပြန်ပြောရင်း ရယ်နေခြင်းဖြစ်သည်။ သူတို့သူငယ်ချင်းတွေက ခုလို မျိုးမျိုးဆစ်အိမ်မှာစုကာ လက်ဖက်သုတ်,



www.burmeseclassic.com

www.burmeseclassic.com

သုတ်စားရင်း တစ်ပတ်တစ်ကြိမ်လောက် ပေါ့ပေါ့ပါးပါး ဆုံကြလေ့ရှိ၏။ ထိုနေ့တွင် အလုပ်ကိစ္စမပါကြေးဟုလည်း သတ်မှတ်ထားသည်။ ကိုယ်ရေးကိုယ်တာ ဘာဘာညာညာတွေပဲ ပြောရန်ပေါ့။

ပိုးရည်စကားဆုံးတော့ ပုံ့ပုံ့က . . .

"မိပိုးနော် နင်သိပ်အားရမနေနဲ့၊ ပြီးတော့ ပြောရဦးမယ်"

"ဘာလဲဟ"

လက်ဖက်သုတ်အစားမပျက်ဘဲ ပိုးရည်က ပြန်မေးသည်။ ပုံ့ပုံ့ က အားကျမခံ တစ်ဇွန်းထပ်စားရင်း . . .

"ကိုချစ်ကိုအကြောင်းကိုတော့ ထားလိုက်ပါဦး၊ ငါတို့လည်း သိတာပဲ၊ ဒါပေမယ့် နင် ကိုမင်းညီကို ဆက်ဆံနေတာဟာ လိုတာထက်ပိုမနေဘူးလား"

"ဟုတ်တယ်၊ ငါလည်း ပြောမလို့"

မျိုးမျိုးဆစ်က အိမ်ရှင်ပီပီ ထောက်ခံ၏။ ပိုးရည်မျက်ခုံးလေး များစုသွားကာ . . .

"ငါ့ပုံစံက အဲဒီလို ဖြစ်နေလို့လား"

"နင်ကပဲ ပြန်မေးနေရသေးတယ်။ ပြန်စဉ်းစားကြည့်လေ၊ ငါတို့တောင် အံ့သြတယ်"

ပိုးရည် တကယ်စဉ်းစားသွားလေသည်။ ပြီးမှ . . .

"အဲလိုလည်း မဟုတ်ပါဘူးဟာ၊ အဲ ဖေဖေ့ကိစ္စကို ကူညီဖူး တာလည်း ပါမှာပေါ့၊ ဖေဖေယုံတဲ့လူကို ငါယုံတာ နင်တို့အသိပဲ၊ ပြီး တော့ ကိုမင်းညီက ခင်ဖို့ကောင်းတာလည်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ငါတို့လည်း ခင်ပါတယ်၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ပိုးရည်ဖြတ်အမေးကို ပုံ့ပုံ့က . . .

"နင် သဒ္ဒါလွန်ပြီး . . ."

"ဟိုးထား . . ဟိုးထား၊ ပုံ့ပုံ့ နင်တွေးတာလွန်နေပြီ၊ ကိုမင်းညီ ကို ငါခင်တယ်၊ ဆိုင်မှာ သီချင်းဆိုခိုင်းတာကလည်း သူ့တက်လမ်း အတွက်ပါ၊ သူက ဂီတနဲ့ပတ်သက်ရင် ရည်ရွယ်ချက်ကြီးတယ်၊ သူ့ အနေအထားကိုသိလို့ ငါတတ်နိုင်တဲ့ဘက်က ကူညီတာပါ"

"ပြီးတာပဲလေ၊ နင့်ဇာတ်နင်နိုင်ရင် ပြီးတာပဲ"

ထိုစကားကိုတော့ ပိုးရည် နည်းနည်းအောင့်သွား၏။ သူ့ အတွက် ပြောနေတာပဲဆိုပြီး ဖြည့်တွေးကာ . . .

"အေးပါဟာ၊ ငါ နင်တို့ခံစားချက်ကို နားလည်ပါတယ်၊ ဒါပေမယ့် သူ့ကို ငါစိတ်ဝင်စားနေတာလည်း ရှိတယ်ဟ"

"ဟင် . . ."

"အယ် . . ."

နှစ်ယောက်စလုံး မျက်ခုံးများ မြင့်တက်သွားကြပြန်သည်။ ပိုးရည်က ရယ်ရင်း . . .

"သိပ်မလန့်ပါနဲ့ဦး၊ ငါစိတ်ဝင်စားတာက သူ့ပုံစံပါ၊ သူ့ရုပ် ရည် အတွေးအခေါ်နဲ့ ပြောပုံဆိုပုံတွေကကွာ အဲ . . . ဒရိုင်ဘာတစ် ယောက်နဲ့ မတူဘူး၊ ပညာတတ်ပုံလည်း ရတယ်၊ လျှို့ဝှက်တတ်တာ လည်း အမှန်ပဲ"

"နင်က အမှတ်ပေးနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

ပုံပုံ့က ဝင်ငေါ့သည်။ ပိုးရည် ဂရုမစိုက်ချေ။

"နင်တို့ အံ့သြအောင် ပြောလိုက်ဦးမယ်၊ သိပ်လည်း မလန့် သွားနဲ့ဦး"

ပြောကာမှ ပိုလန့်သွားကြပုံပေါ်သည်။ စူးစိုက်ကြည့်နေကြ သဖြင့် . . .

"ကိုမင်းညီက ဖေဖေနဲ့ တွေ့တဲ့ညကမှ ထောင်က လွတ်လာ တာတဲ့"

"ဟေ . . ."

"ပြီးတော့ ငါ့စပ်စုကြည့်တာကိုလည်း လူသတ်မှုလို့ပဲ ပြော တယ်၊ ထပ်မေးလို့ မရဘူး"

"အို . . ."

"တကယ် . . ."

နှစ်ယောက်သား မျက်လုံးပြူး၊ မျက်ဆံပြူးတွေ ဖြစ်ကုန်ကြ သည်။ ဒီကိစ္စတွေကို သူတို့မထင်မှတ်ထားချေ။ ပြောပြမှ ပိုဆိုးကုန် ကြ၏။

"မိပိုးရယ်၊ နင် သူနဲ့သွားသွားနေတာ အံ့သြတယ်"

"ငါပြောပြီးပြီလေ၊ ဖေဖေယုံတဲ့လူကို ငါယုံတယ်လို့၊ ပြီးတော့ သူလည်း ပြစ်ဒဏ်ကျခံပြီးပြီပဲ"

"ဘုရား . . . ဘုရား မိပိုးရယ်"

"နင်တို့သိအောင် ပြောပြတာပါ၊ ဘာလဲ အထင်သေးသွား လို့လား"

"အာ . . . အဲလိုတော့ မဟုတ်ပါဘူး၊ နင့်အတွက် . . ."

"ငါသိပါတယ်ဟာ၊ ကိုမင်းညီ ခုချိန်ထိ ငါတို့မိသားစုအပေါ် ဘာမှအမှားအယွင်း မရှိသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်စလုံး ခေတ္တငြိမ်သက်သွားကြ၏။ သူတို့ဘာတွေ တွေးနေမည်ကို မသိသော်လည်း ပိုးရည်စိတ်ထဲမှာတော့ ရှင်ဟာ ဘယ်လိုလူစားမျိုးလဲ ကိုမင်းညီဟု တွေးနေမိသည်။

ဟိုတစ်နေ့က မေမေ့ကို ဈေးလိုက်ပို့ရင်း Hard Rock ကော်ဖီဆိုင်မှာ ထိုင်ခဲ့စဉ်က အဖြစ်အပျက်ကို မျက်စိထဲ ပြန်မြင်ယောင်နေမိ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

အဲဒီနေ့က မေမေဈေးသွားတော့ ပိုးရည်လိုက်လာခဲ့သည်။ ထွေထွေထူးထူးကိစ္စရှိလို့ မဟုတ်ချေ။ သူလိုက်လာခြင်းက ဗိုလ်ချုပ်ဈေးနှင့်ကပ်ရက် FMI စင်တာမှာ အဝတ်အစားအချို့ဝယ်ရန်။ အဖော်ရအောင်ဆိုပြီး မင်းညီကိုပါ FMI ထဲ ခေါ်လာခဲ့သည်။

အဝတ်အစား အသုံးအဆောင်အချို့ဝယ်ပြီးတော့ ပိုးရည်ဗိုက်ဟာလာသဖြင့် . . .

"ကိုမင်းညီလာ၊ အပေါ်က Hard Rock မှာ ကော်ဖီသွားသောက်မယ်"

"ကောင်းသားပဲ"

မင်းညီက ရှိုးတိုးရှန်းတန်းတွေ ဟန်ဆောင်တာတွေ သိပ်မရှိ ချေ။ ထိုသို့ယောကျ်ားမျိုးကို သူမသဘောကျတတ်သည်။ ထွေလီကာလီစိတ်မျိုးရှိသည်ဟု မဟုတ်ပါ။ ပွင့်လင်းသွက်လက်သော လူများကို မိန်းကလေးအများစု သဘောကျတတ်သည်ပဲ။

ကော်ဖီသောက်ရင်း မိန်းမတို့၏ထုံးစံအတိုင်း သူမစပ်စုမိ သေး၏။

"လုပ်စမ်းပါဦး၊ ရှင်က ဘယ်လိုသီချင်းတွေ ကြိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်တာတွေကတော့ အစုံပါပဲ ပိုးရည်ရယ်၊ ထူးထူးခြားခြား ချက်ချင်းငြိခဲ့တာက NIRVANA အဖွဲ့ပဲ၊ Kurt Cobain (ကဒ်ကိုဘိန်း) ရဲ့ဆိုဟန်တွေကို အရမ်းခိုက်ခဲ့တယ်"

"အဟင်း . . ကျွန်မတော့ ရှင့်လောက် မနှံ့စပ်ပါဘူး၊ ဒါပေမဲ့ Eagle ရဲ့ Hotel California လို သီချင်းအခန့်တွေကိုတော့ ကြိုက် တယ်"

မင်းညီက ခပ်ဟဟရယ်နေသည်။ ပြီးမှ . . .

"အဲဒီသီချင်းက အကောင်းစားကြီးပဲလေ၊ ဒါပေမယ့် အဲလောက်ခန့်တဲ့ သီချင်းဖြစ်လာပုံကတော့ ကဗျာမဆန်ဘူးဗျ"

"ဘယ်လို . . . "

"ဒီလိုပါ၊ သူတို့ဆီမှာက album တစ်ခုလုပ်ရင် နှစ်ပေါက် အောင် studio မှာ နေကြတာကိုး၊ တစ်ချို့ရက်တွေမှာ စားကြသောက်ကြပေါ့ဗျာ၊ တစ်ရက်တော့ Eagle အဖွဲ့ထဲက ဂစ်တာတီးတဲ့တစ်ယောက်လေ၊ ညက သောက်တာများသွားလို့ အရက်နာကျရင်း ဝရံတာမှာ လေကောင်းလေသန့်ရှူနေတယ်၊ ဂစ်တာလေးကိုင်ပြီး ဟိုစမ်းဒီစမ်း ပေါ့ဗျာ၊ ပြောရရင်တော့ အဲလို တင်တင်တောင်တောင်လုပ်နေရင်းက အဲဒီ Hotel California သံစဉ်ကို မထင်မှတ်ဘဲ ရသွားတာတဲ့"

"ဟော့တော် . . . "

မင်းညီကတော့ ပြုံးနေ၏။ ဂီတအကြောင်းပြောရလျှင် မင်းညီ မျက်လုံးတွေ အရောင်တောက်နေတတ်သည်ကို သူမသတိထားမိတာ ကြာပြီ။ သူမ စကားပြောချင်သေး၍ . . .

"ဒါနဲ့ ရှင် G'NR ရောကြိုက်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်ပါတယ်၊ အဲဒီအဖွဲ့က အဆိုတော် Arcle Rose ကို တော့ သိပ်မနာလိုဘူး"

"ဘာဖြစ်လို့"

"သူက သီချင်းဆိုကောင်းရုံ မဟုတ်ဘူးဗျ၊ ချောလွန်းလို့၊ ပြီး တော့ သူ့ပေါင်တန်တွေက မိန်းကလေးအတိုင်းပဲ"

"ရှင်က ပြောတော့မယ်၊ အဟင်း . . ရှင်လည်း ချောပါတယ်"

မင်းညီရှက်သွားသည်။ ပိုးရည်က တခစ်ခစ်ရယ်ရင်း နီသွား သော မင်းညီမျက်နှာကို ကြည့်နေပြန်၏။ မင်းညီက မနေတတ်ဘဲ ဟိုကြည့်ဒီကြည့်လုပ်နေရင်းက . . .

"ဟင် . . ."

အာမေဋိတ်သံနဲ့အတူ မင်းညီမျက်နှာတစ်ခုလုံး တင်းမာ ခက်ထန်သွား၏။ ဆူဝေခက်ထန်သွားသော မင်းညီမျက်ဝန်းများ၏ အကြည့်အတိုင်း သူမလိုက်ကြည့်လိုက်မိသည်။

ဘာမှထူးထူးခြားခြားမရှိ။ ခေတ်မီလှပသော အမျိုးသမီးတစ် ယောက် စားပွဲတစ်လုံးမှ ထသွားခြင်းပဲ လှုပ်ရှားမှုတစ်ခုရှိလေသည်။ မင်းညီ ဘာဖြစ်သွားတာလဲ။

ချက်ချင်းပဲ ပြန်လှည့်ကာ မေးလိုက်မိသည်။

"ကိုမင်းညီ ဘာဖြစ်တာလဲ၊ ဘာကိုတွေ့လို့လဲ"

စိတ်ကို ချုပ်တီးလိုက်ဟန်ဖြင့် မင်းညီထံမှ သက်ပြင်းကြမ်း ကြမ်းချသံကြားရသည်။ သူမ နားမလည်နိုင်တော့။

"ကိုမင်းညီ ပြောလေ၊ ဘာဖြစ်သွားတာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမဟုတ်ပါဘူး ပိုးရည်၊ ပြီးရင် ပြန်ရအောင်"

"အင်း . . . အင်း"

ပိုးရည်မေးချင်လှသည်။ သူများ ကိုယ်ရေးကိုယ်တာကို ဝင်စွက် သလို ဖြစ်နေမည်လား။ မင်းညီ ခုလိုဖြစ်သွားခြင်းသည် ခုနက မိန်းမ ကြောင့်လား။ ပိုးရည် ထိုသို့တွေးနေစဉ်မှာပဲ မင်းညီက ထသွားလေပြီ။

ရှင့်ဘဝမှာ ဘာတွေများ ဒီလောက်နာကျည်းစရာတွေ ရှိနေ လို့လဲ ကိုမင်းညီရယ်။

အပြန်လမ်းမှာ မင်းညီစကားတစ်ခွန်းမှ မပြောတော့ချေ။ မင်းညီ၏ ခက်မာနေသော မျက်နှာပေးကို သူမတစ်ခါမှ မမြင်ဖူးသလို တွေ့ခဲ့ရသည့်နေ့လည်း ဖြစ်သည်။

မင်းညီ၏စိတ်ထဲမှာတော့ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ကိုယ်နဲ့မျက်နှာချင်းဆိုင်ခုံမှာ ကိုရဲက ဝင်ထိုင်လိုက်တယ်။ စားပွဲပေါ်က ပုလင်းကိုကြည့်ပြီး သူသက်ပြင်းဖွဖွချတယ်။ စားသောက်ဆိုင်တစ်ခုထဲမှာပါ။ ကိုယ် တော်တော်လေး ရီဝေနေပြီ။

"မင်းဘာဖြစ်လာတာလဲ မင်းညီ"

ကိုယ် အရက်သောက်နေတာကို အပြစ်တင်တဲ့လေသံ မဟုတ် ဘူး။ ကိုယ်တစ်ခုခုဖြစ်နေပြီဆိုတာ သူသိနေပြီ။ ဂရုဏာလေသံနဲ့ မေး တာပါ။ ကိုယ် ဘာမှမပြောနိုင်သေးဘဲ ပင့်သက်ကို ရှိုက်မိတယ်။ ကိုယ့် ရင်တွေ တင်းကျပ်နေလေရဲ့။

"မင်းဘယ်သူနဲ့ တွေ့လာခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဝတ်ရည်ချို . . ."

ကိုယ်အံ့ကြိတ်ပြီး ဖြေလိုက်တော့ ကိုရဲက သက်ပြင်းထပ်ချ တယ်။ သူ့ရဲ့အကြည့်ထဲမှာ ကိုယ့်အပေါ် နားလည်မှုတွေ ပေစွန်းနေ တယ်။

"အင်း . . ."

ကိုရဲက မပြောသေးဘဲ ရပ်ထားလိုက်တယ်။

"ဟုတ်တယ် ကိုရဲ၊ ကျွန်တော် ပေ့ါသွားမလားလို့ အရက်လာ သောက်နေတာ၊ ဒါပေမယ့် စိတ်က အဲဒီကိုပဲ ပြန်သွားနေတယ်"

"တစ်နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ငါတွေးမိပါတယ်၊ ရန်ကုန်မြို့ဆိုတာ ကျဉ်းကျဉ်းလေးပဲကွာ၊ မင်းအရက်သောက်လို့ ပြေ ပျောက်သွားမယ့် ကိစ္စမျိုးမှမဟုတ်တာ"

"ဟုတ်ပါတယ်၊ မတွေ့ရင်ကောင်းမယ်၊ အဲဒီမိန်းမရဲ့ အကြည့် တစ်ချက်က ကျွန်တော့်ရင်ကို ပြန်ဆွနေသလိုပဲ"

ပြောရင်း ကိုယ် အရက်ခွက်ကို ကောက်ကိုင်လိုက်တယ်။ ကိုရဲက လှမ်းဆွဲပြီး . . .

"တော်တော့ မင်းညီ၊ အဲဒါတွေကိုမေ့ပြီး မင်းအိပ်မက်ကိုပဲ အကောင်အထည်ဖော်စမ်းပါ၊ နာကျည်းစရာတွေကို အားအဖြစ် မင်း အသုံးချစမ်းပါ"

"မသိတော့ဘူး ကိုရဲရာ၊ ဒီနေ့ ကျွန်တော်မူးမှဖြစ်မယ်"

ကိုယ် ခွက်ကို ထပ်မလိုက်ပြန်တယ်။ ကိုရဲက စူးစူးရဲရဲကြည့် ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်း ပျော့ညံ့လှချည်လား မင်းညီ၊ မင်း ခုလိုလုပ်နေတာ အလကားပဲ"

ရီဝေနေတဲ့စိတ်နဲ့ ကိုယ်တင်းသွားတယ်။

"ဒီမှာ ကိုရဲ၊ ကျွန်တော့်ကို လာမဝေဖန်နဲ့ဗျာ၊ ခင်ဗျားအိမ်မှာ ကပ်နေရလို့ လာဆုံးမနေတာလား"

"ဟာကွာ၊ ဒီကောင်တော့ . . ."

ကိုရဲ ဝုန်းခနဲ မတ်တပ်ရပ်လိုက်တယ်။ ကိုယ့်ရဲ့မထီတရီပုံစံကို ကြည့်ပြီး . . .

"မင်းညီ ငါ့စေတနာကို မစော်ကားနဲ့ကွ၊ မင်းကွာ"

"ဘာဖြစ်လဲဗျာ၊ ခင်ဗျား ဘာလုပ်ချင်လဲ"

ပေါက်ကွဲချင်နေတဲ့ ကိုယ့်စိတ်ဟာ ထိန်းချုပ်မရတော့ဘူး။ ပြောရင်း ကိုယ်ပါ မတ်တပ်ထရပ်လိုက်တယ်။ နှစ်ယောက်စလုံး တင်းမာနေတာအမှန်ပဲ။

"ကိုရဲ . . ဟာ . . မင်းညီ ဘယ်လိုဖြစ်နေတာလဲဗျာ"

ဝရန်းသုန်းကားနဲ့ ပြေးဝင်လာပြီး သံချောင်းက မေးတယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ပုံစံကြောင့် ကွိုင်တက်နေပြီဆိုတာ ရိပ်မိသွားပုံပဲ။ မူးနေတဲ့ ကိုယ်က သံချောင်းကိုကြည့်ရင်း . . .

"ဘာဖြစ်ဖြစ်ကွာ၊ မင်းနဲ့မဆိုင်ဘူး၊ ပြော . . ကိုရဲ ခင်ဗျား ဘာဖြစ်ချင်တာလဲ၊ ကျွန်တော် အိမ်ပေါ်က ဆင်းပေးရမလား၊ အစ ကတည်းက အိမ်ခြေယာခြေမဲ့နေတဲ့ကောင်ပါဗျာ၊ ဟား . . . ဟား"

"မင်းကွာ . . ."

www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ကိုရဲ ချာခနဲ လှည့်ထွက်သွားတယ်။ ကိုယ်လည်း အော်ရယ်နေမိတယ်။ ကိုယ့်ဘဝဟာ ဒါပဲ။ ကိုယ့်မှာ အိမ်မရှိဘူး။ မိသားစုမရှိဘူး။ ကိုယ်ဟာ သင်းကွဲ။ ကိုယ်ဟာ သိုးမည်းပဲ။ သွားစမ်းပါကွာ။ ဒါဘဝတဲ့လား . . . ။

အဲဒီအချိန်မှာပဲ ကိုယ့်မေးရိုးဆီမှာ ပူခနဲဖြစ်သွားပြီ၊ ကိုယ် ထိုင်ခုံပေါ် ပြုတ်ကျသွားတယ်။ ကိုယ့်ကို ထိုးချလိုက်တဲ့ သံချောင်းကို တအံ့တဩ မော့ကြည့်မိတယ်။

သံချောင်းက ကိုယ့်ကို လက်ညှိုးထိုးပြီး . . .

"ဟေ့ကောင် . . မင်းငါ့ကို ပြန်ထိုးချင်လို့လား၊ ထိုးလေ၊ မင်း တို့ဖြစ်နေတဲ့ကိစ္စကို ငါမသိဘူး၊ ဒါပေမယ့် ကိုရဲကို မင်းဒီလိုမဆက်ဆံ သင့်ဘူး၊ မင်းအတွက် သူဘာတွေလုပ်နေလဲ မင်းသိလား"

"သံချောင်း . . ."

ကိုရဲက လှမ်းခေါ်တယ်။ သံချောင်းက ဂရုမစိုက်တော့ဘူး။ ကိုယ့်ကိုပဲ စိုက်ကြည့်ရင်း . . .

"အေး . . မင်းကိုဖြစ်စေချင်လို့၊ မင်းအနေအထားနဲ့ မရနိုင် သေးလို့၊ နောက်ဆုံး မင်းအခွေကို သူထုတ်ပေးဖို့ လုပ်နေတာကွ၊ မင်း ကွာ . . ကိုရဲပိုက်ဆံရှာနေတာကို သဘောပေါက်ဖို့ကောင်းတယ်၊ ခု တော့ မင်းက မူးပြီး သူ့ကိုစော်ကားနေတယ်"

"ဟာ . . ."

ကိုယ့်ရင်ထဲ နင့်သွားရတယ်။ ဒီလောက် ခိုးကူးတွေများနေတဲ့ ခေတ်မှာ ပရိုဂျူဆာဆိုတာ မလွယ်မှန်း ကိုယ်သိပါတယ်။ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုပ်နေတာပဲရှိတယ်။ ဘယ်သူထုတ်ပေးမှာလဲဆိုတာ မသေချာသေးဘူး။ ခုတော့ ကိုရဲက သူလုပ်မယ်တဲ့။ ကိုရဲ ဖုန်းမဝယ်တာတွေ၊ ပန်းချီကားတွေ စျေးလျှော့ရောင်းနေတာတွေ ကိုယ်ပြန်မြင်ယောင်လာတယ်။

ကိုယ်မှားသွားပြီ။ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်လိုက်ဘူး။ ကိုယ်ခေါင်းငုံ့ချလိုက်တယ်။ ပါးပြင်ပေါ်ကို မျက်ရည်တစ်စက်လိမ့်ဆင်းသွားတော့တာပဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

နောက်နေ့ ကိုရဲကို ကိုယ်တောင်းပန်လိုက်တယ်။ ကိုရဲက အေးအေးဆေးဆေးပါပဲ။ ဘာမှမဖြစ်ခဲ့သလို ပြုံးနေတယ်။ သူ့စေတနာတွေက ကိုယ့်ကို မျက်ရည်လည်စေတယ်။ အတိတ်ကိုမေ့ပြီး ကိုယ့်အခွေကိုပဲ အာရုံထည့်ထားတော့မယ်။

"မင်းဖြစ်အောင်လုပ်ပါကွာ၊ ငါ့ဘက်ကလည်း ဖြစ်အောင် လုပ်မယ်"

"ကိုရဲ . . . ကျွန်တော် . . . ဟာဗျာ . . ."

"ကိုယ့်ရင်ထဲမှာ ဆို့ကျဉ်တင်းကျပ်သွားတယ်။ ကိုရဲကပဲ . . .

"ပိုက်ဆံဆိုတာ ပြန်ရှာလို့ရပါတယ် မင်းညီရာ၊ အဓိက,က မင်းကြိုးစားဖို့ပဲ၊ ကျန်တာ ဘာမှတွေးမနေနဲ့"

ကိုရဲက ကိုယ့်ပခုံးကိုညှစ်ပြီး အားပေးတယ်။ ကိုယ့်ဘဝမှာ ဒီလိုနွေးထွေးတဲ့ အားပေးမှုတွေကို သူအမြဲပေးတာ အမှန်ပဲ။ ကိုယ်ချစ်နေမိတဲ့ ပိုးရည်ဆိုရင်ကော။ သူကတော့ ကိုယ်ချစ်နေတာတောင် သိမှာမဟုတ်ဘူး။ သိရင်ကော ကိုယ့်ကို ဘယ်လိုဆက်ဆံမှာလဲ။ ကိုယ်မတွေးရဲဘူး။ ပိုးရည်လက်ကိုတွဲပြီး ကိုယ်အားလုံးကို ကျော်ဖြတ်ချင်ပါတယ်။ ဖြစ်နိုင်ရင်ပေါ့။

ဒဏ်ရာအတိမ်အနက်ကိုသိတဲ့ ကိုရဲက မေးတယ်။ ဘာတွေလုပ်ချင်သေးလဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ကိုရဲ့ကို အရမ်းမွန်းကျပ်တိုင်း သွားထိုင်ဖြစ်တဲ့ နေရာ လေးကို ခေါ်သွားလိုက်တယ်။ ကမ်းနားလမ်းအောက်ဘက်က ဆိပ်ကမ်း တစ်ခုကိုပါ။ ကိုယ် ဟိုးအရင်တုန်းကပဲ အရမ်းမွန်းကျပ်ရင် ဒီနေရာ မှာထိုင်ပြီး ပင်လယ်ဝဆီ မျှော်ကြည့်လေ့ရှိတယ်။

"ကိုရဲ ...ဒီက လှမ်းကြည့်ရင် မမြင်ရပေမယ့် ဟိုဘက်မှာ ပင်လယ်ကြီးရှိနေတာ အသေအချာပဲ"

"အင်း ... ဒါက ပင်လယ်ဝပဲလေ"

"ကျွန်တော့်ဘဝဟာ ပင်လယ်လိုပဲ ကြမ်းတမ်းခက်ထန်နေတဲ့ ကာလတွေမှာပေ့ါ၊ ကောင်းကင်က တိမ်တွေကိုကြည့်ပြီး စဉ်းစားမိ တယ်။ မျက်စိတဆုံးကိုကြည့်ရင် ပင်လယ်နဲ့တိမ်တွေ ထိစပ်နေတယ် လေ။ ကျွန်တော်လည်း တစ်ချိန်ချိန် တိမ်တွေကို နမ်းပြမယ်လို့ အားမွေး ထားတယ်။ ဒီနေရာရောက်ရင် ကျွန်တော့်စိတ်တွေ ကြည်စင်သွားတာ အမှန်ပဲ"

ကိုရဲက ကိုယ့်လိုပဲ လိုက်ကြည့်နေတယ်။ မိုးကုတ်စက်ဝိုင်းမှာ ဆည်းဆာတိမ်တွေ ပွင့်ဝေနေပြီ။ သူ့စိတ်ထဲမှာလည်း ပန်းချီကားတစ် ချပ်ကို စိတ်ကူးနဲ့ ဆွဲချင်ဆွဲနေမှာပေ့ါ။

ငြိမ်သက်နေရင်းက ကိုယ်သတိရလာတယ်။ ဒီနေ့ည ပိုးရည် တို့ဆိုင် နှစ်နှစ်ပြည့်အမှတ်တရပွဲလေ။ ကိုယ် သီချင်းဆိုရမယ်။ အဲဒါ ထက် အရေးကြီးတာကို သတိရသွားတယ်။

"ကိုရဲ ..."

"ဟော ... ဘာလဲဟ"

www.burmeseclassic.com

www.burmeseclassic.com

သူ့အာရုံပျက်သွားတာကိုတော့ အားနာပါတယ်။ ဒါပေမယ့် ပြောမှဖြစ်မှာမို့ မတတ်နိုင်တော့ဘူး။

"ကိုရဲ ..ဒီနေ့ည ပိုးရည်တို့ ဆိုင်ဖွင့်ပွဲနှစ်နှစ်ပြည့်ဗျ၊ ကျွန်တော် ဟိုလေ **စကားများများပြောရန်မလိုတော့ပါ** ကို ဆိုမလားလို့"

"သီချင်းကို ပရိုမိုးရှင်းလုပ်ချင်တာလား၊ ပိုးရည်သိအောင် ဆိုပြချင်တာလား"

ကိုယ်ရှက်အမ်းသွားတယ်။ သီချင်းခေါင်းစဉ်အတိုင်း ကိုယ်မှ မပြောရဲသေးတာကိုး။ ရှက်ရှက်နဲ့ ကိုယ်ရယ်နေလိုက်တယ်။

"ဆိုပေါ့ကွာ၊ မင်းခံစားချက်ကို နားလည်ပါတယ်"

"ပြီးတော့ ဟိုလေ ကျွန်တော် ကိုရဲကို အကူအညီတောင်းချင် လို့"

"ဟေ ... ဘာတုန်းဟ၊ ပိုက်ဆံလိုနေလို့လား"

ကိုရဲက အဲဒီလိုလူမျိုးပါ။ ကိုယ်က ကပြာကယာတားရင်း-

"ဟာ ..မလိုပါဘူး၊ New Zero ရောက်တဲ့နေ့က ပိုးရည်နဲ့ တွေ့တယ်၊ သူအရမ်းလိုချင်တဲ့ ပန်းချီကားတစ်ကားက မရောင်းလို့ သူစိတ်မကောင်း ဖြစ်သွားတယ်"

"ဘာကားတုန်းဟ၊ မင်းက ဝယ်ပေးချင်လို့လား၊ မရောင်းတဲ့ ကားဆို ဝယ်လို့ရမှာမဟုတ် ..."

"ပန်းချီဆရာတွေအကြောင်း သိပါတယ်၊ ဒါပေမယ့် အဲဒီ ကားနာမည်က **သစ္စာဂရုဟာ** တဲ့"

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲ ရေရွတ်လိုက်တယ်။ အဲဒီကားက သူ့ပန်းချီကားကိုး။ နဖူးကြောတွေ တင်းနေအောင် စဉ်းစားပြီးမှ . . .

“မဖြစ်ဘူးကွ၊ သူ့ကိုရောင်းလို့ မဖြစ်ဘူး”

“ဩော် . . .”

ရပါတယ်။ ကိုရဲစိတ်ကို ကိုယ်နားလည်နိုင်ပါတယ်။ အနုပညာသမားအချင်းချင်းပဲ။ မာနဆိုတာကို ကိုယ်လက်ခံရမယ်။

“မဖြစ်ဘူးဆိုတာက သူ့ကိုမရောင်းတော့ဘူး၊ မင်းကို ငါပေး မယ်”

“ဗျာ . . .”

ကိုယ်ဝမ်းသာလိုက်တာ ထခုန်မိမတတ်ဘဲ။ ကိုရဲက ပြည့်စုံ အောင် ထပ်ပြောတယ်။

“မင်းပစ္စည်းဖြစ်သွားပြီဆိုတော့ လိုရာသုံးပေါ့ ငါ့ညီရာ”

ကိုယ်ပြေးပြီး ဖက်နမ်းချင်သွားတယ်။ ယောကျ်ားကြီးဖြစ်နေ လို့။ ပိုးရည်ရယ် . . .၊ ခွေးဖြူမလေးရယ် . . .။ ငါ့မှာတော့ အဲဒီလို။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

Sweet Dream ကော်ဖီဆိုင်လေးရဲ့ညချမ်းဟာ ပြာရီငြိမ်းချမ်းနေတယ်။ သီချင်းသံတွေကလည်း ချိုလွင်စီးပြန့်လို့။ ကိုယ်ရောက်သွားတော့ ပိုးရည်တို့ဖိတ်ထားတဲ့ မိတ်ဆွေအပေါင်းအသင်းတွေတောင် စုံနေပြီထင်ရဲ့။

ပန်းချီကားလေးကို စက္ကူဖြူဖြူနဲ့ ထပ်ပြီးလိပ်ထားရင်း ကိုယ်ယူလာခဲ့တယ်။ ပိုးရည်သိရင် ဘယ်လောက်ပျော်သွားမလဲ မသိဘူး။ စားပွဲတစ်ခုမှာဝင်ထိုင်ရင်း ပိုးရည်ကို ရှာနေမိတယ်။ တွေ့တော့ မတွေ့ရသေးဘူး။ လူတွေကြားမှာ ပြာယာခတ်နေတဲ့ နေလင်းကို လှမ်းတွေ့လိုက်တယ်။ သူက ကိုယ့်လို ဒရိုင်ဘာဆိုပေမယ့် ပိုးရည်တို့မိသားစု ဝင်လိုဒီဆိုင်မှာ ပါဝါလာပြနေတယ်။ ဟိုဟာလုပ်စမ်း၊ ဒီဟာလုပ်စမ်း နဲ့ ဝန်ထမ်းတွေကို ခိုင်းနေတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုမြင်တော့ နေလင်းက ခပ်သွက်သွက်လျှောက်လာပြီး-

"မင်းညီ . . . မင်း မပိုးကို တွေ့ပြီးပြီလား"

"ဟင့်အင်း . . . မတွေ့သေးဘူး"

နေလင်းက ကိုယ့်ကို အဓိပ္ပါယ်ပါပါကြည့်ရင်း . . .

"မပိုး ဒီနေ့ အရမ်းလှနေတယ်ကွ"

"ဟာ . . မင်းကလည်း ပိုးရည်က အရင်ထဲက လှတာပဲဥစ္စာ"

အမှန်တရားကို ကိုယ်ချက်ချင်း တုန့်ပြန်လိုက်တယ်။

"ဘာတွေလှနေကြတာတုန်း"

အဲဒီအသံကြောင့် ကိုယ် ဒိန်းကနဲပဲ။ လှည့်ကြည့်လိုက်တော့ နေလင်းပြောတာ မလွန်ဘူး။ အဖြူရောင်ဝတ်စုံလေးနဲ့ ပိုးရည်ဟာ ယစ်မူးဖွယ်ရသ ရိုးစင်းဆန်းပြားတဲ့အလှနဲ့ အလှကြီးလှနေလေရဲ့။ ခက်တော့ခက်နေပါပြီ။

ကိုယ် မင်သက်ပြီး ကြည့်နေလို့ . . .

"ပြောလေ . . . ဘာတွေလှနေကြတာလဲ"

ထပ်မေးလာတယ်။ ကိုယ် ဘာကိုဖြေရမှာလဲကွယ်။

"အင်း . . . အဲ . . . ပိုးရည် ဟိုဟာ . . ."

ကိုယ် အိုးနင်းခွက်နင်းဖြစ်နေတုန်း နေလင်းက ပြိတီတီနဲ့-

"ဒီလိုပါ မပိုးရယ်၊ ဆိုင်နှစ်ပတ်လည်မို့ မပိုးက အရမ်းလှနေတယ်လို့ပြောတာ၊ အဲဒါကို မင်းညီက . . ."

"ဟော့ကောင် . . ."

ကိုယ်အမြန်လှမ်းဟန့်လိုက်ပေမယ့် မမီတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"မင်းညီက မပိုးကို ခုမှမဟုတ်ဘူး၊ အစထဲက လှုပြီးသားလို့ ပြောနေတာ"

"အာ . . ."

သွားပြီ။ ဒီသူတောင်းစား အလိုက်ကန်းဆိုးကို မသိဘူး။ ပိုးရည် အရမ်းရှက်သွားပုံရတယ်။ ခွေးကောင်နေလင်းက ပြောပြီး လှည့်ထွက်သွားလေရဲ့။ ကိုယ်နဲ့ ပိုးရည်ပဲ ကြောင်အမ်းပြီး ကျန်ခဲ့ရ တယ်။

"ဟိုလေ . . ပိုးရည်၊ ကျွန်တော်က စကားအဖြစ်ပြောတာ"

"ဩော် . . ဒါဆို ကျွန်မက အစထဲက ရုပ်ဆိုးတယ်ပေါ့"

ပိုးရည်ရဲ့ ချစ်စဖွယ်အပြောလေးကြောင့် ကိုယ့်အာခေါင်တွေ ခြောက်ကပ်သွားတယ်။ မျက်လုံးလေးထောင့်ကပ်ပြီး ကိုယ့်ကိုကြည့်နေ လို့ ပြောမိပြောရာပဲ . . .

"ဟာ . . . လှပါတယ်ဗျာ၊ ကျွန်တော်က အဲ . . ဟာ . . ."

ပိုးရည် တခစ်ခစ်ရယ်တော့တယ်။ ကိုယ်လည်း ဒီမှာထူပူနေ ပြီ။ ပိုးရည်က စကားလွှဲသလိုနဲ့ . . .

"ကိုသန်းကိုတောင် မေးနေသေးတယ်၊ ဒီနေ့ သီချင်းအသစ် ဆိုမှာဆို"

"အင်း . . ဟုတ်တယ်၊ ဒီရောက်မှ ရေးဖြစ်တဲ့ သီချင်းပါ"

ကိုယ့်စကားထပ်မှားသွားပြန်တယ်။ ဒီသီချင်းကြားရင် တစ်မျိုး ထင်ဦးမလား မသိဘူး။ ဒီရောက်မှ ရေးတယ်ဆိုတာ တကယ်တော့ မှန်ပေမယ့် သူ့ကိုရည်ညွှန်းပြီး ရေးထားတာလေ။ မထူးတော့ပါဘူးလို့ တွေးပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ပိုးရည်နားထောင်ကြည့်ပေါ့၊ ရော့ . . . ဒီမှာ ပိုးရည်အတွက် လက်ဆောင်"

ပန်းချီကားလိပ်ထည့်ထားတဲ့ စက္ကူလိပ်ကိုပေးရင်း အမြန်လစ် ထွက်ခဲ့တယ်။ သူ့ရှေ့မှာ ကြာရင်ကိုယ့်စိတ်တွေ လွတ်တော့မယ်ထင်ရဲ့။

စင်ပေါ်က ခုံလေးပေါ်ထိုင်ရင်း ကိုသန်းကို့ကို အချက်လှမ်း ပြလိုက်တယ်။ ဒီသီချင်းက သူတို့နဲ့ ကိုယ်တိုက်ပြီးသားပါ။ ကိုယ့်လက် တွေက ဂစ်တာပေါ် ပြေးလွှားသွားတယ်။ လှမ်းကြည့်လိုက်တော့ ပိုးရည် ကိုယ့်ကို စိုက်ကြည့်နေသလိုပဲ။ အင်ထရိုအဆုံးမှာ ကိုယ်မျက်စိမှိတ်ပြီး ရင်ထဲက အသံကို ထုတ်ပစ်လိုက်တော့တယ်။ ကိုယ့်စိတ်တွေဟာ နူးညံ့ လို့။ ပြီးတော့ ပိုးရည်ဆီ ကူးလူးလို့။

* * * *

## စကားများများပြောရန် မလိုတော့ပါ

*   မတည်ငြိမ်တဲ့ ကျွန်တော့်စိတ်တွေရယ် သူ့အနားရောက်လည်း မပီပြင်တဲ့ အပြုံးလေးတွေနဲ့ အရည်ကျဲပြီးပြန်ခဲ့

ယောင်ချာချာ ဆွံ့အနေတယ် ပါးစပ်ကမထွက် ဒီပုံနဲ့တစ်ဆောင်း ကူးမှာပဲ အိပ်မက်တွေရယ် ကျွန်တော်မက်တယ်

www.burmeseclassic.com

www.burmeseclassic.com

* သူဘာတွေ စဉ်းစားနေတယ် သိပ်သိချင်တယ် ကျွန်တော်မြတ်နိုး ခဲ့တာတွေ ပြောပြခဲ့လည်း

ဒီလိုရက်လအရှည်ကြီး မရက်စက်ပါနဲ့ သူတစ်ယောက်တည်းကိုပဲ ရှုးသွပ်စွာနဲ့ ကျွန်တော်ချစ်တယ်

**စကားများများပြောရန်မလိုတော့ပါ ကျွန်တော့်ရဲ့ ညတာရှည်ရှည် တောင့်တမှုများ

စကားများများပြောရန်မလိုတော့ပါ သူ့ရဲ့စိတ်နဲ့ ခန္ဓာပေးသနား တော်မူပါ

ဒီဆောင်းနဲ့ အိပ်မက်များ အဆုံးသတ်ရစေသား

အိပ်မက်များ အဆုံးသတ်ရစေသား

* ကျွန်တော့်စိတ်ကူးထဲက အရာတွေ သူမသိခဲ့ ကျွန်တော့်အိပ်မက် တွေ နေလောင်မဖျက်ဆီးရဲ

စွဲလန်းစိတ်တွေနဲ့ ရက်လရှည်ခဲ့ ကျွန်တော့်အိပ်မက်တွေ အဆုံး သတ်ချင်ပြီ ဒီဆောင်းနဲ့

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

သီချင်းဆုံးသွားတော့ လက်ခုပ်သံသဲ့သဲ့ ထွက်လာတယ်။ ကိုယ့်ရင်ထဲ အားတွေပြည့်သွားသလိုပဲ။ ကိုသန်းကိုက လက်မထောင် ပြတယ်။ စင်လေးပေါ်ကဆင်းပြီး လွတ်နေတဲ့ စားပွဲတစ်ခုမှာ တစ် ယောက်တည်း သွားထိုင်နေမိတယ်။ ဒီသီချင်းဆိုပြီး ပိုးရည်နဲ့ မျက်နှာ ချင်းဆိုင်ရမှာကို စိတ်က သိပ်မလုံချင်တာအမှန်ပဲ။

လူတွေကြားထဲ ဝေ့ကြည့်လိုက်တော့ ပိုးရည်ကို ထင်းကနဲ တွေ့လိုက်ရတယ်။ သူ့သူငယ်ချင်းတွေနဲ့ စကားပြောရင်းက ကိုယ့်ဆီကို လာတော့မယ့် ပုံစံပဲ။ ကိုယ်ရင်တွေ ခုန်နေရပြန်ပြီ။

အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက် ကိုယ့်စားပွဲဆီကို ရောက်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ခဏာထိုင်မယ်နော်၊ ကျွန်မက ......စားသောက်ဆိုင်ဖွင့်ထားတာပါ၊ ကျွန်မတို့ဆီမှာလည်း ...."

ကိုယ့်ကိုမိတ်ဆက်ပြီး သူတို့ဆိုင်မှာ သီချင်းလာဆိုပေးဖို့ လာကမ်းလှမ်းတာပါ။ အမှန်အတိုင်းပြောရရင် ကိုယ်ပျော်သွားတယ်။ ဒါပေမယ့် ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလိုက်ပါတယ်။ ကိုယ်လိုချင်တာအဲဒီဘဝမဟုတ်ဘူး။ ကိုယ်လုချင်တာ အဲဒီအလံမဟုတ်ဘူး။ ကိုယ်ကထိပ်ဆုံးကို ရောက်ချင်တာပါ။

ကိုယ်တို့စကားပြောနေတုန်း ပိုးရည် ရောက်လာပါတယ်။ ပြောနေတာတွေကိုကြည့်ပြီး ပြုံးစစနဲ့ ပြန်ထွက်သွားတယ်။ လှောင်တဲ့သဘောတော့ မဟုတ်ဘူး။ လွတ်လွတ်လပ်လပ်ပြောဆိုတဲ့ မျက်နှာပေးမျိုးပါ။

ခဏနေတော့ ဆန္ဒရှိရင်လာခဲ့ပါဆိုပြီး အမျိုးသမီးက လိပ်စာကဒ်ပေးသွားတယ်။ သူပြန်သွားတော့မှ ပိုးရည်ကို ပြန်ရှာမိတယ်။ ဘယ်မှာလဲ မသိဘူး။ ကိုယ်မျှော်နေမိတယ်။ ပိုးရည်မဟုတ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာက ချစ်ကိုဆိုတဲ့လူပါ။

ကိုယ့်ကို ခနဲ့တဲ့တဲ့ကြည့်ရင်း ...

"အဟင်း .. ဒရိုင်ဘာက ဒီပွဲမှာ မင်းသားဖြစ်နေတယ်ပေါ့"

ဘလိုင်းကြီးပါလား။ စိတ်ထဲက တော်တော်ချဉ်သွားတယ်။ ဒီလူနဲ့စကားမပြောချင်တာနဲ့ ...

"ကျွန်တော့်ဘာသာကျွန်တော် နေပါရစေ ကိုချစ်ကို"

www.burmeseclassic.com

www.burmeseclassic.com

"အေး . . ငါလည်း မင်းဟာမင်း နေစေချင်တာပါ။ မင်း ပိုးရည်နဲ့လည်း ကင်းကင်းနေရင်ကောင်းမယ်"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ကိုယ် ဆတ်ခနဲ ပြန်မေးလိုက်တော့ ချစ်ကိုတစ်ချက်အမ်း သွားတယ်။ ပြီးမှ ချက်ချင်းမျက်နှာထားတင်းလာပြီး . . .

"ပိုးရည်က ငါရည်ရွယ်ထားတာကွ၊ ခု မင်းရောက်လာမှ . .၊ ဟာကွာ . . ဒီတန်ဖိုးမရှိတဲ့ ပန်းချီကားလေး လက်ဆောင်ရတာကိုပဲ ပျော်နေလိုက်သေး"

"ဟာ . . ဟော့လူ၊ ခင်ဗျား နားမလည်ရင်လည်း မစော်ကား ပါနဲ့"

"ဘာဖြစ်လဲကွာ၊ ပြောတော့ . . ."

"ခင်ဗျားဗျာ . . ."

ကိုယ် ဝုန်းခနဲ ထရပ်ပစ်လိုက်တယ်။ နားမလည်ရင်နေပါ။ အနုပညာကို စော်ကားတာတော့ ကိုယ်သည်းမခံနိုင်ဘူး။ လိုအပ်ရင် လက်သုံးဖို့အထိ ကိုယ်အသင့်ပြင်ထားလိုက်တယ်။

ချစ်ကိုက ကိုယ့်ပုံစံကြောင့် နောက်ကိုတစ်လှမ်းဆုတ်ရင်း-

"ဟာ . . ဟ၊ မင်းက ရန်လုပ်ချင်တာလား၊ အေးပေါ့ကွာ ထောင်ထွက်ဆိုတော့လည်း လက်ကရဲ . . ."

"ဟာ . . . ခင်ဗျား . . ."

ကိုယ်ဘာမှမမြင်တော့ဘူး။ ပြေးထွက်ပြီး ချစ်ကိုလည်ပင်းက အကျီစကို စုကိုင်လိုက်တယ်။ ကိုယ်တို့နှစ်ယောက်ကို အနားက လူတွေ ဝိုင်းကြည့်နေကြပြီ။ ကိုယ့်ဒေါသကို ထိန်းချုပ်မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်းညီ . . . ကိုမင်းညီ"

ကိုယ့်နာမည်ကိုခေါ်ရင်း ပိုးရည်ပြေးလာတယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ အနေအထားကိုကြည့်ပြီး . . .

"ဟယ် . . . ဒုက္ခပဲ၊ ဘယ်လိုဖြစ်ကြတာလဲ"

ချစ်ကိုအကျီစကို လွှတ်ပေးလိုက်ပါတယ်။ ပိုးရည်မျက်ဝန်းတွေ ကတစ်ခုခုဖြစ်တော့မှာကို ကြောက်နေတဲ့ပုံပဲ။

"ဆောရီး . . ပိုးရည်၊ ကျွန်တော် နည်းနည်းစိတ်လွတ်သွား တယ်"

ပိုးရည်မပြောခင်မှာဘဲ ချစ်ကိုက သူ့အကျီကိုပြန်ဆွဲဆန့်ရင်း-

"မင်းက လူကြီးလူကောင်းမှ မဟုတ်တာကိုးကွ"

"ကိုချစ်ကို . . . ရှင်လည်း တော်တော့လေ"

ဒီနေရာ ဒီပွဲသာမဟုတ်ရင်တော့ ကိုယ့်လက်ချက်နဲ့ ချစ်ကိုရဲ့ ရွှေသွားတွေ အသစ်ထပ်စိုက်ရတော့မှာပဲ။ ပိုးရည်မျက်နှာနဲ့ ကိုယ်စိတ်လျှော့ချလိုက်ပါတယ်။ ချစ်ကို,ကို အေးစက်စက်ကြည့်ပြီး . . .

"ခင်ဗျားပြောတဲ့ ထောင်ထွက်ဆိုတာကို ကျုပ်မငြင်းဘူး၊ ဒါပေမယ့်ခင်ဗျားမသိနားမလည်ဘဲနဲ့ အနုပညာတစ်ခုကို မစော်ကား ပါနဲ့၊ ဒီနေရာမှာမို့ ကျုပ်သည်းခံလိုက်တာ"

ချစ်ကိုက အင်္ဂလိပ်လို ခပ်တိုးတိုးဆဲရေးပါတယ်။ ချဉ်နေတဲ့ ကိုယ့်စိတ်က ဒီလူ့ကိုရွံသွားတာ အမှန်ပဲ။ ပိုးရည်ဘက်ကိုပဲ မျက်နှာလှည့်လိုက်တယ်။

"ကဲ . . ပိုးရည် ကျွန်တော်ပြန်တော့မယ်၊ ခုလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ကိုယ်လှည့်ထွက်လာခဲ့တယ်။ ပိုးရည် ဘယ်လိုထင်သွားမလဲတော့ မသိဘူး။ ကိုယ့်ကိုတော့ အနုပညာနဲ့ပတ်သက်ရင် ကျားတစ်ကောင်လို မောက်မာသွေးဆာတတ်တဲ့လူလို့ သတ်မှတ်လည်း ရပါတယ်။ ကိုယ် အိမ်ပြန်ရောက်တော့ NIRVANA ရဲ့ You Know Your Right သီချင်းကို ခပ်ကြမ်းကြမ်းတီးပြီး အော်ဆိုလိုက်မိရဲ့။

* * * *

(၂၀)



www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်ကို ခဏဆင်းခဲ့ပါဟု ဖေဖေက အိမ်ဖော်မလေး နှင့် ပြောခိုင်းလိုက်၍ ပိုးရည်ဆင်းလာခဲ့သည်။ စိတ်ထဲမှာလည်း မင်းညီ အကြောင်းပဲထင်တယ်ဟု တွေးလာမိ၏။ အောက်ထပ်မှာ ဖေဖေက စာဖတ်ရင်း စောင့်နေပုံရသည်။ မေမေကတော့ ဒီအချိန် ဘုရားရှိခိုး နေလောက်ပြီ။

မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း . . .

"ဘာများလဲ ဖေဖေ . . ."

"သြော် . . မင်းညီကိစ္စပါ၊ ဘယ်လိုဖြစ်ကြတာလဲ"

ဖေဖေက ခပ်အေးအေးပဲ မေးလာ၏။ နေလင်းထံမှ ထိုကိစ္စ ကိုလည်း ကြားပြီးဟန်တူသည်။ ဂယဏနသိချင်၍ သူမကို ခေါ်မေး ခြင်းဖြစ်မည်။

"စကားများရုံလောက်ပါပဲ ဖေဖေ၊ ဆိုင်အတွက် ကိုမင်းညီ လက်ဆောင်ပေးတဲ့ ပန်းချီကားကို ကိုချစ်ကိုက တန်ဖိုးမရှိဘူး၊ ဘာညာ နဲ့ပြောလိုက်တော့ ဟိုကလည်း မခံချင်ဖြစ်သွားတယ်နဲ့ တူပါတယ်"

"ဒါနဲ့ ချစ်ကိုက မင်းညီကို ထောက်ထွက်ဆိုပြီး ပြောသေး တယ်ဆို"

ဖေဖေလေသံက ဘယ်သူ့ကိုမှ အပြစ်တင်နေသံမျိုးမဟုတ်။ ကိစ္စတစ်ခုကို အတွင်းကျကျ ဆွေးနွေးနေပုံမျိုးဟု ထင်မိသည်။ ပိုးရည် သက်ပြင်းချလိုက်ရင်းက . . .

"အင်း . . ဟုတ်ပါတယ်၊ ဒီကိစ္စက သမီးကြောင့်ပဲဆိုပါတော့ ဖေဖေရာ၊ သမီးက ပုံ့ပုံ့တို့ကို ပြောမိတယ်၊ သူတို့ကတစ်ဆင့် ကိုချစ်ကို သိသွားတော့ . . ."

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ..ဖေဖေသဘောပေါက်ပြီ၊ ချစ်ကိုအနေနဲ့ လူတွေကြားထဲမှာတော့ မပြောသင့်တာအမှန်ပဲ၊ မှားခဲ့ပေမယ့် မင်းညီက ခုလမ်းမှန်လျှောက်နေတာလေ၊ သူကိုယ်တိုင်ကလည်း အနုပညာသမားဆိုတော့ ပေါက်ကွဲသွားမှာပေါ့"

"သမီးလည်း ..."

"ဒါနဲ့ ချစ်ကိုအပေါ် သမီးသဘောထားက အဲ ...ဖေဖေ သမီးကိုအိမ်ထောင်ပြုစေချင်တာ မဟုတ်ဘူးနော်"

ဖေဖေ့စိတ်ကို ပိုးရည်သိပါသည်။ အမေချင်း ရင်းနှီးကြ၍သာ ချစ်ကိုက အိမ်သို့ဝင်ထွက်ခွင့်ရနေခြင်း ဖြစ်၏။ ပိုးရည်သဘောကျလျှင် လက်ထပ်ပေးဖို့သာရှိသည်။ ဘာဘာညာညာစကားတွေ ကျွံထားတာမျိုးမရှိ။ မေမေ့မျက်နှာနှင့် ဆက်ဆံနေရသလို ချစ်ကိုဘက်ကလည်း အတင်းကပ်နေခြင်းသာ ဖြစ်သည်။

ခုလည်း ဖေဖေက မေးနေသဖြင့် ...

"သမီး အဲဒါတွေ ဘာမှမစဉ်းစားသေးဘူး ဖေဖေ"

စဉ်းစားတဲ့အခါကျရင်ကောဟု ဖေဖေက မမေးပါ။ မေးလျှင် လည်း ချစ်ကို,ကို အတိအလင်း ထည့်မစဉ်းစားကြောင်း ဖြေမိမည်။ ခုထိလည်း ထိုကိစ္စများကို မစဉ်းစားသေး။ ချစ်ကို,ကိုလည်း သူမအချစ် မပိုနိုင်ပါ။ ကျောင်းတုန်းက လိုက်သူတွေရှိသော်လည်း အချစ်ဆိုတာ သူမအတွက် မသင်ရသေးသော သင်ခန်းစာသာ ဖြစ်သည်ပဲလေ။

"ဒါနဲ့ မင်းညီတစ်ယောက်ကော"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနေတုန်း ဖေဖေမေးလိုက်သဖြင့် ပိုးရည်လန့်သွားရ သည်။ ပြီးမှ စိတ်ထဲက ရယ်မိသည်။ သူမ၏အိမ်ထောင်ရေးမှာ မင်းညို ကောဟု ဖေဖေဆိုလိုခြင်း မဟုတ်ပါ။ ထိုသို့ထင်လိုက်မိ၍ ရုတ်တရက် လန့်သွားခြင်းဖြစ်သည်။ ဖေဖေမေးသည်က မင်းညိုအလုပ်မလာသည့် ကိစ္စ။

"ဪ . . . မင်းညို အလုပ်မလာဘူးလားလို့"

"ဟုတ် ဖေဖေ၊ သုံးလေးရက်ရှိပြီ၊ ဖုန်းလည်း မဆက်ဘူး"

ဖေဖေက ခဏစဉ်းစားပြီးမှ . . .

"အင်း . . ဘာပဲဖြစ်ဖြစ်လေ၊ သူ ဒီမှာ မလုပ်ချင်တော့ဘူးဆို ရင်လည်း သဘောပေါ့၊ ဒါပေမယ့် သေချာအောင်တော့ နေလင်းကို သွားမေးခိုင်းလိုက်ဦး၊ ကြားလား သမီး"

"ဟုတ်ကဲ့ ဖေဖေ"

ကိစ္စက ပြီးသွားပြီ။ ဖေဖေက စာပြန်ဖတ်နေ၏။ ပိုးရည်လည်း အသာထပြီး ထွက်လာခဲ့သည်။ မင်းညို တကယ်ပဲ သူတို့အိမ်မှာ အလုပ် မလုပ်တော့ဘူးလား။ မလုပ်ဘူးဆိုရင်လည်း သူမအနေဖြင့် တားလို့ မဖြစ်နိုင်။ တစ်ခုတော့ရှိသည်။ ဆိုင်မှအဆိုတော်တစ်ယောက်အနေဖြင့် တော့ သူမမေးကြည့်ရဦးမည်။

နောက်ဆုံး ကိုယ့်ကိစ္စလည်းပါနေ၍ ကိုယ်တိုင်သွားမေးတာ ပဲ ကောင်းမည်ဟု သူမဆုံးဖြတ်လိုက်ပါသည်။

ကဲ . . ကိုယ်တော်၊ ရှင် ကျွန်မဆိုင်မှာ ဆိုမလား မဆိုဘူးလား ပြော . . . ။

www.burmeseclassic.com

www.burmeseclassic.com

မအိပ်ခင် မင်းညီအကြောင်း ပထမဆုံး စဉ်းစားမိသည့်ည ဖြစ်လေသည်။

* * * *

(၂၁)

လေးငါးရက်ရှိပြီ။ ကိုယ် ပိုးရည်တို့အိမ်မသွားဘဲ အိမ်မှာ ခွေခေါက်နေမိတယ်။ ကိုရဲမေးတာကိုလည်း စိတ်မကောင်းဖြစ်မှာစိုး လို့



www.burmeseclassic.com

www.burmeseclassic.com

လှည့်ပတ်ဖြေထားရတယ်။ ဒါတောင် ကိုရဲက သံသယဝင်ချင်သေး တယ်။ သီချင်းဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပိုးရည်ကို ကိုယ်မတွေ့ရဲဘူးလို့ ထင်နေပုံရတယ်။

အိမ်မှာကတော့ အေးအေးဆေးဆေးပဲ။ ကိုရဲက ပန်းချီဆွဲ၊ ကိုယ်က သီချင်းရေးနဲ့ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတယ်။ တစ်ခါ တလေ သံချောင်းရောက်လာမှ ဟီးဟီးဟားဟားနဲ့ စကားတွေပြောဖြစ် ကြတာ။ နှစ်ယောက်တည်းဆိုတော့ လူရှိတယ်လို့ကို ထင်မှာမဟုတ် ဘူး။

အိမ်ရှေ့က ကားသံကြားမိတယ်။ ကိုယ်နားစွင့်ကြည့်တော့ ထင်တဲ့အတိုင်းပဲ။ ကိုယ့်နာမည်ကို ပိုးရည်ခေါ်နေတဲ့အသံပေ့ါ။ ကိုယ် အလုပ်မလာလို့ လိုက်လာပြီထင်တယ်။ ကိုယ်လည်း မရှိဘူးလို့ ကိုရဲကို ပြောခိုင်းရင်ကောင်းမလား စဉ်းစားနေတုန်း ကိုရဲဝင်လာပြီး . . .

"မင်းညီ . . . မင်းဧည့်သည်ကွ၊ ဟိုကောင်မလေး"

"ကိုရဲ . . . ဟိုလေ . . . "

"လုပ်မနေနဲ့ စောင့်နေတယ်၊ မင်းလစ်လာတဲ့အကြောင်း လည်း တိုင်ပြီးသွားပြီ"

တော်တော်သွက်တဲ့ ပိုးရည်ပဲ။ ပန်းချီကားကိစ္စနဲ့ ကိုရဲကို တောင် အားနာသွားတယ်။ ကိုယ်ထွက်သွားလိုက်တော့ ပိုးရည်က ခပ် နွမ်းနွမ်းပြုံးပြရင်း . . .

"ဖေဖေက မေးခိုင်းလိုက်တယ်၊ အလုပ်မလာလို့"

"ဩော် . . ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် မလုပ်တော့ဘူး လားလို့"

www.burmeseclassic.com

www.burmeseclassic.com

တွေးထားတဲ့အတိုင်း ပြောလိုက်တော့ ပိုးရည်က ခပ်စူးစူး ကြည့်ပြီး . . .

"ကိုမင်းညီက စိတ်ဆိုးနေတာလား"

"ဟာ . . မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ပတ်သက်ပြီး ပိုးရည်တို့ သိက္ခာကျမှာစိုးလို့ပါ၊ အဲဒီနေ့က ပိုးရည်နဲ့ရင်းနှီးတဲ့ လူတွေပဲရှိတာလေ၊ ပိုးရည်အဖေက တရားသူကြီး၊ အိမ်မှာကားမောင်းတဲ့ ကျွန်တော်က . ."

"ရှင် အဲဒီလောက် လိုက်တွေးစရာမလိုဘူး ထင်တယ်"

လေသံမှန်မှန်နဲ့ပဲ ပိုးရည်ပြောလိုက်တာပါ။ ကိုရဲကလည်း ထောက်ခံသလိုနဲ့ . . .

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒါပဲပြောနေရတယ်၊ ဒီကောင် က ထိရှလွယ်လွန်းလို့လေ"

အတိုင်အဖောက် ညီနေကြလို့ ကိုယ်ကပဲ . . .

"ကိုရဲရာ၊ အဲဒီနေ့က လူတွေရဲ့အမြင်က ရှိသေးတယ်"

"ကျွန်မကတော့ လူကို လူလို့ပဲ မြင်တယ်"

ပိုးရည်သဘောထားကတော့ ရှင်းနေပါပြီ။ ကိုရဲက ပြုံးလိုက် တယ်။

"ဒါဆို ကျွန်တော် ပိုးရည်တို့အိမ်မှာ . . ."

"ဒါကတော့ ရှင့်ဟာရှင် ဆုံးဖြတ်ပေါ့၊ ဒီနေ့တော့ ရှင်ခဏ လိုက်ခဲ့ဦး"

"ခင်ဗျာ . . ."

"ဟုတ်တယ်၊ ဟိုနေ့က ကိုချစ်ကို,ကို ပုံ့ပုံ့က ပြောမိသွားတာ၊ ကျွန်မအပြစ်လည်း ပါပါတယ်၊ သူတို့ကို ပြောမိတာကိုး၊ အဲဒါ ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ချင်တာရယ်၊ ကျွန်မတို့ဆိုင်မှာ သီချင်းဆက်ဆိုပေးဖို့ သူတို့ က တောင်းဆိုချင်လို့တဲ့”

ဘာကောင်မှမဟုတ်သေးတဲ့ ကိုယ်တောင် မနေတတ်ဖြစ်သွားရတယ်။ ပိုးရည်က ကိုရဲကိုကြည့်ပြီး အားနာဟန်လေးနဲ့ ထပ်ပြောတယ်။

“ပန်းချီကားအတွက် ကျွန်မတောင်းပန်ပါတယ်၊ ဟိုလူက နားမလည်လို့ပါ၊ ကျွန်မ အကိုကြီးရဲ့လက်ရာတွေကို အရမ်းသဘောကျတာ”

“ရပါတယ် ညီမလေးရဲ့”

သူတို့နှစ်ယောက်ကတော့ ဟုတ်နေတာပဲ။ အင်းလေ ... ချစ်ကိုဆိုတဲ့လူကို ပန်းချီကားကြည့်ခိုင်းရင်လည်း ဝက်ကို ဗီဒီယိုကြည့်ခိုင်းသလို ဖြစ်နေမှာပဲလို့ တွေးမိတယ်။ ကိုယ်ကလည်း ငတုံးကြီးကိုမှ ဒေါသသွားထွက်မိတာကိုး။

“ဒီနေ့တော့ အကိုကြီးညီကို ခေါ်သွားမယ်နော်၊ ပြန်ပို့ပေး မှာပါ”

ခွင့်တိုင်သလိုတိုင်နေလို့ ကိုရဲက မနှမျောတဲ့ပုံစံနဲ့ ...

“ခေါ်သွား ...ခေါ်သွား၊ ပြန်မပို့လည်း ရတယ်၊ ဒီကောင် တစ်ရက်တစ်ရက် အိမ်မှာခွေနေလွန်းလို့”

ကိုရဲကတော့ ဇာတ်နာအောင်လုပ်ပြန်ပြီ။ ကိုယ် ဂစ်တာကျင့်၊ သီချင်းရေးနေတာကို သိရဲ့သားနဲ့။ အနှောင့်အသွားမလွတ်တဲ့ စကားကြောင့် ပိုးရည်မျက်နှာလေးရဲသွားတယ်။ အားနာသွားတာမို့ ကိုယ်က-

“ဟာ ... ကိုရဲကလည်း ...”

“ကိုရဲ လုပ်မနေနဲ့၊ လိုက်သွား၊ ညီမလေးက အိမ်အထိလာ ခေါ်ရတာ”

www.burmeseclassic.com

www.burmeseclassic.com

ကိုရဲပြောပုံက ကိုယ်ပဲ စျေးကိုင်နေသလို ဖြစ်နေပြီ။ ကိုယ် အမြန်လိုက်သွားမှ ဖြစ်တော့မယ်။ ကားရှေ့ရောက်တော့ ကိုယ်က . .

"ပိုးရည် သော့ပေးလေ၊ ကျွန်တော်မောင်းပါ့မယ်"

ကိုယ့်စကားကို ပိုးရည်က မျက်ခုံးလေးဝင့်ပြီး တစ်ချက်ကြည့် သေးတယ်။ သော့လှမ်းပေးရင်းက . . .

"ရတယ်လေ၊ ရှင် အခုမောင်းရင်တော့ နောက်နေ့တွေမှာပါ မောင်းရမှာနော်၊ အဲဒါ တစ်ခါထဲ စဉ်းစား"

ကားသော့က ပိုးရည်လက်ထဲမှာ တန်းလန်းလေး။ အချစ်စမ်း တာလားလို့ ကျူးကျူးကျော်ကျော် တွေးမိသေးတယ်။ ပိုးရည်နဲ့တွေ့ တော့လည်း ကိုယ့်စိတ်တွေကို ထိန်းလို့မရပြန်ဘူး။ သူ့အနားမှာနေချင် တဲ့ စိတ်တွေက ငိုချင်ရက်လက်တို့ ဆိုသလိုပဲ။ ကိုယ်မစဉ်းစားဘဲ ကား သော့ကို လှမ်းယူလိုက်ပါတယ်။ ပိုးရည်ရဲ့ အပြုံးလေးကို လှစ်ကနဲ တွေ့လိုက်ရလို့ ကိုယ်မျက်နှာပူသွားသေးတယ်။

ဒါတောင် ဒင်းကလေးက အလိုက်ကမ်းဆိုးမသိ ဆက်ပြော သေးရဲ့။

"ဒါနဲ့ သီချင်းဆိုဖို့ကိစ္စကိုတော့ မမေးတော့ဘူးနော်၊ အဟင်း"

အဲဒီလို ပိုးရည်အပိုင်တွက်တတ်ပုံထောက်ရင် ကိုယ့်ရင်ထဲကို ရော မြင်နေပြီလား မသိဘူး။ ဒါကိုတော့ မျက်စိမလျှမ်းပါနဲ့ ပိုးရည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ကားပေါ်ရောက်တော့လည်း ပိုးရည်က ကိုယ်ဘာမှမဖြစ်ခဲ့ သလို ပုံစံမျိုးနဲ့ . . .

"ရှင့်သီချင်းအသစ်က ကောင်းပါတယ်၊ ဒါနဲ့ ခုသီချင်းသွင်း နေတယ်ဆိုတာမှာရော အဲဒီသီချင်းပါလား"

"အင်း . . . ပါ,ပါတယ်"

"ဒါဆိုလည်း စီဒီခုတ်ပြီး ယူထားဦးမှပဲ"

www.burmeseclassic.com

www.burmeseclassic.com

ပြောနေပုံလေးက အရိုးခံလေးပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်ပျော်သွားတာကတော့ အမှန်ပဲ။ ကိုယ်က ရည်ရွယ်ပြီး ရေးထားတာကိုး။ သူ့ပုံစံလေးကြောင့် မချင့်မရဲတောင် ဖြစ်မိတယ်။ ရင်ဘတ်ကိုကြိုးတပ် ပြီး ရေးထားတဲ့ သီချင်းကိုမှ သောက်ကောင်မလေးက အပေါ်ယံလောက် ကောင်းနေလား မသိဘူး။ ဖြစ်နိုင်ရင် ရင်ဘတ်နဲ့ နားထောင်စေချင်တာလေ။ ကိုယ်သက်ပြင်းခိုးချမိတယ်။

"ဒါနဲ့ ရှင်ပြောတဲ့ Nirvana အခွေ ဝယ်ပြီးနားထောင်သေးတယ်၊ အသံတွေက အသံစမ်းနေတဲ့ အသံမျိုးကြီးတွေနော်"

ကိုယ်ပြုံးမိသွားတယ်။ ပိုးရည်အနေနဲ့ Grunge ဂီတလို့ ပြောရင်လည်း နားလည်မှာ မဟုတ်ဘူး။ ကိုယ်တို့ဆီမှာတော့ Alternative Rock တို့ Punk Rock တို့ဆိုပြီး အမျိုးမျိုးခေါ်နေကြတာပဲ။

"သူတို့ဂီတကိုက အဲလိုမျိုးလေ၊ အသံကြောင်ကြောင်တွေ လည်း သုံးတယ်၊ Classic Rock တွေကို ချိုးဖျက်ထားတဲ့ ပုံစံတစ်ခုပေါ့၊ သူတို့ဖက်ရှင်ဆိုရင်လည်း ဂျင်းဘောင်းဘီနဲ့ ဖလန်နယ်အင်္ကျီကို တွဲဝတ်တာများတယ်"

"ဩော် . . . ဟုတ်လား၊ ရှင်ဝတ်တဲ့ပုံစံမျိုးပေါ့"

"ဆိုပါတော့"

ဖြေရင်း ကိုယ်နည်းနည်းတောင် ရှက်သွားတယ်။ ဝန်ခံရရင် တော့ Kurt Cobain (ကဒ်ကိုဘိန်း) ရဲ့စတိုင်လ်ကို ကိုယ်ခိုက်တာ အမှန်ပဲ။ ပိုးရည်နားထောင်လို့ အဆင်ပြေမယ့်အခွေကို တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . Nirvana ခွေတွေထဲမှာ အေးတာလည်း ရှိပါ တယ်၊ သူ့ရဲ့ MTV Unplugged ခွေကို နားထောင်ကြည့်လေ၊ Hollow ဂစ်တာနဲ့ပဲ ဆိုထားတာ"

"ရှင့်ကြည့်ရတာ အဲဒီအဖွဲ့ကို အရမ်းကြိုက်ပုံပဲ"

"ကြိုက်ပါတယ်၊ ခုနောက်ပိုင်းထွက်တဲ့ Modern Rock တွေ Nu Metal တွေလည်း နားထောင်တယ်"

"ခုတော့ ဘာလဲ အီမို (EMO) တဲ့ ပေါ်နေပြန်ပြီနော်၊ ဆံပင် တစ်ခြမ်းစောင်းတွေနဲ့လေ"

ကိုယ်သိပါတယ်။ လူငယ်တွေကိုလည်း အဲဒီပုံစံနဲ့ တွေ့နေရ တာကိုး။

"ဟုတ်တယ်၊ အီမို (EMO) ဆိုတာက ဟိုဘက်မှာတော့ ပေါ်တာကြာပါပြီ၊ ဆယ်စုနှစ်မကတော့ဘူး၊ ခုမှဒီကို ကူးစက်လာတာ၊ ကိုရီးယားရောဂါလိုပေါ့၊ ဒါပေမယ့် အီမို (EMO) ဂီတထက် ဒီမှာက အီမို (EMO) ပုံရိပ် (IMAGE) တွေပဲ ကျယ်ပြန့်နေကြတာ၊ တစ်ချို့ဆို အီမိုကေထားပြီး My Chemical Romance Band ပုံပါတဲ့ တီရှပ်ကို ဝတ်နေကြတာ၊ အဲဒီအဖွဲ့ရဲ့သီချင်းကို နားထောင်ဖူးတာ မဟုတ်ဘူး၊ သူများမိုလို့ လိုက်ပြီးအီမိုနေကြတာ"

ပိုးရည်က ခပ်ဖွဖွရယ်နေတယ်။ ပြီးတော့ . . .

"ဒီမှာကတော့ ဒီလိုပါပဲ ကိုမင်းညီရယ်၊ ပြောသာပြောရတယ်၊ ကျွန်မလည်း ရှင်ပြောတဲ့ နီဗားနား (Nirvana) ကို ခုမှသိတာ"

www.burmeseclassic.com

www.burmeseclassic.com

"Nirvana ဆိုတာက နိဗ္ဗာန် ဒါမှမဟုတ် ကောင်းကင်ဘုံလို့ ဆိုလိုတာပါ၊ အဲဒီက အဆိုတော်ကဒ်ကိုဘိန်း (Kurt Cobain) က ၁၉၉၄ ထဲမှာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတဲ့လူပေါ့"

"သြော် . . ."

ဂီတအကြောင်းပြောနေရရင် ကိုယ်အကုန်မေ့ပါတယ်။ ကိုယ့်ပုံစံကိုကြည့်ပြီး သူမက ပြုံးစစနဲ့ . . .

"ရှင့်ရဲ့ ဂီတအပေါ်ထားတဲ့ နက်ရှိုင်းမှုကိုတော့ ကျွန်မဖျား သွားပြီ၊ အဲ . . . ခဏလေး"

ပြောရင်း သူ့ဟန်းဖုန်းကိုထုတ်ပြီး ဆက်ပါတယ်။ ကိုယ်လည်း ကားကိုပဲ ဂရုစိုက်ပြန်မောင်းနေလိုက်တယ်။ ဘာကိုသတိရသွားလို့လဲ မသိဘူး။ နားမစွံ့လည်း ကြားလိုက်ရပါတယ်။

"သြော် . . အေး . . ပံ့ပံ့လား၊ ဒီမှာ ကိုမင်းညီက နင်တို့ကို ခွင့်လွှတ်ပါတယ်တဲ့၊ ပြီးတော့ ဆိုင်မှာလည်း သီချင်းပြန်ဆိုပေးမယ်တဲ့၊ ဟုတ်တယ်နော် ကိုမင်းညီ"

ယောင်နနနဲ့ ခေါင်းညိတ်ပြမိတယ်။ ဟိုဘက်က ဘာပြော လိုက်လဲ မသိဘူး။ ပိုးရည်မျက်နှာလေးရဲသွားပြီး ပါးစပ်ကလည်း နင်တို့ နော် ဘာဆိုင်လဲ ဘာညာနဲ့ ပြောသေးတယ်။ ကိုယ့်ကိုလည်း မလုံမလဲ ငဲ့ကြည့်လို့ . . .

"ဘာပြောလိုက်လို့လဲ"

ကိုယ်မေးတော့မှ ပိုဆိုးတော့တယ်။ ပိုးရည် ရှိုးတိုးရှန့်တန်း တွေ ဖြစ်ကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အာ . . ဘာမှမဟုတ်ပါဘူး၊ မနက်ဖြန် ရခိုင်မုန့်တီချက်စား မလို့လို့ ပြောတာ"

ဘာမှလဲ မဆိုင်ဘူး။ ရခိုင်မုန့်တီစားတာနဲ့ သူရှက်သွားတာနဲ့ ကိုယ်ဆက်စပ်လို့မရတာ အမှန်ပဲ။ ပြီးတော့ သူကပဲ ခပ်တည်တည် လေးနဲ့ . . .

"ဒါပဲနော်၊ ဟိုကောင်တွေကို ပြောလိုက်ပြီ၊ ကျွန်မမျက်နှာ ပျက်အောင်တော့ မလုပ်နဲ့"

"ဟုတ်ကဲ့ ခင်ဗျ၊ မမလေး သဘောအတိုင်းပါပဲ"

ကိုယ်လည်း ဗီဒီယိုတွေထဲမှာပါတဲ့ ဒရိုင်ဘာက သူဌေးသမီး ကို ပြောတဲ့လေသံမျိုး ပြောပစ်လိုက်တယ်။ ထင်တဲ့အတိုင်းပါပဲ။ သူမရဲ့ မျက်စောင်းလေးက ဝင့်ခနဲ ကိုယ့်ဆီရောက်လာလေရဲ့။ ဒီမျက်စောင်း တွေနဲ့တော့ ကြာရင်ကိုယ်သေတော့မှာပဲ။ မသေရင်တောင် ရူးတော့ မယ်ထင်တယ်။

စဉ်းစားရင်းနဲ့ ကိုယ့်ခေါင်းထဲ သီချင်းရေးဖို့ ခေါင်းစဉ်တစ်ခု ထပ်ရသွားတယ်။ မသေရင်ရူးမယ်ဆိုပြီးပေါ့။

ဟုတ်တယ်။ မသေရင်တောင် ရူးသွားနိုင်တာ အချစ်ပဲ။ ကိုယ့် မှာတော့ နေမြင့်လေ အရူးရင့်လေပါလား ခွေးဖြူမလေးရယ်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

နောက်ပိုင်းရက်တွေမှာ ကိုယ်နဲ့ချစ်ကိုဆိုတဲ့လူ တွေ့ပါသေး တယ်။ အရင်လိုတော့ ကိုယ့်ကိုလာမရစ်၊ မရိတော့ဘူး။ မြင်ရင်တော့ မကြည်ကြည့်လောက် ကြည့်ပါသေးတယ်။ ကိုယ်ကတော့ အေးဆေးပဲ။ ကိုယ် ဒီအိမ်မှာ အလုပ်ပြန်လုပ်နေကတည်းက ဒီမိသားစုရဲ့ ကိုယ့်အပေါ် သဘောထားကို သူသိဖို့ကောင်းပါတယ်။ ဒါပေမယ့်လည်း ဒီငတုံးကြီးက အကောင်ပြတာတောင် အရိပ်မြင်မယ်မထင်ဘူး။

ကိုယ်လည်း ကားမောင်းရင်း ဆိုင်မှာသီချင်းဆိုရင်း ကိုယ့် ဘဝကိုယ် ချီတက်နေရတုန်းပဲ။ ပိုးရည်အပေါ်ကိုလည်း တစ်နွယ်ပြီး တစ်နွယ် ငင်လာတာအမှန်ပါ။ တစ်ခါတလေ ကိုယ့်ရဲ့သတိလွတ်

www.burmeseclassic.com

www.burmeseclassic.com

အကြည့်တွေတောင် ပိုးရည်မျက်လွှာလေးချတတ်နေပြီ။ ဒါပေမယ့် ကိုယ့်ရဲ့သစ္စာတရားက ထပ်ပြီးမကျူးကျော်ဖို့ အမြဲသတိပေးနေတယ်။ အိပ်မက်တွေကို အပြီးသတ်ပါဦးတဲ့။

ဒီကြားထဲမှာ ကိုယ် ကံဇာတာက တက်လာပါသေးတယ်။ ကြည်သူရဲ့ Dr.beat studio မှာ သီချင်းလေးတွေ လုပ်နေတုန်းမှာပဲ တစ်ခြားလာလုပ်တဲ့ ဂီတလူငယ်တွေနဲ့ ရင်းနှီးပြီး စုပေါင်းစပ်ပေါင်း အခွေတစ်ခွေမှာဆိုပေးဖို့ ကမ်းလှမ်းခံရတယ်။ တစ်ခါတည်း VCD ပါရိုက်မှာမို့ Hotel တစ်ခုမှာ Live ပုံစံဆိုရမှာ။ မကြုံဖူးလို့ ကြည့်ချင်တယ်ဆိုပြီး ပိုးရည်တို့ သူငယ်ချင်းသုံးယောက်လည်း လိုက်လာကြ တယ်။ ကိုယ့်ကို မျက်နှာသာပေးလာတဲ့ ကံတရားအတွက် ပိုးရည်ကပါ ပျော်နေသလိုပဲ။ ကိုယ့်အထင်ပါ။

Stage Show တစ်ခုအတိုင်း စင်ပေါ်မှာ ပစ္စည်းအပြည့်အစုံ နဲ့ ဆိုရတာပါ။ လာကြည့်ဖို့ ဖိတ်ထားတဲ့သူတွေက ပရိသတ်တွေပေ့ါ။ ရိုက်ကူးရေးကင်မရာတွေကလည်း မနည်းဘူး။ ကိုယ်နှစ်ပုဒ်ဆိုရတယ်။ ကိုယ့်သီချင်းအတွက် လက်ခုပ်သံတွေကတော့ အစစ်လို့ ကိုယ်ယုံပါ တယ်။

အပြန်ကျတော့ ကော်ဖီဆိုင်တစ်ဆိုင်မှာ ကော်ဖီဝင်သောက် ကြတယ်။ သုံးယောက်ပေါင်းပြီး ကိုယ့်ကို ညှင်းကြတာပါ။ ကော်ဖီ သောက်ရင်းနဲ့ ပုံ့ပုံ့က . . .

"မသိရင် ညဘက်အတိုင်းပဲနော်၊ မီးတွေ မှောင်ချထားပြီး ဆလိုက်မီးတွေ ပြန်သုံးထားတာ"

"ဟုတ်တယ်ဗျ၊ Live Show အများစုက ဒီလိုပဲ ရိုက်တာ လေ"



www.burmeseclassic.com

www.burmeseclassic.com

"အသံလည်း တစ်ခါတည်း ဖမ်းထားလိုက်တာပေါ့နော်"

မျိုးမျိုးဆစ်ကလည်း ဝင်မေးတယ်။ ခေါင်းခါပြရင်း . . .

"အဲလိုကြီးလည်း မဟုတ်ဘူးဗျ၊ နိုင်ငံခြားခွေတွေမှာတော့ Live ဆိုရင် Live အစစ်ပဲ ပြကြတာလေ၊ ဒီမှာတော့ Unplugged ဆိုရင်လည်း အစစ်ကြီး မလုပ်ကြဘူး၊ ခုလည်း Body အဲ . . သီချင်းကိုတော့ အကုန်ဖမ်းထားတာပေါ့၊ ဒါပေမယ့် ကျောရိုးလောက်ကိုပဲ ပြန်ယူပြီး ထပ်တီး၊ ပြန်ဆိုကြတာပဲ၊ Studio မှာလေ၊ Stage Show အစစ်ကို လုပ်ရင်လည်း အဲဒီအတိုင်းပဲ"

"အင်း . . သဘောပေါက်ပြီ၊ ဒါကြောင့် တစ်ချို့ခွေတွေမှာ အရုပ်နဲ့အသံနဲ့ လွဲနေတာတွေ တွေ့ရတာကိုး"

ပိုးရည်က သတိထားမိသလို ဝင်ထောက်ခံတယ်။ ပုံ့ပုံ့က တစ်ချက်စဉ်းစားပြီး . . .

"ဟင်း . . ဒါဆိုလည်း အခွေပြန်သွင်းရတဲ့သဘောပေါ့၊ ဟုတ် လား"

"ဟုတ်တယ်၊ ဒါမှလည်း ပရိသတ်တွေ ကောင်းကောင်းနားထောင်ရမှာလေ"

ကိုယ်သိတာလေးတွေကို ရှင်းပြလိုက်ရတယ်။ စင်ပေါ်မှာ ခုန်ပေါက်လှုပ်ရှားနေသလောက် Studio မှာ ဂစ်တာတီး အသံသွင်းနေတာကိုမြင်ရင် ဘယ်လိုပြောကြဦးမလဲ မသိဘူး။ မှားလိုက်၊ ပြန်တီးလိုက်၊ ဆိုလိုက်၊ Mood မကောင်းလို့ ပြန်ဆိုလိုက်နဲ့ တစ်ပုဒ်ပြီးဖို့ လွယ်တာမဟုတ်ဘူး။

ပိုးရည်က ကိုယ့်ကိုကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်းညီလည်း ခုနက သီချင်းတွေကို ပြန်ဆိုရမှာပေါ့၊ အဲ လိုလား"

"ဒါပေါ့ ပိုးရည်ရဲ့"

"ဟိုလေ . . Studio သွားတဲ့နေ့ကျရင် ပြောပါလား၊ အပေါင်း . . လိုက်စပ်စုချင်လို့"

"ပြောမယ်လေ၊ လိုက်ကြည့်ကြပေါ့၊ လိုတော့ လိုပါသေးတယ်"

"ဟုတ်ပါပြီ၊ အဆိုတော်ကြီးကလည်း . . . "

ပြောရင်း ရယ်ကြတော့သည်။ ပိုးရည်သာ လိုက်ကြည့်လို့က တော့ ကိုယ့်အတွက် ကို သိပ်ဖမ်းနေစရာ လိုမှာမဟုတ်ဘူး ထင်တယ်။ ပိုးရည်မျက်နှာလေးငေးပြီး ကိုယ်ဆိုချင်တာ တကယ်ပါပဲ။

ကာ်ကိုဘိန်း (Kurt Cobain) ရဲ့ချစ်သူ ကုတ်တနေလပ် (Courtney Love) ဟာလည်း အဆိုတော်ဆိုတော့ ကိုယ့်ရဲ့ပိုးရည်လေး ဂီတဝါသနာပါတာ ဘုရားပေးတဲ့ဆုပါပဲ။ ကာ်ကိုဘိန်းရဲ့သီချင်း တစ်ပုဒ်ထဲကလို အကြောင်းသုံးကြောင်းပဲ ဆိုခွင့်ရရင်တော့ သူ့လိုပဲ အော်မိမယ်။

## HERE SHE COMES NOW

Aah , if she ever comes now now ,

Aah , she looks so good ,

Aah , she's made out of wood , just look and see.



www.burmeseclassic.com

www.burmeseclassic.com

* * * *

(၂၄)

ကားတစ်စီး အိမ်ရှေ့မှာရပ်လိုက်သောကြောင့် မင်းညီများ အလုပ်ထဲက လှည့်ဝင်လာတာလားဟု ကိုရဲထင်မိသေးသည်။ တံခါး ဖွင့်ပြီး ဆင်းလာသူက မင်းညီမဟုတ်။ သူလည်း တစ်ခါမှ မမြင်ဖူးချေ။

ကိုရဲတွေးရင်း ကြည့်နေစဉ်မှာပဲ ထိုလူက လျှောက်လာပြီး-

"ဒါ ညီမင်းညီတို့အိမ်လား မသိဘူးခင်ဗျ"

"ဟုတ်ပါတယ်၊ ဘာကိစ္စများလဲ၊ သူတော့မရှိဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် ထိုလူ စိတ်ပျက်သွားပုံရသည်။ သက်ပြင်း ချရင်း . . .

"သူသီချင်းဆိုတဲ့ဆိုင်က လိပ်စာတောင်းလာခဲ့တာ၊ ကိစ္စက တော့ သီချင်းခွေကိစ္စပါပဲ၊ သူမရှိဘူးဆိုတော့ . . ."

သီချင်းခွေကိစ္စတဲ့။ ကိုရဲစိတ်ဝင်စားသွား၏။ အကျိုးအကြောင်း လည်း သိချင်သွားသောကြောင့် . . .

"လာဗျာ . . အိမ်ပေါ်တက်ပါဦး၊ ကျွန်တော်နဲ့ ညီအစ်ကိုလို နေတာပါ၊ ပြောလို့ရပါတယ်"

ဖိတ်ခေါ်မှုကြောင့် တစ်ဖက်လူက ခဏစဉ်းစားပြီးမှ အေးဗျာ ဟုဆိုကာ အိမ်ပေါ်တက်လာသည်။ အိမ်ထဲရောက်တော့ ဝေ့ကြည့်ပြီး-

"အင်း . . ခင်ဗျားက ပန်းချီဆရာထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ရဲဝင်းဦးပါ၊ ဒါနဲ့ ခုနက ကိစ္စဆို တာ . . ."

ထိုလူက နံရံမှပန်းချီကားတွေအပြင် ဆွဲလက်စကင်းဘတ်ကို ကြည့်နေသေးသည်။ ပြီးမှ . . .

"ကျွန်တော်က ပင်လယ်တေးထုတ်လုပ်ရေးက ထွန်းထွန်းပါ၊ ကျွန်တော့်ပါတနာတစ်ယောက် ညိုမင်းညီ ဆိုင်မှာသီချင်းဆိုတာကို နားထောင်လာရတယ်လေ၊ သူလည်း စိတ်ဝင်စားသွားတော့ ကျွန်တော့် ကို သွားနားထောင်ခိုင်းတယ်၊ ညိုမင်းညီနဲ့တော့ မိတ်မဆက်ဖြစ်သေး ဘူး၊ ခု သူကလည်း လုပ်ချင်တယ်၊ ကျွန်တော့် အတွေ့အကြုံအရ

www.burmeseclassic.com

www.burmeseclassic.com

အလားအလာရှိနိုင်တယ်လို့ ယူဆတော့ အခွေတစ်ခွေလောက် လုပ်ချင်လို့ပါ"

ကိုရဲဝမ်းသာသွား၏။ သူ့ပိုက်ဆံတွေ မကုန်တော့ဘူးပေါ့ ဆိုပြီးမဟုတ်ပါ။ ပင်လယ်တေးထုတ်လုပ်ရေးကကိုင်ရင် ရွှေဖြစ်တာများသည်။ ကြော်ငြာကိစ္စများကိုလည်း ဖိဖိစီးစီးပံ့ပိုးနိုင်ကြောင်း သူကြားဖူးသည်။ ကိုယ့်ဟာကိုယ်လုပ်ရင် ချွေတာရမည်။ နောက်တစ်ချက်က အချိန်ပိုကြာမည်။ ဒီလို ထုတ်ဝေသူရလျှင် ကွာလတီကအစ ပြောစရာမလိုတော့။

"အဆင်ပြေနိုင်ပါတယ်၊ ခု သူကိုယ်တိုင်လည်း Demo တွေလုပ်ထားတယ်"

"ဩော် . . တစ်ခုလောက် ကျွန်တော်တို့နဲ့လုပ်ဖြစ်ရင်တော့ အဲဒါတွေကို သုံးမှာမဟုတ်ဘူး"

"ဗျာ . . ."

ထွန်းထွန်းက ချက်ချင်းပဲ လက်ကာပြရင်း . . .

"ဒီလိုပါ၊ မသုံးဘူးဆိုတာက သီချင်းတွေကို မဟုတ်ပါဘူး၊ အသံတွေကိုပါ၊ ကျွန်တော်တို့က Demo ကို နားထောင်မယ်၊ သီချင်းတွေ တိုင်ပင်ပြီး ရွေးမယ်၊ ဒါလည်း သူ့စိတ်ကြိုက်ပါ၊ ပြီးတော့မှ ခု နာမည်ကြီးနေတဲ့ Band တစ်ခုနဲ့ Studio ကြီးတစ်ခုမှာ အစအဆုံးပြန်လုပ်မှာ"

"အင်း . . သဘောပေါက်ပြီ၊ ဒါပေမယ့် Demo ကလည်း အခိုင်လုပ်ထားတာဆိုတော့ ခင်ဗျားတို့သုံးရင် သက်သာမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထွန်းက ခေါင်းခါပြရင်း . . .

"ဟာ . . ခင်ဗျားတို့ လုပ်ထားတာ မကောင်းလို့မဟုတ်ပါဘူး၊ ငွေရေးကြေးရေးပိုင်းလည်း မပူပါနဲ့၊ ကျွန်တော်တို့က အသစ်ပဲ ပြန်လုပ်ချင်တာလေ၊ ပြီးတော့ Team work ပုံစံမျိုးနဲ့ တစ်ခါတည်းတီး တစ်ခါတည်း အသံယူချင်တာပါ၊ အနုပညာကြေးကိုလည်း မနစ်နာစေရပါဘူး၊ အဓိက,ကတော့ အကောင်းဆုံးဖြစ်အောင် ဖန်တီးဖို့ပဲ"

"ကောင်းပါပြီဗျာ၊ မင်းညီလည်း ဝမ်းသာမှာပါ၊ သီချင်းတွေ ကတော့ တစ်ခွေစာတောင်မကဘူး၊ ခုလည်း ဒီကောင်ရေးနေတာပဲ၊ စုပေါင်းတစ်ခွေထဲမှာတောင် သူနှစ်ပုဒ်ဝင်ဆိုထားသေးတယ်"

"ကောင်းတာပေါ့၊ ဒါနဲ့ ကျွန်တော်တို့ ဘယ်လိုတွေ့လို့ရမလဲ၊ ညီမင်းညီနဲ့လေ"

မင်းညီအလုပ်နားရက်ကိုပြောပြီး ချိန်းထားလိုက်သည်။ ဒီကောင်ပြန်လာရင်တော့ ဘယ်လောက်ဝမ်းသာမည်မသိ။ ခုတောင် မင်းညီကိုယ်စား သူတော်တော်ပျော်နေပြီ ဖြစ်သည်။

မင်းညီပြန်အလာကိုစောင့်ရင်း ကိုရဲပြောချင်တာ ပါးစပ်ယားနေလေ၏။

ထိုသို့ဖြင့် . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

"ဟယ် . . . ဝမ်းသာလိုက်တာ"

ကိုယ်ပြောပြလိုက်တော့ လက်ခုပ်တီးပြီး ကလေးလေးတစ် ယောက်လို ပိုးရည်ပျော်သွားတယ်။ သူ့ကို ကိုယ်က ဆိုင်တစ်ဆိုင်မှာ ထမင်းလိုက်ကျွေးပြီး ပြောပြလိုက်တာပါ။ အခွေအတွက် ပိုက်ဆံတစ်ချို့လည်း ရထားပြီလေ။

ပြောနေရင်းနဲ့ ပိုးရည်မျက်နှာလေးက စူပုတ်ပုတ်ဖြစ်သွား တယ်။ ရှေ့က ထမင်းပန်းကန်ကို ဆောင့်ဆောင့်အောင့်အောင့်တွန်း ပြီး . . .

"သွား . . . မစားဘူး"

"ဟာ . . . ဘာဖြစ်လို့လဲ ပိုးရည်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမှာတုန်း၊ သီချင်းတွေတောင် အကုန်ဆိုပြီးလို့ အခွေထွက်ခါနီးမှ ပြောရလား၊ ကျွန်မ ခင်တာကို အသိအမှတ်မပြုတဲ့ သဘောပေါ့ ဟုတ်လား"

သူစိတ်ကောက်သွားတယ်။ ချစ်သူလို ချော့ချင်ပေမယ့် မဖြစ်သေးဘူး။ ဒါနဲ့ပဲ . . .

"ဒီလို ပိုးရည်ရာ၊ ဒီကိစ္စတွေက နတ်ကြီးတယ်လေ၊ တစ်ခါ တလေ အားလုံးပြီးမှ အကြောင်းကြောင်းကြောင့် အခွေမထွက်ဖြစ်တဲ့ လူတွေ အများကြီးပဲ၊ မသေချာသေးလို့ မပြောပြဖြစ်တာပါ၊ တော်ကြာ လေပေါတယ် ဖြစ်မှာစိုးလို့"

"သွားပါ၊ မသိဘူး၊ နောက်နေ့ပဲ ကြော်ငြာတွေ ချိတ်တော့ မယ်၊ ပြီးတော့ ကျွန်မ Studio ကို လိုက်ကြည့်မယ်ဆိုတာလည်း မခေါ် ဘူး၊ ခုတော့ အားလုံးပြီးသွားပြီ၊ သွား . . . စိတ်ဆိုးတယ်"

စိတ်ကောက်နေတာတောင် ပိုးရည်က ချစ်စရာကောင်းလွန်းနေတယ်။ ကိုယ်မချော့တတ်တော့ဘူး။ သူ့ပါးအိအိလေးကိုပဲ ဖွဖွလေး လိမ်ဆွဲလိုက်ချင်တယ်။

ကိုယ်ပြုံးစိစိကြည့်နေတော့ သူက မျက်စောင်းထိုးပြီး . . .

"ဘာကြည့်နေတာလဲ"

"ဩော် . . ဆိုင်မှာ ပိုးရည်သီချင်းဆိုခိုင်းခဲ့လို့ ခုလိုဖြစ်သွားတာမလား၊ ကျေးဇူးရှင်မလေးကို ကျေးဇူးတင်နေတာပါ"

အဲလိုဆိုတော့လည်း ပိုးရည် အနေခက်သွားတယ်။ လက်ရှိ စိတ်ကောက်နေတာကိုတောင် သတိမရဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com

"အာ . . . အဲလိုလည်း မဟုတ်ပါဘူး၊ ကိုမင်းညီက အရည်အချင်းရှိလို့ပါ"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတော့ ဆပ်ရမှာပဲ"

"လုပ်လာပြန်ပြီ၊ တော်ပါ ခုမှ . . ."

"တကယ်ပါ၊ ဒါပေမယ့် ကျေးဇူးကို တစ်ဆင့်ချင်းဆပ်မှာ"

မျက်လုံးကလေးဝိုင်းပြီး ပိုးရည်နားထောင်နေရှာတယ်။ ကိုယ့် မှာတော့ ချစ်ပြီးရင်းချစ်လို့ပေါ့။ ကိုယ်ဆက်ပြောလိုက်တယ်။

"ခု ပထမဆုံးအနေနဲ့ အတွဲခွေတစ်ခွေအတွက် လာမယ့်ပတ် ထဲမှာ Demo တစ်ပုဒ်သွင်းစရာရှိတယ်၊ လိုက်ကြည့်လေ"

"တကယ် . . .၊ ကတိနော်"

ခုကျတော့လည်း ဝမ်းသာသွားပုံက သနားစရာလေး။ ကိုယ့် ကိုလည်း စိုက်ကြည့်နေပြန်ရဲ့။ ပြီးမှ မျက်နှာလေးတည်လာပြီး . . .

"စိတ်မဆိုးဘူးဆိုရင် မေးချင်တယ်"

"ဘာလဲ . . ."

သူစဉ်းစားနေသေးတယ်။ ခဏနေမှ . . .

"ကိုမင်းညီ ပြည့်ပြည့်စုံစုံ နေခဲ့ဖူးတယ်မလား"

ဒီတစ်ခါတော့ ကိုယ်သက်ပြင်းချရပါတယ်။ ညာလည်း မညာ ချင်ဘူး။

"မပူပင် မကြောင့်ကြတဲ့ဘဝမှာတော့ နေခဲ့ဖူးပါတယ်၊ ဘာဖြစ် လို့လဲ"

"သြော် . . . ကိုမင်းညီပုံစံက သိသာပါတယ်၊ အားလုံးပေါ့၊ ဖြစ်နိုင်ရင် ကိုမင်းညီအကြောင်းတွေ ပြောပြပါလား၊ ဟိုဟာမဖြစ်ခင်က အကြောင်းတွေပေါ့"

www.burmeseclassic.com

ဘာစိတ်ကူးနဲ့ လာမေးနေလဲ မသိဘူး။ ကိုယ့်ရင်ထဲမှာ မောသွားတယ်။ ဒီအကြောင်းတွေကို မေ့ထားခဲ့တာကြာပါပြီ။ ကိုယ့်ကို ဓါးနဲ့ ပြန်ပြန်ဆွမယ့် အတိတ်အိုအိုတွေပေါ့။ ပြောဖို့မဟုတ်ဘူး။ စဉ်းစားမိရုံနဲ့ ကိုယ်စပ်ဖျဉ်းနာကျင်ရတယ်။

"မသိချင်ပါနဲ့ ပိုးရည်ရယ်၊ နားထောင်လို့ကောင်းမယ့် အကြောင်း တွေ မဟုတ်ပါဘူး၊ ပိုးရည်စိတ်ညစ်သွားလိမ့်မယ်၊ ကျွန်တော့်မှာ အတိတ် မရှိဘူးလို့ပဲ ထားလိုက်ပါ၊ ပြီးတော့ ကိုယ့်အကြောင်းကိုယ်ပြန်ပြောရ တာ လူတစ်ယောက်အတွက်လွယ်သလို ခက်လည်းခက်တယ်"

"အင်း . . . ကိုမင်းညီ သဘောပါပဲ၊ ကျွန်မနားလည်ပါတယ်"

"ကျေးဇူးပါပဲ၊ ကျွန်တော်အနာဂတ်တွေကိုတော့ ပိုးရည်မေး စရာမလိုပါဘူး၊ အနာဂတ်မှာ အပ်ကျတာကအစ ကျွန်တော်ပြောပြ မှာပါ၊ အဲဒီအချိန်တွေအထိ ပိုးရည်နားထောင်ပေးမလား"

ကိုယ် အမိပ္ပါယ်တွေ အများကြီးနဲ့ ဒီစကားကို ပြောလိုက်တာ ပါ။ တစ်ယောက်ရဲ့ မျက်ဝန်းတွေထဲဆီ တစ်ယောက်က ဖြတ်ခနဲ ခုန် ကူးကြည့်ကြတဲ့ စက္ကန့်ပိုင်းဟာ အသစ်တစ်ခုတောက်စားသွားနေတယ်။ ဖြတ်ခနဲဆိုတဲ့စကားမှာ ဘာသာရပ်များစွာ ပါ,ပါတယ်။ ကိုယ်တို့ရဲ့ ဂိုးလ်ဒန်းစက္ကန့် (Golden second) ထဲမှာ ဖြတ်ခနဲဆိုတာက အိုး . . . ကိုယ်စိတ်ကူးမရဲလိုက်တာကွယ်။

ခဏလေးပါ။ အများကြီး ဖြစ်တည်ခိုင်ကျည်သွားတဲ့ အချိန် ဟာ ခဏလေးပါ။ ခဏလေးတွေကို ငါတို့ကိုင်းဆက်ရအောင် ပိုးရည် . . .။

ပိုးရည်မျက်လွှာကလေးချရင်း တိုးတိုးလေးပဲ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

တဲ့။ ကိုယ်ပျော်လိုက်တာ။ ပင်လယ်မှာ ပွင့်တဲ့ပန်းဟာ လှိုင်းနည်းနည်းတော့ ကြမ်းမှာပဲနော်။ မှော်ရုံအသစ်ထဲမှာလည်း ဇေဒင်ရဲ့ တိုးချဲ့ဥယျာဉ်ရှိရမယ်လို့ ကိုယ်ယုံပါတယ်။ ခပ်ရဲရဲလေး ဖွင့်ကြည့်ရ အောင် ပိုးရည် . . .။ ငါ့ရဲ့လက်ကိုတွဲပြီး ငါ့ရဲ့ပခုံးကို မှီထားလိုက်ပေါ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၆)

ကိုယ်ရယ်၊ ကိုရဲနဲ့ ကိုထွန်းထွန်းတို့ အခွေဖြန့်မယ့်နေ့ကို ညှိ ကြတယ်။ ဈေးကွက်အခြေအနေကို ကိုထွန်းထွန်းက ပိုနားလည်ပါ တယ်။ သူချပြတဲ့နေ့တွေလည်း ကောင်းတယ်။ တစ်ခြားနာမည်ကြီး အဆိုတော်တွေနဲ့ မတိုက်နေဖို့။ ကိုယ့်အခွေလေး ပရိသတ်လက်ထဲ မရောက်မှာကိုပဲ စိုးရိမ်တာ။ ကြားညှပ်ပြီး လူမသိဖြစ်သွားရင်လည်း အလကားပဲ။ အတွဲခွေမှာ လူသတိထားမိပေမယ့် ဒီခွေက အရေးကြီး တယ်။

ပြောရင်းဆိုရင်းနဲ့ ကိုရဲက သတိရလို့ . . .

"ဒါနဲ့ ကိုထွန်းထွန်း၊ အခွေက ထွက်ဖို့ကြော်ငြာတွေတောင် ကပ်ထားပြီ၊ ဟိုလေ . . ခင်ဗျားရဲ့ပါတနာဆိုတာလည်း ကျွန်တော်တို့ တစ်ခါမှ မဆုံဖူးဘူး"

"ဟုတ်တယ်၊ ကျွန်တော့်သီချင်းရော နားထောင်ဖြစ်ရဲ့လား မသိဘူး"

ကိုထွန်းထွန်းက ရယ်ပြီး . . .

"နားထောင်ပါတယ်ဗျာ၊ ဒီကြားထဲ ကျွန်တော်နဲ့တောင် အကြာ ကြီးမတွေ့ဖြစ်ဘူး၊ ကျွန်တော်က ဒီအလုပ်တစ်ခုတည်းလေ၊ သူ့မှာက တစ်ခြားအလုပ်တွေလည်း ရှိသေးတော့ မအားလို့ပါ၊ တွေ့ရမှာပါ၊ ကျွန်တော်ချိန်းလိုက်ဦးမယ်၊ သူက ဒီလုပ်ငန်းတွေလည်း နားမလည် တော့ ကျွန်တော့်ကိုပဲ လွှဲထားတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလိုပဲပေါ့ မင်းညီရာ၊ အပြန်အလှန်ပေါ့"

အဲဒီကအပြန်မှာ ကိုယ်တော်တော့်ကိုပျော်နေတယ်။ ဖြန့်ဖို့အသင့်ဖြစ်နေတဲ့ ကိုယ့်အခွေတွေကိုလည်း တွေ့ခဲ့ရတာကိုး။ ကိုရဲဆို ကိုယ့်အတွက် ဝမ်းသာမဆုံးဘူး။ ကိုယ့်ကိုတောင် အဆိုတော်ဖြစ်ရင် သွေးကြီးမသွားနဲ့ဆိုပြီး နောက်နေသေးတယ်။ ပြန်ရောက်တော့ သံချောင်းကိုဝင်ခေါ်ပြီး မနက်စာကို အောင်သေအောင်သားအဖြစ် စားဖြစ်ကြတယ်။

စားရင်းသောက်ရင်း သံချောင်းက ရယ်ကျဲကျဲနဲ့ . . .

"မြင်ယောင်မိပါသေးတယ်၊ နေ့ချင်းညချင်း အဆိုတော်ဖြစ် ပြီး နေ့ချင်းညချင်း ရည်းစားရသွားမှာ"

"မင်းဟာလေ သိပ်တော်တာပဲ သံချောင်း၊ မင်းကြီးပွားဦးမယ်"

ကိုယ့်ကို စ,နေလို့ လိုလိုချင်ချင်ပဲ ရွှဲ့ပြီးပြန်ပြောလိုက်တယ်။ ကိုရဲက လိုက်ရယ်နေတယ်။ ကိုယ် ပိုးရည်ကိုချစ်နေတာ သူတို့သိတာ ကိုး။ ပိုးရည်ကို ပွင့်ပွင့်လင်းလင်းပြောခွင့်ရဖို့ သိပ်မစောင့်ရတော့ဘူး ထင်ပါရဲ့။

ဦးရည်မွန်ဆိုတဲ့ ကိုယ့်ကျေးဇူးရှင်ကြီးကိုတော့ အားနာပါ တယ်။ အင်းလေ . . . သမီးရှိရင်တော့ သားမက်ရှိလာမှာ မဆန်းပါဘူး။ ဒါပေမယ့် ဟိုမဟာငတုံးကြီး ချစ်ကိုသာသိရင်တော့ သူ့ရွှေသွားတွေနဲ့ လိုက်ကိုက်မလား မသိဘူး။ တော်သေးတာပေါ့။ ပိုးရည်က သွားဆရာဝန် ဆိုတာကြီးကို မမက်လို့။ အင်းပေါ့လေ . . သွားဆရာဝန်ဆိုတော့ သွား . . ဆရာဝန်ပေါ့နော်။ ကိုယ့်အတွေးထဲက နှင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တွေးရင်းနဲ့ ဒီနေ့ပိုးရည်ကို ကြည်သူရဲ့ Dr.beat studio ကိုခေါ်သွားဖို့ ပြောထားတာ သတိရလာတယ်။ ခွေးဖြူမလေးရယ်။ ကိုယ့်ရင်တွေ ရစ်သမ်မမှန်ဘဲ ခုန်လာပြန်လေရဲ့။

* * * *

(၂၇)

ဆိုင်ရောက်တော့ ပိုးရည်တို့သူငယ်ချင်းသုံးယောက်လုံး ရှိနေ ပါတယ်။ ကိုယ့်ကိုမြင်တော့ ပိုးရည်က ပုံ့ပုံ့အနားကို ကပ်ပြောလိုက် တယ်။ ပုံ့ပုံ့က ဘာပြန်ပြောလဲ မသိဘူး။ ပိုးရည်က ရှက်ဟန်လေးနဲ့ လိုက်ရိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်အနားရောက်သွားတော့ သူတို့ကိုယ်ရှိန်သတ်လိုက်ကြ ရင်း . . .

"ကိုမင်းညီ ခဏစောင့်ဦး၊ ဒီမှာ မပြီးသေးလို့"

ပိုးရည် ကွန်ပျူတာရှေ့မှာဝင်ထိုင်တော့ ပုံ့ပုံ့က . . .

"သွားပါ မိန်းမရယ်၊ ငါဆက်လုပ်ထားပါ့မယ်၊ ခုမှ အရေးကြီး မနေနဲ့"

ပြောရင်း ပုံ့ပုံ့က ပိုးရည်ပခုံးစွန်းကို အသာတွန်းလိုက်တယ်။ ပိုးရည်က တခစ်ခစ်ရယ်ပြီး . . .

"သွားမှာပါ . . . သွားမှာပါ၊ စိတ်ချ . . . "

"ကဲ . . . ကိုမင်းညီ စိတ်ချဆိုပဲ၊ ကျွန်မ စိတ်ချမယ်နော်"

"ဟာဗျာ . . . "

ကိုယ့်မျက်နှာရဲသွားမှာပဲ။ ဘာပဲဖြစ်ဖြစ် ပျော်ပါတယ်။ ပုံ့ပုံ့က ကိုယ့်ကို . . .

"အဆိုတော်ကြီး ကိစ္စတွေပြီးရင် ဆိုင်မှာလာဆိုပေးဦးနော်၊ ဈေးကိုင်နေတာလား"

"လာမှာပါဗျာ၊ ကျွန်တော် မအားသေးလို့ပါ"

ကျန်ခဲ့တဲ့ရက်တွေက ညပိုင်းတွေမှာပါ သီချင်းသွားသွင်းရလို့ ကိုယ် သူတို့ဆိုင်မှာ သီချင်းမဆိုဖြစ်ဘူး။ ပင်ပန်းနေပေမယ့်လည်း စိတ် ဆောင်နေလို့ ကိုယ်လန်းနေတာပါ။ ဒီနေ့ အတွဲခွေအတွက် တစ်ပုဒ် သွင်းပြီးရင် သုံးရက်လောက် စိတ်ရှိလက်ရှိ နားပစ်လိုက်မယ်လို့ စိတ် ကူးထားတယ်။

သွားမလို့ ပိုးရည်ပြင်ဆင်နေတုန်း သူ့ဟန်းဖုန်းက မြည်လာ တယ်။ နံပါတ်ကိုကြည့်ပြီး ပိုးရည်ချက်ချင်းပြန်ပိတ်လိုက်တယ်။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုသလိုပဲ ဆိုင်ဖုန်းက ထမြည်လာလို့ မျိုးမျိုးဆစ်က သွားကိုင်တော့ ပိုးရည်က သူ့ကိုမေးရင် မရှိဘူးဆိုတဲ့ ပုံစံမျိုးလေးလုပ်ပြတယ်။

ဟိုဘက်က ဘာပြောလဲမသိဘူး။ မျိုးမျိုးဆစ်က ပိုးရည်ကို မျက်စောင်းလှမ်းထိုးရင်း . . .

"မရှိဘူး ကိုချစ်ကိုရဲ့၊ လာကိုမလာသေးတာ၊ အင်း . . အဲဒါ တော့ မပြောတတ်ဘူး"

". . . . . . . . . . . . . . . ."

"ဩော် . . . ဟုတ်၊ ဒါပဲနော် . . . အင်း . . . "

ဖုန်းချရင်း မျိုးမျိုးဆစ်က မျက်စမျက်နနဲ့ . . .

"မိပိုး . . . "

"ဘာတုန်း . . . "

"ဘာမှမတုန်းဘူး၊ ဟိုက နင့်ကို ကြိုပြောထားတာဆို၊ ညနေစာ စားဖို့"

ပိုးရည်မျက်နှာလေး မဲ့သွားတယ်။ တဆက်တည်းပဲ . . .

"အိုး . . မသွားချင်ပါဘူး၊ အဲလို တစ်ခြားလူတွေအများကြီးနဲ့ ငါမတွေ့ချင်ပါဘူး၊ ရတယ် . . . နင်တို့မသိဘူးဘဲ ပြောလိုက်"

စကားဆုံးတော့ ပုံ့ပုံ့က သက်ပြင်းချတယ်။

"ညာတာက ညာလို့ရပါတယ်၊ ဒါပေမယ့် အမြဲတမ်းကြီးလည်း မညာပေးချင်ဘူးဟ၊ မိပိုး . . နင်ပြတ်ပြတ်သားသား ပြောလိုက်ပါလား"

"ပြောသားပဲ၊ ရမှမရတာကိုး"

www.burmeseclassic.com

www.burmeseclassic.com

ပိုးရည်စကားကို ပံ့ပံ့ရော မျိုးမျိုးဆစ်ပါ ဘာမှမပြောတော့ ဘူး။ ကိုယ်နည်းနည်းတော့ ရိပ်မိပါတယ်။ ကိုယ်နဲ့မဆိုင်တော့ ဘာဝင်ပြောလို့ရမှာလဲ။

လမ်းမှာ ကိုယ်မေးကြည့်ဖို့ စဉ်းစားပါသေးတယ်။ ဒါပေမယ့် မမေးဖြစ်ပါဘူး။ ပိုးရည်ကလည်း ခုနက ကိစ္စကို ဘာမှမခံစားရသလိုပဲ။ ကိုယ့်ကို တစ်ချက်စူးစိုက်ကြည့်ရင်း . . .

"ကိုမင်းညီ . . . ကျန်းမာရေးရော ကောင်းရဲ့လား၊ ပုံစံကြည့် ရတာ ပင်ပန်းနေပုံရတယ်"

"အင်း . . . အိပ်ရေးပျက်လို့ ထင်ပါရဲ့၊ သီချင်းဆိုတဲ့ညတွေ မှာ အစာလည်း နည်းနည်းပဲစားဖြစ်လို့လား မသိဘူး"

"ဂရုစိုက်ဦးလေ"

"ဟုတ်ကဲ့ . . . "

မရိုးတဲ့မျက်စောင်းလေး ကိုယ့်ဆီ ထပ်ရောက်လာတယ်။ ဒီလောက်ဂရုစိုက်တာလေးကိုပဲ ကိုယ့်မှာဝမ်းသာတာ ဖုံးမရဖိမရနဲ့။ လမ်းမှာ ထပ်ပြီးစကားမပြောဖြစ်ကြဘူး။ Dr.beat studio ရောက်တော့ ကြည်သူနဲ့ အတွဲခွေလုပ်မယ့် ပရိုဂျူဆာတို့အဖွဲ့က ရောက်နေပါပြီ။ ကိုယ်လည်း ပိုးရည်ကို ခုံတစ်ခုံမှာ နေရာပေးလိုက်တယ်။ မျက်လုံးကလယ်ကလယ်နဲ့ သူ့ခမျာ လိုက်စပ်စုနေလေရဲ့။

ကြည်သူက ကိုယ့်အနားကိုကပ်ပြီး လေသံတိုးတိုးနဲ့ . . .

"အဟဲ . . . မသေရင်ရှူးမယ်ဆိုတာ အဲဒါလေးလား"

"ဟာဗျာ၊ ကြားသွားပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးပေါ့"

"အဟီး . . . ဝုတ်တယ်"

ပြောင်စပ်စပ်နဲ့ ကိုယ်ပြန်ဖြေလိုက်တယ်။ ကြည်သူက တီးထား ပြီးသားတေးသွားကို တစ်ခေါက်ဖွင့်ပြတယ်။ ကိုယ်လည်း ပိုးရည်အနား မှာ သွားထိုင်ပြီး နားထောင်တော့ သူကပဲ . . .

"တီးလုံးတွေက ဒီလိုပဲ အရင်တီးထားတာလား"

"အင်း . . . ဒီမှာတော့ အချိန်မရလို့ ဂစ်တာသမားတွေက ကိုယ်တီးရမယ့်အပိုင်း လာတီးထားကြတာပေါ့၊ ကျွန်တော်ဆိုဖို့ပဲ ကျန် တော့တယ်"

"ဩော် . . . "

တီးလုံးဆုံးသွားတော့ ကိုယ်အသာထပြီး vocal ခန်းထဲ ဝင်သွားလိုက်တယ်။ နားကျပ်တပ်ပြီး မှန်လုံခန်းထဲက ကြည့်လိုက်တော့ ပိုးရည်ကို ပြုံးပြုံးလေးမြင်ရတယ်။ ခုဆိုမယ့်သီချင်းကလည်း ပိုးရည်နဲ့ ပတ်သက်ပြီး ရေးဖြစ်တာပါ။ အချစ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အချစ်ရဲ့ကျေးဇူးတော်နဲ့ ကိုယ်အချစ်သီချင်းတွေတောင် ရေးတတ်နေပါပြီ။

အသက်ကို ဝဝရှူသွင်းရင်း ကိုယ့်စိတ်တွေ စုစည်းလိုက်တယ်။ **မသေရင်ရှူးမယ်** ဆိုတဲ့သီချင်းဟာ မင်းကိုရည်ညွှန်းလိုက်ပါတယ် ပိုးရည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

*     ခမ်းနားတဲ့ အိပ်မက်လည်း မလိုချင်တော့ တန်ဖိုးရှိတဲ့ မင်းအနမ်း တစ်ခုပဲ ငါမက်မော...
ထားမသွားနဲ့ မင်းမရှိရင် သေမှာပေါ့ မလွမ်းခိုင်းနဲ့ တစ်ယောက် တည်း ငါမနေတတ်တော့

*  ပျောင်းသွားတဲ့ နေ့ရက်တွေ မနေနိုင်တော့ ပြောင်းသွားတဲ့ ပြက္ခဒိန် ထဲ အလွမ်းတွေပေါ့
အရှုံးတွေ ဒီအချိန် ငါမလိုချင်တော့ အမုန်းတွေ လာမပေးနဲ့ ရှူးမှာပေါ့

**ငါရင်ငါလေရှူးမယ် မင်းမရှိရင်သေမှာပေါ့ ဒီမှာငါတစ်ယောက် တည်း အလွမ်းတွေနဲ့ စိတ်ကမခိုင်တော့
တစ်ချိန်မှာ ပြန်လာခဲ့မယ် စကားများလည်း မင်းမေ့နေတော့
ကြာရင်ငါပိုဆိုးမယ် စောင့်ရင်းနဲ့စိတ်ကမခိုင်တော့
တစ်ယောက်တည်းပဲငါ ကြာရင်သေမှာပေါ့
တစ်ယောက်တည်းပဲငါ မသေရင်ရှူးမှာပေါ့

* * * *

www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆုံးလို့ မျက်စိဖွင့်ကြည့်လိုက်တော့ ကိုယ်အံ့ဩသွား တယ်။ ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ ချစ်ကိုနဲ့ပိုးရည် အချေ အတင် စကားပြောနေဟန်ကြောင့်ပါ။ vocal ခန်းထဲက မကြားရလို့ ကိုယ် ကမူးရှူးထိုးနဲ့ အပြင်ထွက်လိုက်တယ်။

ပိုးရည်ပုံစံက စိတ်ရှုပ်နေတဲ့ပုံစံမျိုး။ ချစ်ကိုကလည်း နွားသိုး ကြိုးပြတ်သလို အတင်းပဲ . . .

"သွားမယ် ပိုးလေးရာ၊ ကိုယ့်မှာ အနည်းလိုက်ရှာရတာ၊ ဟိုမှာ ကိုယ့်ဘော်ဒါတွေလည်း စောင့်နေပြီ"

"အာ . . . မလိုက်ချင်ပါဘူး၊ ကိုယ့်ဟာကိုယ်သွားပါ"

ချစ်ကိုက လက်မလျှော့သေးဘူး။

"လာပါ ပိုးလေးရဲ့၊ အန်တီကိုလည်း ပြောထားသားပဲ၊ ကိုယ် မိတ်ဆက်ပေးရုံလောက်ပါ"

"ကိုချစ်ကို . . တကယ်ပြောတာပါ၊ မလိုက်နိုင်ဘူး၊ သိလည်း မသိချင်ဘူး"

စိတ်ပျက်တဲ့ပုံစံနဲ့ ချစ်ကိုစုတ်သတ်လိုက်တယ်။ ပိုးရည်ကလည်း ခပ်တင်းတင်းပဲ။ ကိုယ့်မှာတော့ ဘေးကပဲ ကြည့်နေရတယ်။ ကိုယ်နဲ့ တစ်ခြားလူစိမ်းတွေကိုကြည့်ပြီး ချစ်ကိုက . . .

"ဒါဆိုလည်း ပြီးရော၊ အဲဒီကို မသွားဘူး၊ လာ . . အိမ်ပြန် မယ်"

"ပြန်မှာပေါ့၊ ကျွန်မမှာ ကားပါတယ်၊ ရှင်ပြန်နှင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ဘယ်ဖြစ်မှာလဲ၊ အပြင်မှာ မှောင်ရီပျိုးနေပြီ၊ ဒီမှာ လည်း ယောကျ်ားလေးတွေချည်းပဲ၊ ကိုယ်စိတ်မချဘူး . . . လာ"

ကိုယ်မနေနိုင်တော့ဘူး။ ကျန်တဲ့လူတွေကို အားနာသွားတယ်။ ဒါနဲ့ ပိုးရည်မပြောခင်မှာဘဲ . . .

"ဒီမှာ ကိုချစ်ကို ခင်ဗျားစကားပြောရင် ဆင်ခြင်ပါ၊ ဘေးလူ တွေရဲ့ သိက္ခာကို မထိခိုက်ပါနဲ့"

ချစ်ကို ဆတ်ခနဲ ဖြစ်သွားတယ်။ ကိုယ့်ကို မှုန်တေတေပြန် ကြည့်ပြီး . . .

"ဘာဖြစ်လဲကွာ၊ ငါ့ဟာငါ စိတ်မချလို့ပြောတာပဲ၊ မင်းလို ကောင်ကများ သိက္ခာလေး ဘာလေးနဲ့"

"ဟော့လူ . . ."

"ကိုချစ်ကို တော်တော့"

ပိုးရည်လည်း ဝင်ဟန့်တယ်။ ချစ်ကိုက ကိုယ့်ကို အောက်သိုး သိုးလေသံနဲ့ . . .

"အေး . . တစ်ခြားလူတွေကို မပြောဘူး၊ မင်းကို မယုံတာကွ၊ မင်းကို မယုံတာ၊ မင်းဘာဖြစ်လို့ ပိုးလေးကို ဖြားယောင်းသိမ်းသွင်းနေ တာလဲ၊ မင်းဘာတွေ တပ်မက်နေလို့လဲကွ . . . ဟေ"

"ဟာ . . ."

ကိုယ် ဆတ်ခနဲဖြစ်သွားတော့ ကြည်သူက ဖမ်းဆွဲထားတယ်။ အခြေအနေက တင်းမာနေပြီ။

ပိုးရည်က ထပ်မဖြစ်စေချင်သလိုမျိုး . . .



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ကိုချစ်ကို သွားမယ်၊ ကိုမင်းညီ ကားကို ရှင်ပဲယူလာ ခဲ့တော့"

"ပိုးလေး မှာနေစရာမလိုဘူး၊ ဒီကောင်က ဒရိုင်ဘာပဲ၊ သိရ မှာပေါ့"

"ဟော့လူ . . . ခင်ဗျား သွားတော့ဗျာ"

ချစ်ကိုက လုံးဝအခဲမကျေတဲ့ ပုံစံမျိုးနဲ့ ပိုးရည်ဘက်လှည့် ပြောတယ်။

"အိမ်ရောက်ရင်လည်း အန်တီကို ပြောရမယ်၊ ထောင်ထွက် ကို အလုပ်ဆက်မခန့်ဖို့"

ကိုယ့်စိတ်တွေ လွတ်သွားတော့တယ်။ မထိန်းနိုင်တဲ့ စိတ်က ချစ်ကိုမျက်ခွက်ပေါ်ကို ကိုယ့်လက်သီးရောက်သွားတာပဲ။ ယိုင်သွားတဲ့ ချစ်ကိုက ကိုယ့်ကို မျက်လုံးပြူးကြည့်ရင်း . . .

"ဟော့ကောင် . . . မင်း လက်မပါနဲ့နော်"

"ပါတယ်ဗျာ၊ ကျုပ်က ထောင်ထွက်ပဲ၊ ဘာဖြစ်လဲ"

ကိုယ့်ကို ကြည့်သူက နောက်ကသိုင်းချုပ်ထားတယ်။ ကိုယ့် ပုံစံက ကျားနာတစ်ကောင်လို ဖြစ်နေမှာပါ။ ထင်ပါစေ။ ချစ်ကိုက တောက်တစ်ချက်ခေါက်ပြီး . . .

"အေး . . မင်းက မိုက်ရိုင်းမှာပေါ့၊ ရိုးရိုးအမှုမဟုတ်ဘဲ ကိုယ့်အဖေကို ကိုယ်သတ်လို့ ထောင်ထဲရောက်ခဲ့တာကိုး"

ကိုယ့်နားထဲ သံရည်ပူတွေ စီးဝင်သွားတယ်။ ပိုးရည်က တအံ့ တသြအကြည့်၊ ချစ်ကိုက အေးစက်စက်ပြုံးရင်း . . .

"ပိုးလေး ကိုယ်ပြောတာအမှန်ပဲ၊ ကိုယ် ဒီကောင့်ကို မယုံလို့ သူ့အကြောင်းစုံစမ်းပြီးပြီ၊ မယုံရင် သူအရင်နေခဲ့တဲ့ ပတ်ဝန်းကျင်မှာ သွားမေးကြည့်၊ လူနှစ်ယောက်သတ်ပြီး ထောင်ကျလာတဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ငါ့အဖေကို ငါ . . . . "

ကိုယ်အကျယ်လောင်ဆုံး အော်ပစ်လိုက်တယ်။ တစ်ယောက်ယောက်က ဓါးနဲ့ဝင်ထိုးလိုက်သလိုမျိုး ကိုယ့်ရင်တွေ စူးအောင့်သွား တယ်။ ဒါကို ပိုးရည်သိအောင်ဖြေရှင်းရမယ်။ ပိုးရည် ကိုယ့်ကို အထင် မမှားပါနဲ့။ အဲဒီမျက်လုံးနဲ့ မကြည့်ပါနဲ့။ တစ်ကိုယ်လုံးတုန်ယင်ပြီး ကိုယ့် အသံတွေ ပျောက်ဆုံးသွားလေရဲ့။

စကားပြောဖို့ ကြိုးစားလည်း ကိုယ့်မှာဆွံ့အလို့။ ကိုယ်ဟန် မဆောင်နိုင်တော့ဘူး။ ရင်ထဲမှာ နာကျင်ပြီး တလှပ်လှပ်နဲ့ ကိုယ်ခွေကျ သွားတော့တယ်။ နောက်ဆုံးမြင်လိုက်ရတာက အမှောင်ထုကြီးပဲ။

* * * *

လို့ . . ကျွန်တော့်နာမည်ဟာ ပြင်းပြင်းထန်ထန် ချိုးနှိမ်ခံရတယ်၊
လို့ . . ပုတ်ပွနေတဲ့ တိရိစ္ဆာန်ရဲ့အနံ့ထက်တောင် ဆိုးရွားပါသေးတယ်၊
နွေရာသီတစ်ရက် နေကလည်း ပူပြင်းလို့၊
သေဆုံးမှုဟာ ကြာပန်းရနံ့သင်းနေသလို၊



www.burmeseclassic.com

www.burmeseclassic.com

အရက်မမူးဘဲနဲ့ ကမ်းနားမှာ ထိုင်နေရသလို၊
အဲဒီနေ့မတိုင်ခင်ရောက်နေတယ်။

(၂၈)

ကိုယ့်လက်ထဲက စာရွက်လေးကို ဆတ်ခနဲ ဆွဲယူကြည့်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . . မင်းရေးထားတာလား"

ကိုရဲအမေးကို ခေါင်းခါပြလိုက်တယ်။

"ဟင့်အင်း . . ဒီစာစုက အီဂျစ်သင်္ဘောပင်ရဲ့ အရွက်နဲ့လုပ် ထားတဲ့ ရှေးဟောင်းပေစာလိပ်တွေထဲက စာသားတွေပေါ့၊ ပထမဦးဆုံး ပေါ်ခဲ့တဲ့ ကိုယ့်ကိုယ်ကို သတ်သေတဲ့စာစုလို့ သတ်မှတ်ခံရတာလေ၊ သည်မော်နိုင်ရေးထားတဲ့ ကဒ်ကိုဘိန်းစာအုပ်ထဲက ကူးထားတာ"

"မင်းညီရာ"

လေသံအက်အက်နဲ့ ကိုရဲက ညည်းတယ်၊ ကိုယ့်ပခုံးကိုလည်း အားပေးသလို ဖျစ်ညှစ်လိုက်တယ်။

"စိတ်ကို အဆုံးစွန်ထိလွှတ်မပေးပါနဲ့ ငါ့ညီရာ၊ မင်းအခွေ လည်း ထွက်တော့မှာပဲ"

ဟုတ်ပါတယ်။ ကိုယ် အားတင်းထားရမယ်။ ဟိုနေ့ကလို studio ထဲမှာ မူးမေ့လဲကျသွားတာမျိုး မဖြစ်ချင်ဘူး။ အရာအားလုံးကို ပိုးရည်သိအောင် ရှင်းပြချင်လိုက်တာ။ ဘာအတွက်လဲ၊ ဘာကြောင့် ရှင်းပြရတာလဲ ဆိုတဲ့မေးခွန်းတွေကို ရင်မဆိုင်ချင်ဘူး။ အမှန်တရား ဆိုတာ ဖုံးထားလို့မရပါဘူးလေ။ ပိုးရည် တစ်နေ့သိမှာပဲလို့ တွေးထား လိုက်ပါတယ်။

ကိုယ် ပိုးရည်တို့အိမ်ကို မသွားဖြစ်တော့သလို၊ သူတို့ဆိုင်မှာ လည်း သီချင်းမဆိုဖြစ်တော့ပါဘူး။ အဲဒီနေ့ကပဲ အပြီးမသွားတော့တာ။ ဒီတစ်ခါတော့ ပိုးရည်လည်း လာမခေါ်တော့ပါဘူး။ ကိုယ်ကကော ဘာများတတ်နိုင်မှာမို့လဲလေ။

www.burmeseclassic.com

www.burmeseclassic.com

သန်ဖက်ခါ အခွေထွက်မယ့်ကိစ္စအတွက် ကိုယ် ကိုထွန်းထွန်း နဲ့ သွားတွေ့ရတယ်။ ကိုရဲကတော့ ပန်းချီပြပွဲတစ်ခုရှိလို့ မလိုက်လာ ဖြစ်ဘူး။

ကိုထွန်းထွန်းက ကိုယ့်ကို . . .

"အားလုံးတော့ ရယ်ဒီဖြစ်နေပြီကွ၊ ဒီနေ့ ငါ့ပါတနာနဲ့ ချိန်း ထားတယ်၊ မင်းနဲ့လည်း စကားပြောရအောင်ပေါ့"

ကိုယ်တို့မြို့လည်တိုက်ခန်းတစ်ခုထဲက ရုံးခန်းတစ်ခုဆီ ရောက် သွားကြတယ်။ သူပြောတဲ့လူက မရောက်သေးဘူး။ ရုံးခန်းထဲမှာ ထိုင် စောင့်နေတုန်း ခြေသံကြားလို့ ကိုယ်မော်ကြည့်မိတယ်။

"ဟင် . . ."

ကိုယ့်တစ်ကိုယ်လုံး တောင့်တင်းသွားရတယ်။ တံတွေးကို ခဲရာခဲဆစ်မျိုချရင်း . . .

"ဝတ်ရည်ချို . . . ဒီ . . . ဒီကိစ္စနဲ့ မင်းက . . ."

ဝတ်ရည်ချိုကတော့ ခပ်အေးအေးပဲ။ မြွေတစ်ကောင်လို သွေးအေးတဲ့အပြုံးနဲ့ ကိုယ့်ကိုကြည့်တယ်။

"ငါတို့ အလုပ်ကိစ္စပြောရအောင် ညိုမင်းညီ"

"အလုပ်ကိစ္စ ဟုတ်လား၊ ဟား . . ဟား . . ဝတ်ရည်ချိုရာ၊ သွားစမ်းပါ"

"နင် မရိုင်းနဲ့ ညိုမင်းညီ၊ နင့်အခွေကိစ္စကို ငါအကုန်လုံး အကုန်အကျခံထားတာ"

"ဟာ . . . ဟ၊ စေတနာတွေပါလား၊ ကိုထွန်းထွန်း ခင်ဗျား လည်း အတူတူပဲပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထွန်းက ဘာမှနားမလည်သလိုနဲ့ ခေါင်းကိုတွင်တွင်ခါ တယ်။

"ဟာ . . ငါဘာမှမသိရဘူး၊ ဒေါ်ဝတ်ရည်ချိုက ဆက်သွယ် ခိုင်းတာ၊ မင်းအလားအလာရှိလို့လည်း ငါလုပ်ဖို့လက်ခံလိုက်တာပဲရှိ တယ်"

ကိုယ် ဝတ်ရည်ချိုဘက် ပြန်လှည့်လိုက်တယ်။

"နေစမ်းပါဦး ဝတ်ရည်ချို မင်းက ဒါဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ဘူး၊ နင်အရင်ထဲက ဝါသနာပါတာ ငါသိတယ်လေ၊ ပြီးတော့ ငါ့ဆီက ပိုက်ဆံတွေက နင်နဲ့လည်း သက်ဆိုင် တယ်လို့ ထင်လို့ပါ"

ပြောရင်း ဝတ်ရည်ချိုမျက်နှာ နည်းနည်းပျက်သွားတယ်။

"ဟား . . ဟား . . သွားစမ်းပါကွာ၊ ငါဘာမှမလိုချင်ဘူး၊ နင်နဲ့ပတ်သက်ရမှာစိုးလို့ ငါရှုလို့"

"အိုး . . ဘာပဲဖြစ်ဖြစ် ဒီအခွေက နင့်အဖေပိုက်ဆံနဲ့ လုပ် ထားတာပဲ"

"ကောင်းလိုက်တဲ့ အကွက်ကွာ၊ ဘာလဲ နင့်ဆီကိုလာပြီး ငါ့ ပိုင်ဆိုင်မှုကို တောင်းမှာစိုးလို့ ကြိုကန်ထားတာပေါ့ . . . ဟုတ်လား"

"နင် . . နင် မစော်ကားနဲ့ ညိုမင်းညို၊ ငါက နင်အထဲရောက် ပြီး ဘဝပျက်သလိုဖြစ်နေလို့ စေတနာနဲ့လုပ်ပေးတာ၊ ငါ့အတွက် ဘာမှ မပါဘူး"

သူ့စကားတွေကို ဘယ်တော့မှမယုံခဲ့လို့ ကိုယ်ခုလည်း မယုံ ဘူး။ ဒါကြောင့် . . .

www.burmeseclassic.com

"တော်ပါပြီ ဝတ်ရည်ချိုရယ်၊ ဖေဖေဆုံးသွားတာ ငါ့အထဲ ရောက်သွားတာ နင့်စေတနာတွေပေါ့၊ နားစမ်းပါကွာ၊ နင်နဲ့ပတ်သက် မယ့်ကိစ္စ ငါဘာမှမလုပ်ဘူး၊ နင်ပိုင်တယ်ထင်တဲ့ ပစ္စည်းတွေ နင်လိပ်ပြာ သန့်ရင် သုံးပေါ့၊ အားလုံးကို နင်အသိဆုံးပဲ"

ဝတ်ရည်ချိုမျက်နှာက တင်းမာသွားတယ်။

"ဒီမှာ ညိုမြင်းညီ၊ ငါ့မှာလည်း အကိုတစ်ယောက်ဆုံးခဲ့တာပဲ"

"ဒါဆို မင်းမင်းသေခဲ့တာရော . . ပြော . . ပြော . . ပြော လေ"

ဝတ်ရည်ချို ဆွံ့အသွားလေရဲ့။ မျက်နှာကို တည်ငြိမ်အောင် ကြိုးစားရင်း . . .

"ခု နင့်ကို ဒါတွေပြန်ပြောဖို့ ချိန်းလိုက်တာ မဟုတ်ဘူး၊ ခု ဒီအခွေကိစ္စ ဘယ်လိုလုပ်မလဲ"

"ဘာမှလုပ်စရာမရှိဘူး၊ နောက်တစ်ယောက်ဆိုတာ နင်မှန်း မသိလို့ လုပ်ခဲ့တာ"

"နင် အဆိုတော်မဖြစ်ချင်တော့ဘူးပေါ့"

ဒီမေးခွန်းကို ဒီနေရာမှာ ကိုယ်မသဒ္ဒါတော့ဘူး။

"အေး . . အစကတော့ ဒီသီချင်းတွေက ငါ့ကိုယ်ငါ မဖြစ်ရင် သတ်သေဖို့အထိ လုပ်ထားတဲ့ သီချင်းတွေကွ၊ ခုတော့ မီးပဲပုံရှို့လိုက် တော့၊ ဖြန့်မယ်ဆိုရင်တော့ ငါတရားစွဲရလိမ့်မယ်၊ ဒါပဲ"

"ဟာ . . . စဉ်းစားကြပါဦးဗျာ၊ ဒီလောက်အထိ . . ."

ကိုထွန်းထွန်းဝင်ပြောတာကို ဘယ်သူမှ ဂရုမစိုက်ကြဘူး။ ဝတ်ရည်ချိုက ခပ်တင်းတင်းပဲ . . .

www.burmeseclassic.com

www.burmeseclassic.com

"အေး ..ငါလည်း နင့်ကို အဲဒီလောက် အောက်ကျခံပြီး တောင်းပန်မယ့် မိန်းမမျိုးမဟုတ်ဘူး မင်းညီ၊ နင့်ထိုက်နဲ့ နင့်ကံပဲ"

"ဟား . . . ဟား . . . ဟား"

ကိုယ်နဲ့ ဝတ်ရည်ချိုတို့ မျက်လုံးချင်းဆုံပြီး အမုန်းတွေပြိုင်လိုက်ကြတယ်။ အံတစ်ချက်ကြိတ်ပြီး ကိုယ်ပြောခဲ့ပါတယ်။

"ဆောရီးပဲ ဝတ်ရည်ချို၊ လျှာပေါ်မြက်ပေါက်သွားပါစေ နင်နဲ့ ပတ်သက်ရမှာ ရွံလို့၊ နင့်လက်နဲ့ ထိထားတာတွေကို မသဒ်ဒီလို့ ငါမလာတာ၊ နင်ပဲ လိပ်ပြာသန့်သန့်သုံးပါ၊ ငါတရားရုံးကနေ ငါ့ပိုင်ဆိုင်မှုတွေ ကို တောင်းမှာလဲမဟုတ်ဘူး၊ ဒါပေမယ့် ဒီပိုက်ဆံတွေ နင်သုံးတိုင်း ငါနဲ့လည်း ဆိုင်တယ်ဆိုတာ နင်သတိရနေရင် ငါကျေနပ်တယ်၊ နင် နိုင်လား၊ ရှုံးလား နင်အသိဆုံးဖြစ်မှာပါ"

ကိုယ် လှည့်ထွက်ခဲ့လိုက်တယ်။ သူ့ဆီက ဘာသံမှမကြားရ တော့ဘူး။ ကိုယ့်အခွေထွက်မလာတော့ပေမယ့် ကိုယ်ကျေနပ်ပါတယ်။ ကိုယ်မရှုံးဘူး။ ဘဝမှာ ကိုယ်နေတတ်ဖို့ပဲ ကြိုးစားတော့မယ်။

လွမ်းစရာဆိုလို့ ပိုးရည်နဲ့ ပတ်သက်တာတစ်ခုပါပဲ။ အရာအားလုံးဟာ အိပ်မက်အတိုင်း အရောင်လွင့်ခဲ့ပြီပေါ့ ပိုးရည်ရယ်။ ကိုယ့်ကိုယ်ကို ပြန်သွေးဖို့ ကိုယ်ကြိုးစားရဦးမယ်။ အလွမ်းတွေပေနေတဲ့ သီချင်းလေးတစ်ပုဒ်ရေးမိပြန်ရဲ့။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်အတိုင်း

* တစ်ယောက်တည်း အထီးကျန်အဖော်မဲ့ခြင်းများနဲ့အတူ ငါကျန်နေခဲ့ပြီ

ဆုံဆည်းဖို့ကို မသေချာခဲ့တော့တဲ့နောက် ငါတို့ဝေးပြီ

ငါကြိုသိပြီ အိပ်မက်များ ငါရင်ကွဲပြီ ဇာတ်လမ်းက

ဆုံးပြီ တို့တတွေ ဝေးပြီ

* ရှည်လျားလွန်းတယ် တစ်ကိုယ်ရည်လွမ်းညများ ငါပိုင်ဆိုင်ရပြီ

စိတ်ကူးနဲ့ရှူးသူ တကယ်ကို လက်တွေ့အဖြစ်က ငါနာကျင်ရပြီ

ငါကြိုသိပြီ အိပ်မက်များ ငါရင်ကွဲပြီ ဇာတ်လမ်းက

ဆုံးပြီ တို့တတွေ ဝေးပြီ

**ဇာတ်လမ်းဆုံးပြီ ငါတို့ဝေးပြီ ပြန်ဆုံခွင့်မရှိတော့ပါ

ဇာတ်လမ်းဆုံးပြီ ငါတို့ဝေးပြီ ငါကြေကွဲရင်းနဲ့သာ

ငါတို့နှစ်ဦး အချစ်များ ပြန်ဆုံခွင့်မရှိတော့ပါ

ငါတို့နှစ်ဦး အချစ်များ ငါကြေကွဲရင်းနဲ့သာ

(အိပ်မက်လေးအတိုင်း)၂ အရောင်ပြယ်လွင့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

* * * *

(၂၉)



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့မှာထိုင်နေသော ပိုးရည်မျက်ဝန်းတွေက ညှိုးငယ်ရီမှောင်နေကြသည်။ ကိုရဲ သက်ပြင်းချကာ ခပ်နွမ်းနွမ်းပြုံးပြရင်း . . .

"ဟုတ်တယ် ညီမလေး၊ သတင်းကြားတာအမှန်ပဲ၊ အခွေမထွက်ဖြစ်တော့ဘူး"

စိတ်မကောင်းဟန်လေးက ပိုးရည်မျက်နှာပေါ် ထပ်ကာဖြတ်ပြေးသွား၏။ ပြီး . . .

"ဘယ်လိုဖြစ်ကြတာလဲ ကိုရဲရယ်၊ ကိုမင်းညီကလည်း ကျွန်မ တို့ဆီ ရောက်မလာဘူး"

ပိုးရည်မျက်ဝန်းထဲမှ သံယောဇဉ် အငွေ့အသင်များကို ကိုရဲ ထပ်တွေ့လိုက်ရပြန်သည်။ မင်းညီအကြောင်း ပြောပြရန်သင့်ပြီဟု သူ သတ်မှတ်လိုက်၏။

"ပြောရရင်တော့ ခပ်ရှည်ရှည်ပဲ၊ ကျွန်တော်လည်း အရင်တုန်း က မင်းညီတို့ရပ်ကွက်ထဲမှာ နေတာပဲလေ၊ မင်းညီတို့က ချမ်းသာတယ်၊ အဖေတစ်ခု သားတစ်ခုပေါ့၊ ဒါပေမယ့် သူ့အဖေက မင်းညီအပေါ် လူသိအောင်ချစ်ပြတာမျိုး မရှိဘူး၊ အဲဒီလို ဘဝမှာ မင်းညီကြီးခဲ့ရတာ၊ သူ့မှာ ညီအစ်ကိုလိုခင်ရတဲ့ မင်းမင်းဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်၊ ဂီအပေါ်မှာ ဝါသနာတူတော့ ပိုတွဲမိကြတာပေါ့၊ အဲ . . . မင်းမင်းက ဆင်းရဲရှာတယ်"

"ဩော် . . ."

"ဆယ်တန်းအောင်ကြတော့ နှစ်ယောက်ပေါင်းပြီး သူတို့ခွေ လေးတစ်ခွေ စီစဉ်ကြတယ်၊ မင်းညီမုန့်ဖိုးတွေနဲ့ပေါ့၊ အဖိုးကြီးက စိတ်

www.burmeseclassic.com

တာတီးတာ မကြိုက်တော့ မင်းမင်းအိမ်မှာပဲ ရေးကြချတ်ကြနဲ့ပေါ့၊ အဲဒီလိုနေရင်း ကျောင်းတွေဖွင့်တော့ မင်းညီက တက္ကသိုလ်ရောက်သွားတယ်၊ မင်းမင်းက G.T.C တက်တယ်၊ အဲဒီမှာ ဖြစ်လာတာက မင်းမင်းက တစ်ခြားရပ်ကွက်က ဆေးကျောင်းသူတစ်ယောက်ကို သွားချစ်မိ တယ်၊ ဝတ်ရည်ချိုတဲ့၊ မာနကြီးတယ်၊ ပိုက်ဆံမက်တယ် ဆိုပါတော့"

"မင်းမင်းပြလို့ မင်းညီက ဝတ်ရည်ချိုကို မြင်ဖူးပေမယ့် ဝတ်ရည်ချိုက မင်းညီကို မသိဘူး၊ အတိုချုံ့ပြောရရင် မင်းမင်းနဲ့ ဝတ်ရည်ချိုတော့ ကြိုက်သွားကြတယ်၊ သိပ်မကြာဘူး ဝတ်ရည်ချိုက နောက်တစ်ယောက်နဲ့တွဲပြီး မင်းမင်းကို ထားပစ်ခဲ့တယ်၊ မင်းမင်းက တကယ်ချစ်တော့ ခံစားရတာပေါ့"

ကိုရဲမျက်ဝန်းတွေက အတိတ်ကို ရောက်နေဟန်တူသည်။ သက်ပြင်းချရင်း ဆက်ပြော၏။

"မင်းမင်းက အသဲကွဲပြီး အရက်တွေသောက်၊ ဝတ်ရည်ချိုတို့ ရပ်ကွက်ထဲမှာ ညဘက်ဂစ်တာသွားတီးဖို့ မင်းညီကိုခေါ်တယ်၊ နေ့တိုင်းလိုပဲ၊ မင်းညီပြောလဲမရဘူး၊ အင်း . . . တစ်ညတော့ . . . "

ရှေ့လမ်းထက်မှာ တံလျှပ်တွေ ခုံးမောက်လာကြသည်။

"အဲဒီညက သူတို့ဂစ်တာတီးရင်း ညနက်လာကြတယ်၊ သူများရပ်ကွက်ထဲမှာဆိုတော့ မင်းညီက ပြန်ရအောင်ပြောတယ်၊ ဒါပေမယ့် မူးနေတဲ့ မင်းမင်းက မရဘူး၊ ဝတ်ရည်ချို ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ အိမ်နားမှာအော်နေတယ်၊ မင်းညီလည်း ပြောမရတာနဲ့ စိတ်ဆိုးပြီး ထွက်လာခဲ့တယ်၊ မင်းမင်းရှေ့ကထွက်လာပြီး သိပ်မကြာဘူး၊ မင်းမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

အော်သံကို ကြားလိုက်ရတာပဲ၊ မင်းမင်းကို အဲဒီရပ်ကွက်ကကောင်တွေ ထွက်ရိုက်ကြတာ၊ မင်းညီပြေးသွားတော့ မင်းမင်းက သွေးအိုင်ထဲမှာ လဲနေပြီ၊ အဲဒီညမှာပဲ မင်းမင်းဆုံးသွားတယ်"

"ရှင် . . ."

ပိုးရည် အလန့်တကြား ဖြစ်သွား၏။ ကိုရဲက ဆက်ပြောသည်။

"ရိုက်တာကလည်း ဝတ်ရည်ချိုရဲ့အကိုနဲ့ သူ့အပေါင်းအသင်း တွေပါ၊ မင်းညီစိတ်ထဲမှာ ဝတ်ရည်ချိုအကိုလို့ထင်ပေမယ့် အမှုဖြစ် တော့ သူ့အကိုရဲ့ အပေါင်းအသင်းတစ်ယောက်က သူလုပ်တာပါဆိုပြီး ဝန်ခံတယ်၊ ထောင်လည်း ကျသွားတယ်"

"စိတ်မကောင်းစရာပဲ"

"အဲဒါတွေက အဲဒီမှာတင် ပြီးမသွားဘူး၊ မင်းညီက ဝတ်ရည်ချို ကို လက်တုန့်ပြန်ဖို့ ကြိုးစားတော့တာပဲ၊ ဝတ်ရည်ချိုကလည်း မင်းမင်း သူငယ်ချင်းမှန်း မသိဘူးလေ၊ ဒါနဲ့ ဝတ်ရည်ချိုကို ချဉ်းကပ်တော့တယ်၊ မင်းညီကလည်း သူဌေးသားရုပ်ချောဆိုတော့ ငြိကြပါလေရော၊ မင်းမင်း အပေါ်မှာ ခံစားရတဲ့စိတ်နဲ့ မင်းညီက စနစ်တကျလုပ်တာ၊ ဒိုင်ယာရီ ရေးထားပြီး ဝတ်ရည်ချိုကို လက်ထပ်ယူဖို့အထိ ဖြစ်လာတယ်၊ ယူပြီး ရင် တန့်နုံ့ အသေးစိတ်လက်စားချေဖို့ အစီအစဉ်ပဲ၊ ဒါပေမယ့် ဖြစ်ချင် တော့ အဲဒီဒိုင်ယာရီကို သူ့အဖေဖတ်မိသွားတယ်၊ သိပ်မကြာဘူး၊ မင်းညီကို နိုင်ငံခြားသွားခိုင်းတယ်၊ ဒီကောင်ကလည်း မသွားဘူး၊ နောက်ဆုံး သူ့အဖေက ဝတ်ရည်ချိုကိုယူပြီး မိန်းမအဖြစ်နဲ့ အိမ်ပေါ် ခေါ်တင်လာတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ . . ."

"ဟုတ်တယ် ညီမလေး၊ အမှန်တော့ သူ့အဖေက မင်းညီနစ် မွန်းမှာ၊ မှားမှာစိုးလို့၊ ဒီကြားထဲ ပြဿနာတွေကတော့ အများကြီးပဲ၊ မင်းမင်းကိုရိုက်တယ်လို့ သူထင်နေတဲ့ ဝတ်ရည်ချိုအကိုကလည်း အိမ်မှာလာနေတယ်၊ တစ်ရက် မင်းညီနဲ့သူ့အဖေ အကြီးအကျယ် စကားများကြပြီး မင်းညီက အိမ်ပေါ်ကဆင်းမယ်ဆိုပြီး ဖြစ်တယ်၊ လှေကားထိပ်မှာ ဆွဲလားရမ်းလားဖြစ်ရင်း မတော်တဆ သူ့အဖေလိမ့်ကျသွားတာပဲ၊ သူ့အဖေ သူ့ကြောင့် ဖြစ်ရတယ်ဆိုပြီး မင်းညီငိုနေတုန်း ဝတ်ရည်ချိုနဲ့ သူ့အကိုရောက်လာပြီး မင်းကြောင်ဖြစ်တာ . . ဘာညာနဲ့ စွပ်စွဲကြတယ်၊ အရင်တုန်းက နာကျည်းနေတဲ့အရှိန်နဲ့ မင်းညီက ဝတ်ရည်ချိုအကိုကို ဝင်ထိုးတယ်၊ သတ်ပုတ်ကြရင်း မင်းညီလက်လွန်သွားတယ်၊ သူ့လက်ချက်နဲ့ ဝတ်ရည်ချိုအကို ဆုံးသွားတယ်၊ အမှုဖြစ်တယ်၊ မင်းညီထောင်ကျတယ်၊ ပတ်ဝန်းကျင်မှာတော့ မင်းညီကပဲ သူ့အဖေကိုသတ်သလို သတင်းထွက်တော့တာပဲ၊ တကယ်တော့ အားလုံး ဟာ မှားခဲ့ကြတာပါ၊ ထောင်ကလွတ်တော့ ကျွန်တော်ပြောင်းလာတဲ့ ဒီနေရာကို မင်းညီရောက်လာခဲ့တာပဲ"

"ရင်မောစရာတွေပါလား ကိုရဲရယ်၊ အဲဒါကြောင့် ကိုမင်းညီ မပြောပြတာထင်တယ်၊ ဒါနဲ့ ခုအခွေကိစ္စကကော . . ."

"အဲဒါကလည်း ဒီအခွေအတွက် ငွေထုတ်ပေးတာ ဝတ်ရည်ချို တဲ့၊ မင်းညီလည်း ဘာမှဆက်မလုပ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

မင်းညီကိုယ်စား ပိုးရည်ပင် ရင်ထဲမောစ္ဆသွားသည်။ ကာယကံရှင်တော့ ဘယ်လောက်စိတ်ပျက်ဝမ်းနည်းနေပြီလဲမသိ။ သံယောဇဉ်ငွေ့ငွေ့က ရင်ထဲလူးလွန်းလာပြန်သည်။ မင်းညီကိုတွေ့ချင်သည့်စိတ်ကိုလည်း ထိန်းမရတော့။

"အဲဒီအခွေရဲ့ ကုန်ကျစရိတ်လောက်ကို ကျွန်မတတ်နိုင်ပါ တယ်၊ အလုပ်သဘောပဲဖြစ်ဖြစ်ပေါ့၊ ကျွန်မပြန်လျှော်ပေးပြီး ဝယ်လို့ ရမလား မသိဘူး"

ကိုရဲက ပိုးရည်ကို တအံ့တသြကြည့်သည်။ အဓိပ္ပါယ်များစွာ ကိုလည်း ရှာတွေ့သွားလေ၏။

"ရမှာပါ၊ ကိုထွန်းထွန်းနဲ့ ညှိရမှာပေါ့၊ ညီမလေးစိတ်ကိုလည်း ကျွန်တော်နားလည်ပါတယ်"

ရှက်သွေးဖြန်းပြီး ပိုးရည်ခေါင်းငုံ့ချလိုက်မိသည်။ ကိုရဲက အသာထကာ CD တစ်ချပ်ကိုယူလာပေးရင်း . . .

"ရော့ . . ဒါ မင်းညီနောက်ဆုံးသွင်းထားတဲ့ သီချင်း၊ ညီမလေး နဲ့ ပတ်သက်နေလို့ပေးတာ၊ စကားများများပြောရန်မလိုတော့ပါနဲ့ မသေရင်ရှူးမယ်ဆိုတဲ့ သီချင်းတွေလည်း . . . "

"ကျွန်မနားလည်ပါတယ် ကိုရဲရယ်"

ပိုးရည်မရှက်နိုင်တော့။ မင်းညီမျက်ဝန်းတွေကို သူမ,ဖတ်တတ် ခဲ့တာကြာခဲ့ပြီ။ ကိုရဲက ဆက်ပြော၏။

"မင်းညီစိတ်ဓါတ်ကျပြီး သူ့ကိုယ်သူ အဆုံးလို့သတ်မှတ်လိုက် တာ၊ ဒါပေမယ့် အနုပညာသမားတွေဟာ ချစ်ခြင်းကိုတော့ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

ထားတတ်ကြပါတယ်၊ သူ ခုချိန်ထိ ခိုင်မတ်နေသေးတာ ညီမလေး အပေါ်ထားတဲ့စိတ်နဲ့ပဲ”

ပိုးရည်ရင်ထဲမှာ လှိုက်လှိုက်ခါခါ ဖြစ်သွားသည်။ ကိုမင်းညီ ရယ်ဟုလည်း သုန်သုန်မောမော တမ်းတမိပြန်သည်။

“ဒါနဲ့ ခု ကိုမင်းညီ ဘယ်မှာရှိနေနိုင်လဲဟင်”

“အင်း . . သူကဗျာတစ်ပုဒ်ရေးဖူးတယ်ဗျ၊ သူ့ကိုယ်သူချီတက်
နေတဲ့ကဗျာပေါ့၊ နာမည်က တိမ်တွေကိုနမ်းမယ့် ပင်လယ်တဲ့၊ ဒီအချိန်
ဆိုရင်လည်း သူအဲဒီနေရာလေးမှာ . . . ”

(၃၀)

www.burmeseclassic.com

www.burmeseclassic.com

ဝင်လုဆဲဆဲနေလုံးကြီးကို ကိုယ်ကြည့်နေမိသည်။ ဆည်းဆာ ကလည်း ကောင်းကင်မှာ ပွင့်ဖြာနေပြီပေါ့။ ပင်လယ်လို ကြမ်းတမ်းတဲ့ ကိုယ်ဟာ ဘယ်အချိန်မှ တိမ်တွေကိုနမ်းရမှာလဲ မသိဘူးနော်။

အတွေးနဲ့ မျောလွင့်နေမိတယ်။ ခြေသံဖွဖွကြောင့် ကိုယ့်အတွေးကိုရပ်တန့်ပြီး လှည့်ကြည့်မိတယ်။

"ဟင် . . . ပိုးရည်"

ကိုယ်အရမ်းအံ့ဩသွားတယ်။ လက်ရှိအခြေအနေမှာ ပျော်ရွှင် မှုနဲ့ ဝမ်းနည်းမှုတွေဟာ ရေပြွန်းနေလေရဲ့။ ကိုယ့်စကားတွေကို မျိုသိပ်ရဦးမှာပေါ့လေ။

အရင်လို အရည်လဲ့နေတဲ့ မျက်ဝန်းတွေနဲ့ ပိုးရည် ကိုယ့်ကို ကြည့်နေတယ်။ ဒီနေရာအထိ ရောက်လာပုံထောက်ရင် ကိုရဲနဲ့ သူတွေ့ခဲ့ပြီးရောပေါ့။

ပိုးရည်က လေသံတိုးဖွဖွနဲ့ . . .

"ကိုမင်းညီ သီချင်းမဆိုတော့ဘူးဆို"

"ဆိုမှာပါ၊ ဒီအခွေကို မထုတ်တော့ဘူးလို့ပြောတာ"

"ဟင့်အင်း . . မရဘူး ဆိုရမယ်၊ ဒီအခွေလည်း ထုတ်ရမယ်"

သူ့စကားကို ကိုယ်နားမလည်ဘူး။ ဒါကြောင့် . . .

"မဖြစ်နိုင်ဘူးထင်တယ် ပိုးရည်၊ အဲဒီအခွေက . . ."

"ဖြစ်နိုင်ပါတယ်၊ ကျွန်မပြန်ဝယ်မှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

ပိုးရည် ခေါင်းလေးငုံ့ကိုင်းသွားတယ်။ ညနေရီရဲ့လေစီးထဲမှာ သူမဆံပင်လေးတွေ လွင့်ခါနေတာ အရမ်းလှတာပဲ။ ခဏနေတော့ သူ့ဆီက အသံလေးထွက်လာတယ်။ ခေါင်းကိုတော့ မဖော်သေးဘူး။

"ကျွန်မနဲ့ပတ်သက်တဲ့ သီချင်းတွေကို ကျွန်မပစ်မထားနိုင်ဘူး၊ သိရဲ့လား"

အိုး . . .။ ကိုယ့်ရင်ထဲမှာ ပျော်လိုက်တာ။ လှိုင်မောပြီး ကိုယ်ဆွံ့အနေမိတယ်။ သတိတွေ အလွတ်လွတ်နဲ့ ကိုယ်သတိရချိန်မှာ ပိုးရည်က ကိုယ့်ရင်ခွင်ထဲရောက်နေပါပြီ။ ဝင်သက်ထွက်သက်တွေက သူမပါးပြင်ပေါ် ခပ်ဖွဖွ။ ငှက်တွေ အိပ်တန်းပြန်ကြပြီ။

"ပိုးရည်ကို ကျွန်တော်ချစ်တယ်၊ စိတ်ဆိုးသွားပြီလားဟင်"

ရင်ခွင်ထဲမှ ပိုးရည်က မောလျှသံလေးနဲ့

"ခုမှ . . ."

တဲ့။ ပြီးတော့ ကိုယ့်ပခုံးကို ခပ်ဖွဖွလေး မနာအောင်ကိုက် တယ်။

"အာ . . . နာတယ် ခွေးမလေးရဲ့"

ကိုယ်အော်လိုက်တော့ ချစ်သူက ရယ်တယ်၊ ရင်ခွင်ထဲမှာ ခေါင်းလေးဝှက်ရင်း . . .

"ဘယ်တော့မှ စိတ်ဓါတ်မကျပါနဲ့ ကိုရယ်၊ ပိုးရည် ကို့အနား မှာ အမြဲအားပေးနေမှာပေါ့၊ ဟုတ်ပြီလား"

ကိုယ်ယုံပါတယ်။ ချစ်သူကို တင်းတင်းကျပ်ကျပ်ပဲ ဖက်ထားလိုက်တယ်။ ကြမ်းတမ်းခက်ထန်တဲ့ ပင်လယ်ရဲ့အနားသတ်ကို တိမ်တွေ က ငုံ့နမ်းနေကြလေရဲ့။ ဟိုး . . . အဝေးမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်မှာ ကိုယ်လည်း တိမ်တွေကိုနမ်းရမှာပေါ့။ အဲဒီအချိန် မှာ ကိုယ့်ချစ်သူဘေးနားမှာ ရှိနေဖို့ပဲ လိုတော့တယ်။

လေးစားစွာ

**လတ်တေဇအောင်**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com